www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၆၄/၂၀၀၂ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၈၆/၂၀၀၂ (၉)

●

၂၀၀၂ ခုနှစ်၊ ပထမအကြိမ်၊ အောက်တိုဘာလ
အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

●

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

●

ပုံနှိပ်သူ
ဦးသန်းဝင်း၊ ကျော်ပုံနှိပ်တိုက်
၂၃၉၊ ဓမ္မာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

●

အဖုံးပုံနှိပ်သူ
ဦးထွန်းလင်း (မြ - ၆၃၆၂)
ဖိုးဝအော့ဖ်ဆက်
အမှတ် (၁၄၇)၊ (၄၅)လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

# ဝဏ္ဏအောင်

## အမုန်းနိဂုံး

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၆၄ / ၂၀၀၂ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၇၈၆ / ၂၀၀၂ (၉)

●

ပထမအကြိမ်၊ ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၀၀ ကျပ်

●

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

●

ပုံနှိပ်သူ
ဦးသန်းဝင်း(ကျော်ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

●

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း(ဇိုးဝအော့ဖ်ဆက်)
အမှတ် ၁၄၇၊ ၄၅–လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC

# ထိပ်သီးသိုင်းသမား

သိုင်းလောကတွင် သိုင်းပညာထက်မြက် ထူးချွန်သော သိုင်းသမားများစွာ ရှိကြသည့်အနက် ပြိုင်စံရှားသည်ဟု သိုင်းလောကတစ်ခုလုံး၏ သတ်မှတ်ခြင်းခံရသော သိုင်းသမားကား များများစားစားရှိကြသည်တော့ မဟုတ်ချေ။

အတွင်းအားပညာနှင့် ပတ်သက်လျှင် မိုးထိတောင် အဘိုးအို... ။

ကိုယ်ဖော့ပညာနှင့် ပတ်သက်လျှင် ကြယ်တံခွန်...

ဓားပညာနှင့် ပတ်သက်လာလျှင်မူ ငူးတန်တောင်မှ မုရသေ့...

လက်နက်ပုန်းပညာဆိုလျှင် ခရေပွင့်တောင်ကြားပိုင်ရှင် စသည် စသည်ဖြင့် လှည်းနေလှေအောင်း မြင်းဇောင်း မကျန်အောင်ပင် ထင်ရှားသော သိုင်းသမားများ ရှိကြလေသည်။

ထိုသိုင်းသမားကြီးများသည် လူသိများသလို သိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပညာအလွန်ထူးချွန်သူများလည်း ဖြစ်ကြလေသည်။

ယိုသိုင်းသမားကြီးများကဲ့သို့ နာမည်ကျော်ကြားခြင်း မရှိဘဲ သိုင်းပညာထူးချွန်သော ရွက်မုန်းသီးသိုင်းသမားများလည်း ရှိကြသေးသည်။

ရွက်မုန်းသီးသိုင်းသမားများအကြောင်းကိုမူ လူတိုင်းက သိနိုင်ကြမည်မဟုတ်ပါ။

မြွေမြွေချင်း ခြေမြင်ဆိုသကဲ့သို့ ဝါရင့်သိုင်းသမားကြီးများသာလျှင် ရိပ်မိကြ၊ သိကြပေသည်။

လူတိုင်းမသိဘဲ ထိပ်သီးများ ဝါရင့်သိုင်းသမားများသာ သတိထားမိသော ရွက်မုန်းသီးသိုင်းသမားများအနက် သွေးအေးသိုင်းသမားနှင့် မင်းသားလေးတို့သည် ထိပ်ဆုံးမှ ပါဝင်နေသည်။

သိုင်းသမား ငူးရီနှင့် မင်းသားလေး စန်းတုံးတို့သည် သိုင်းလောကတွင် နေထိုင်ကာ ကျင်လည်ကျက်စားမည်ဆိုပါက သိုင်းထိပ်သီးဆယ်ယောက်စာရင်း၌ ချက်ချင်းပါဝင်သွားလိမ့်မည်ဟု သိုင်းပါရဂူများက ခန့်မှန်းကြလေသည်။

သို့သော်...

သိုင်းသမားငူးရီနှင့် မင်းသားလေး စန်းတုံးတို့သည် သိုင်းလောကတွင် ကျင်လည်ကျက်စားရန် ဘယ်တုန်းကမှ စိတ်မကူးခဲ့ပြသဖြင့် သူတို့၏အမည်များမှာ သိုင်းလောကတွင် ထင်ရှားကျော်ကြားလာခြင်းမရှိတော့ချေ။

သူတို့အား သိုင်းလောကသားများက မသိကြတော့ချေ



မြို့စွန်တွင် သေးငယ်သော စားသောက်ဆိုင်တစ်ဆိုင် ရှိလေသည်။

ဆိုင်ထဲ၌လူသူကင်းရှင်းနေပြီး စားပွဲတစ်လုံး၌မျက်နှာချင်းဆိုင်ထိုင်ကာ စားသောက်နေသူ နှစ်ယောက်သာရှိလေသည်။

ထိုလူနှစ်ယောက်မှာ အသက်သုံးဆယ်ပတ်ဝန်းကျင်ရှိပြီး ချည်ကြမ်းအင်္ကျီများ ဝတ်ဆင်ထားကြရာ ကျေးတောသားများအသွင်ရှိနေကြပါတော့သည်။

ခေါက်ဆွဲကြော်၊ အသီးအရွက်ကြော်နှင့် အသားဟင်းတစ်ခွက်ကို အရက်အိုးတစ်အိုးနှင့် တွဲဖက်ကာ စားသောက်နေကြခြင်းဖြစ်လေသည်။

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ ခန္ဓာကိုယ်ပိန်ပိန်ပါးပါး အသားအရည်ဖြူဖပ်ဖြူရော်ရှိပြီး ရုတ်တရက်ကြည့်လျှင် လူမမာတစ်ယောက်ဟု ထင်ရမည်ဖြစ်လေသည်။

သို့သော်...

ထိုလူမှာ လူမမာမဟုတ်ဘဲ ကျန်းမာသန်စွမ်းပြီး စိတ်ဓာတ်အလွန်ကြံ့ခိုင်သူဖြစ်ကြောင်း အရောင်တဖိတ်ဖိတ်တောက်ပနေသော မျက်လုံးများက ဖော်ပြနေပေသည်။

ထိုလူနှင့် မျက်နှာချင်းဆိုင်ထိုင်နေသူကား ရဲတင်း ဖျတ်လတ်သည့်အသွင်ရှိပြီး သိုင်းပညာတတ်မြောက်ထားပုံရလေသည်။

ထိုလူရွယ်ကပင် စားသောက်ရင်း စကားစလိုက်လေသည်။

"ငူးရီ... ခိုင်ဖုံးမြို့ကို မင်း တကယ်သွားမှာလား..."

လူမမာမဟုတ်သော ငူးရီ ဆိုသည့်လူရွယ်က ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ညိတ်လိုက်သည်။

"ငါ ဆုံးဖြတ်ပြီးပြီ... ကျင်းရှောင်... "

"အဲဖြင့်... မင်းဟာ သိုင်းလောကထဲမှာ ကျင်လည်ကျက်စားတော့မယ်ပေါ့... ဟုတ်လား... "

ကျင်းရှောင်ဆိုသော လူရွယ်၏အမေးစကားကြောင့် ဝူးရှိဆိုသောလူရွယ်က ရယ်မောလိုက်လေသည်။

"ငါဟာ သိုင်းလောကထဲမှာ သိုင်းသမားတစ်ယောက်အဖြစ်ခံယူပြီး... ကျင်လည်ကျက်စားဖို့ ဘယ်တုန်းကမှ စိတ်မကူးဘူးဆိုတာ... နားလည်ထားစမ်းပါ... "

ကျင်းရှောင် သက်ပြင်းချလိုက်သည်။

"အဲဖြင့်... နေ့စဉ်နေ့တိုင်း မင်း သိုင်းပညာလေ့ကျင့်နေတာကရော... "

"ငါက ဝါသနာပါတာကို လုပ်တာပါ... တချို့က ငါးမျှားတယ်... တချို့က စာပေလက်ာ ရေးဖွဲ့ကယ်... ဘယ်သူမဆို ကိုယ်ဝါသနာပါတာကို လုပ်တတ်ကြတာပဲ မဟုတ်လား... "

ကျင်းရှောင်က ဝူးရှိအား စိုက်ကြည့်လိုက်လေသည်။

"ဝူးရှိ... သိုင်းလောကထဲမှာ ကျင်လည်ကျက်စားနေကြတဲ့ သိုင်းသမားတွေတောင်မှ မင်းလောက် သိုင်းပညာဝါသနာပါကြမယ်မထင်ဘူး... မင်းရဲ့ဘဝတစ်ခုလုံးကို သိုင်းပညာထဲမှာပဲ နစ်မြှုပ်ထားခဲ့တယ်ဆိုတာ ငါသိပါတယ်... မင်း ဘာကြောင့်များ သိုင်းသမားအဖြစ်ကို လက်မခံချင်ရတာလဲ... မင်းသာ သိုင်းသမားလုပ်မယ်ဆိုရင် လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားသွားမှာ မြေကြီးလက်ခတ်မလွဲဘူး... "



ဝူးရှိ ပြုံးလိုက်သည်။

"ငါက အောင်မြင်ကျော်ကြားမှုကို မလိုလားလို့ သိုင်းသမားအဖြစ်ကို မခံယူခဲ့တာပေါ့... ကျော်ကြားမှုရဲ့နောက်ကွယ်မှာ ကြောက်စရာကောင်းတဲ့ အန္တရာယ်ဆိုးတွေ ကပ်ပါလာမှာပဲ မဟုတ်လား... တောင်ပေါ်မှာပဲ အေးအေးနေပြီး... သိုင်းပညာ တီထွင်နေတာပဲ ကောင်းပါတယ်ကွာ... "

ကျင်းရှောင်က ခေါင်းခါယမ်းလိုက်လေသည်။

"ဘာပဲဖြစ်ဖြစ်... မင်း သိုင်းပညာ ဝါသနာပါတာ သိုင်းကွက်တွေ တီထွင်လေ့ကျင့်နေတာ... မင်းရဲ့ဘဝတစ်ခုလုံးကို မြှုပ်နှံထားတာတွေဟာ ဘာမှ အဓိပ္ပာယ်မရှိဘူး ဖြစ်နေတာပေါ့"

ဝူးရှိ လက်ကာပြလိုက်သည်။

"သည်လိုလည်း မဟုတ်သေးပါဘူးလေ... ငါ တီထွင်လေ့ကျင့်ထားတဲ့ပညာတွေဟာ တစ်နေ့မှာ သိုင်းလောကကြီးကို အကျိုးပြုနိုင်ဦးမှာပါ... "

"အင်း... အဲဒီအချိန်ရောက်လာတဲ့အထိ စောင့်ကြည့်ရဦးမှာပေါ့လေ... မင်း အခု ခိုင်ဖုံးကို သွားမှာ... ခိုင်ဖုံးမှာ ကျင်းပမယ့် သိုင်းပြိုင်ပွဲကို သွားကြည့်မလို့ မဟုတ်လား... "

"ဟုတ်တယ်လေ... သိုင်းလောကကြီးဟာ အမြဲတမ်း တိုးတက်ပြောင်းလဲနေတာပဲ... ငါက တောင်ပေါ်မှာပဲနေတယ်ဆိုတော့ သိုင်းလောကနဲ့ အဆက်ပြတ်နေတာပေါ့... သိုင်းလောကမှာ ကျင်းပတဲ့ သိုင်းပြိုင်ပွဲတွေကို ကြည့်ရမှသာ ဘယ်လိုအခြေအနေရှိသလဲဆိုတာ သိနိုင်တော့မှာပေါ့... "

ကျင်းရှောင် ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး... ခိုင်ဖုံးက ပြန်လာရင်တော့ သိုင်းလောကဟာ အင်မတန် စိတ်ပျက်စရာကောင်းတယ်ဆိုတဲ့ ညည်းညူသံကို မကြားရပါစေနဲ့ကွာ... "

ဝူးရိလည်း ရယ်မောလိုက်လေသည်။

သိုင်းလောကသို့ ထင်ရှားသော သိုင်းပြိုင်များ ကျင်းပပြုလုပ်သောအခါ လေ့လာရန် ဝူးရိက သွားရောက်ကြည့်ရှုလေ့ရှိပြီး ပြိုင်ပွဲမှပြန်လာလျှင် သိုင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်သူများ အသုံးပြုခဲ့ကြသော ပညာရပ်များမှာ အားရကျေနပ်ဖွယ်ရာမရှိဟူ၍ ဝူးရိက ညည်းတွားတတ်လေသည်။

သိုင်းလောကသို့ ထိပ်သီးသိုင်းသမား အများအပြားရှိနေသော်လည်း သူတို့၏သိုင်းပညာနှင့် ပတ်သက်၍ ဝူးရိက စိတ်ပျက်မိလေသောကြောင့် သူ၏သိုင်းပညာအခြေအနေ မည်သို့ရှိသည်ကို မှန်းဆနိုင်မည် ဖြစ်သည်။

ဝူးရိသည် ရွက်ပုန်းသီးသိုင်းသမားများအနက် သွေးအေးသိုင်းသမားဟု အမည်ရသူဖြစ်နေပေသည်။

ကျင်းရှောင်သည် အစားအသောက်ကို လက်စသတ်လိုက်သလို စကားကိုလည်း လက်စသတ်လိုက်လေသည်။

"မင်း ခိုင်ဖုံးကိုသွားတဲ့အချိန် တောင်ပေါ်မှာ ငါ တစ်ယောက်တည်း ပျင်းပျင်းနေတော့မှာပဲ... မင်း မရှိတော့လည်း သိုင်းပညာနဲ့ပတ်သက်တဲ့ အကြောင်းတွေ မကြားရတော့... နားညည်းသက်သာတာပေါ့ကွာ... အိပ်လိုက်စားလိုက်နဲ့ စိမ်ယူနေရမှာပဲ... မြို့လယ်က ကုန်စုံဆိုင်မှာ ငါမှာထားတဲ့ လိုအပ်တဲ့ပစ္စည်းတွေ ရလောက်ပြီ... ငါ သွားတော့မယ်... "



ဝူးရိ ခေါင်းညိတ်လိုက်သည်။

"အေးလေ... သည်ရက်ပိုင်းမှာ မင်းနား အေးအေးနေရတော့မယ်... ငါပြန်လာရင်တော့ နားညည်းပြီသာ မှတ်ပေတော့"

ကျင်းရှောင်သည် ဝူးရိ၏စကားကို သဘောကျသွားသည့်အလား တဟားဟား ရယ်မောကာ ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

ဝူးရိလည်း ထိုင်ရာမှ ထလိုက်သည်။

ဆိုင်လုလင်ကိုခေါ်ကာ ကျသင့်ငွေကို ပေးချေပြီး ဆိုင်မှ ထွက်လာခဲ့သည်။

ဆိုင်အပြင်ဘက်ရောက်လျှင် ကောင်းကင်ပေါ် မော့ကြည့်လိုက်လေသည်။

တစ်ဖန်...

"ခိုင်ဖုံးပြိုင်ပွဲဟာ စိတ်ဝင်စားစရာကောင်းတဲ့ ပြိုင်ပွဲဖြစ်မှာတော့... "

ဟူ၍ တီးတိုးရေရွတ်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## မင်းသားလေး

"ဂျိန်း…. "

မိုးခြိမ်းသံထွက်ပေါ်လာသည်။

ကောင်းကင်ပေါ်တွင် လျှပ်နွယ်လျှပ်ပန်းများ ဝင်းလက်တောက်ပသွားသလို တိမ်ညိုတိမ်မည်းများ အလိပ်လိုက် အလိပ်လိုက် တက်လာသည်။

လေအေးများလည်း တဟူးဟူးမြည်ကာ တိုက်ခတ်လာသည်။

အချိန်အခါမဟုတ်ဘဲ မိုးသက်လေပြင်းကျရောက်လာတော့မည် ဖြစ်လေသည်။

စန်းတုံးသည် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်ပြီး စိတ်ပျက်စွာ ညည်းတွားလိုက်လေသည်။

"သည်အတိုင်းဆိုရင် မိုးမချုပ်ခင် နိုင်ဖုံးမြို့ကို ရောက်ဖို့ မလွယ်တော့ဘူး… "



သူက နိုင်ဖုံးမြို့မှ ဘိုင်းပြိုင်ပွဲကြည့်ရန် ခရီးထွက်လာခဲ့ခြင်း ဖြစ်လေသည်။

လမ်းခရီး၌ မိုးသက်လေပြင်းကျရောက်မည့် အခြေအနေနှင့် ကြုံလိုက်ရသောအခါ ခရီးဖင့်မည်ဟု တွေးပြီး စိတ်ပျက်သွားခြင်းလည်း ဖြစ်လေသည်။

တောလမ်းခရီးမှ ဖြတ်သန်းလာသည်ဖြစ်၍ လူနေအိမ်ခြေမရှိ လူပြတ်သောနေရာသို့ ရောက်လာခြင်းလည်း ဖြစ်ပါတော့သည်။

စန်းတုံးသည် စိတ်ပျက်လက်ပျက်ဖြင့် ရှေ့ဘက်လှမ်းကြည့်ရာမှ ဝါးသုံးရိုက်ခန့်သွားမိသည့်အခါ လမ်းဘေး၌ ပျက်စီးယိုယွင်းနေသော နတ်ကွန်းပျက်ကြီးတစ်ခု ရှိနေသည်ကို တွေ့ဆုံတ်ရလေသည်။

စန်းတုံး ဝမ်းသာသွားသည်။

"မိုးခိုစရာနေရာတော့ တွေ့ပြီ… "

ချက်ချင်းပင် နတ်ကွန်းပျက်ဆီသို့ ဦးတည်သွားလိုက်လေသည်။

ထိုစဉ်…

"ဂျိမ်း… "

မိုးခြိမ်းသံများ ထပ်မံထွက်ပေါ်လာသကဲ့သို့ မိုးစက်မိုးပေါက်များ ကျဆင်းလာလေသည်။

စန်းတုံးသည် နတ်ကွန်းပျက်ထဲသို့ လှမ်းဝင်လိုက်ခြင်းဖြင့် မိုးရေစက်များကို ရှောင်ရှားနိုင်လိုက်သည်။

နတ်ကွန်းပျက်ထဲရောက်လျှင် သူ့ထက်အလျင် မိုးကို

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ရှားကာ မှိုးခိုနေကြသူများ ရှိနေကြောင်း တွေ့မြင်လိုက်ရလေသည်။

နတ်ကွန်းပျက်ထဲ၌ အလဲလဲအပြိုပြို ကျိုးပဲ့ပျက်စီးနေသော နတ်ရုပ်တုများ ရှိနေသည်။

ပဲရိဘောဂအဟောင်းအပျက်များ ပင့်ကူပိုးမျှင်အိမ်များဖြင့် ရှုပ်ပွနေ၏။

ခြေတစ်ချောင်း ကျိုးနေသော စားပွဲတစ်လုံး၌ လူသုံးယောက် ဝိုင်းဖွဲ့ထိုင်နေကြသည်။

ထိုလူသုံးယောက်မှာ လက်နက်ကိုယ်စီဆောင်ထားကာ ကိုယ်ကြပ်အကျႌများ ဝတ်ဆင်ထားခြင်းကြောင့် သိုင်းသမားများဖြစ်ကြောင်း ထင်ရှားလေသည်။

စန်းတုံးသည် ထိုလူသုံးယောက်အား တစ်ချက်ဝေ့ကြည့်လိုက်၏။

သူ၏မျက်နှာ တည်သွားသလို မျက်ခုံးတစ်ချက်တွန့်သွားလေသည်။

ပုံမှန်မဟုတ်သော အခြေအနေမျိုးနှင့် ကြုံရတိုင်းအလိုလိုမျက်ခုံးတွန့်သွားတတ်သည်မှာ စန်းတုံး၏အကျင့်ပင်ဖြစ်လေသည်။

အေးစိမ့်သောလေများသည် နတ်ကွန်းပျက်ထဲသို့ ကြိုကြိုကြားကြားမှ တိုးဝင်လာသည်။

မိုးဖွဲကလေးများလည်း ကျဆင်းလာသည်။

ဝိုင်းဖွဲ့ထိုင်နေကြသော သိုင်းသမားသုံးယောက်သည် စန်းတုံးအား မျက်တောင်မခတ် ကြည့်နေကြသည်။

စားပွဲ၌ ထိုင်ခုံတစ်လုံး လွတ်နေ၏။



စန်းတုံး ပြုံးလိုက်လေသည်။

"ထိုင်ခုံတစ်လုံး လွတ်နေပါလား... အတော်ပဲ... "

သူတစ်ယောက်တည်းဆိုလျှင် ကြမ်းပြင်ပေါ်၌ ထိုင်ရလျှင်လည်း အကြောင်းမဟုတ်ပါ။

သူ့ထက်အလျင် ရောက်နေသူများက ထိုင်ခုံများဖြင့် ထိုင်နေကြပြီး သူက ကြမ်းပြင်ပေါ်ထိုင်ရမည်ကိုမူ သူက လက်ခံမည်မဟုတ်ပါ။

ထို့ကြောင့်လည်း လွတ်နေသော ထိုင်ခုံဆီသို့ လှမ်းသွားလိုက်ခြင်း ဖြစ်လေသည်။

ဤတွင် ပြဿနာ စတင်ဖြစ်ပေါ်လာလေတော့သည်။

"မင်း ဒုက္ခရောက်ချင်လို့လား... "

သိုင်းသမားတစ်ယောက်က ပြောလာလေသည်။

စန်းတုံးက ထိုလူကိုကြည့်လိုက်သည်။

"ကျုပ် ဘာကြောင့် ဒုက္ခရောက်ရမှာလဲ... "

"မင်း သိချင်ရင် ထိုင်ကြည့်လိုက်ပေါ့... "

"ဪ... "

စန်းတုံး ပြုံးလိုက်သည်။

ရှေ့ဘက်လှမ်းသွားပြီး လွတ်နေသောထိုင်ခုံ၌ ထိုင်ချရန် ဟန်ပြင်လိုက်လေသည်။

"ချွမ်း... "

စန်းတုံးအား ဒုက္ခရောက်မည်ဟု ပြောခဲ့သော သိုင်းသမား၏လက်တစ်ဖက် လှုပ်ရှားသွားကာ ခါး၌ချိတ်ထားသော ဓားသည် လက်ထဲရောက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားကိုလမ်းညွှန်သည့်အနေအထားဖြင့် ရှေ့သို့ ဆန့်ထုတ်ထားရာ စန်းတုံးက ထိုင်ခုံ၌ထိုင်ချရန် ကြိုးစားလျှင် ဓားကို ရင်ဝဖြင့် ဝင်ထိုးလိုက်သလို ရှိပေလိမ့်မည်။

စန်းတုံး၏ခြေလှမ်း ရပ်မသွားပါ။

ရှေ့ဆက်တိုးပြီး ထိုင်ခုံ၌ ထိုင်ချလိုက်၏။

ဆန့်တန်းထားသော ဓားသည် သူ၏ရင်ဝကို ထိုးမိခြင်း မရှိဘဲ ဘေးသို့ လွဲချော်သွားလေသည်။

ဓားကိုင်ထားသောသိုင်းသမားကိုယ်တိုင်ပင် ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူ၏ဓားကို စန်းတုံးက ပုတ်ထုတ်လိုက်ခြင်းဖြစ်ကြောင်း သိလိုက်သော်လည်း မည်သို့မည်ပုံ ပုတ်ထုတ်လိုက်သည်ဟု မပြောနိုင်အောင် ဖြစ်နေ၏။

စန်းတုံးသည် ထိုင်ခုံ၌ ဟန်ကျပန်ကျထိုင်ချပြီးသား ဖြစ်သွားလေသည်။

ဓားကိုင်ထားသူ၏အဖော်နှစ်ယောက်လည်း ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။

ဓားကိုင်ထားသူက ဆက်လက်တိုက်ခိုက်ခြင်း မပြုဘဲ ဓားကို ရုပ်သိမ်းလိုက်သည်။

စန်းတုံးကို စိုက်ကြည့်ကာ ပြောလိုက်သည်။

"မိတ်ဆွေဟာ သိုင်းပညာရှင်တစ်ယောက် ဖြစ်နေတာကိုး... ဘယ်ဂိုဏ်း ဘယ်အဖွဲ့ကလဲ... မိတ်ဆွေရဲ့နာမည် ဘယ်လိုခေါ်သလဲ... ပြောပြနိုင်မလားဗျာ... "



စန်းတုံး ရယ်ချင်စိတ် ဖြစ်ပေါ်လာသည်။

သူ့အား အထင်သေးစွာတိုက်ခိုက်ပြီး အခြေအနေမဟန်တော့မှ မိတ်ဆွေဟုခေါ်ကာ နာမည်မေးလာသည် မဟုတ်ပါလား။

"ကျုပ်နာမည် ပြောပြလည်း ခင်ဗျားတို့သိမှာမှ မဟုတ်ဘဲ... "

အမှုမထားသော လေသံဖြင့် ပြောလိုက်လေသည်။

ထိုလူသုံးယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြပြီးမှ စန်းတုံးအား အကဲခတ်ကြည့်လိုက်ကြလေသည်။

စန်းတုံးသည် အဖိုးတန်ပိုးဖဲအင်္ကျီဝတ်ဆင်ထားသည်။ မင်းညီမင်းသားလေးပမာ ရုပ်ရည်ရူပကာ ချောမောသူဖြစ်သည်။

ချမ်းသာကြွယ်ဝသော မိဘမျိုးရိုးမှ ဆင်းသက်လာသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည်။

သိုင်းသမားသုံးယောက်သည် စန်းကုံးမှာ မည်သူမည်ဝါဖြစ်ကြောင်း စဉ်းစားလိုက်ကြသော်လည်း စဉ်းစား၍မရချေ။

ဓားကိုင် တိုက်ခိုက်ခဲ့သော သိုင်းသမားက တီးတိုးပြောလိုက်သည်။

"သူ့ရဲ့သိုင်းပညာ မခေဘူး... ဒါပေမယ့် သူ ဘယ်သူလဲဆိုတာ စဉ်းစားလို့မရဘူး... "

"သူဟာ အဆင့်အတန်းမြင့်တဲ့လူတစ်ယောက် ဖြစ်လိမ့်မယ်... "

"ဟုတ်တယ်... သူနဲ့ရန်သူ မဖြစ်တာ အကောင်းဆုံးပဲ"

ကျန်နှစ်ယောက်ကလည်း ထောက်ခံပြောဆိုလိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

သုံးယောက်သား စိတ်ထားပြောင်းလဲသွားပြီး ကို
ကိုယ်ကို မိတ်ဆက်လိုက်ကြလေသည်။

ဓားကိုင်တိုက်ခိုက်ခဲ့သူကပင် လက်နှစ်ဖက်ဆုပ်က
ဦးညွတ်လိုက်လေသည်။

"ကျုပ်နာမည် လုံတပါ... သူတို့နှစ်ယောက်ကတေ
လုံ့ယိနဲ့ လုံအော့ လို့ခေါ်ပါတယ်... အရှေ့ပိုင်းနဂါးသုံးဖော်လို့
ရင် သိုင်းလောကတစ်ခုလုံး သိကြပါတယ်ဗျာ... "

စန်းတုံးက ပြုံးလိုက်သည်။

"လက်စသတ်တော့ ခင်ဗျားတို့ဟာ နာမည်ကြီး သို
သမားတွေကိုး... ကျုပ်နာမည်ကတော့ စန်းတုံးလို့ခေါ်ပါတယ်

"စန်းတုံး... "

"ဟုတ်ပါတယ်... "

နဂါးသုံးဖော် တစ်ယောက်ကိုတစ်ယောက် ကြည့်လို
ကြလေသည်။

စန်းတုံးဟူသောအမည်ကို သိုင်းလောက၌ တစ်ကြ
တစ်ခါမျှ မကြားဖူးခြင်းကြောင့် ဖြစ်လေသည်။

လုံတက မေးလိုက်သည်။

"မိတ်ဆွေလေးရဲ့ဆရာဟာ ဘယ်သူများလဲဗျာ... "

စန်းတုံး ပခုံးတွန့်လိုက်သည်။

"ကျုပ်ရဲ့ဆရာတွေကတော့ အများကြီးပဲ... ပြောပြ
ကုန်နိုင်မှာတောင်မဟုတ်ဘူး... ပြီးတော့... ခင်ဗျားတို့လည်း



ကြမှာမဟုတ်တဲ့အတူတူ မပြောပြဘဲနေတာ အကောင်းဆုံးပဲ
မဟုတ်လားဗျာ... "

နဂါးသုံးဖော် အောင့်သက်သက် ဖြစ်သွားကြလေသည်။

စန်းတုံးသည် သူတို့ထက် အသက်ငယ်သော်လည်း ထူးခြားသူတစ်ယောက်ဟု ရိပ်မိလိုက်ကြသဖြင့် ကောင်းမွန်စွာ ဆက်ဆံလိုက်ကြခြင်း ဖြစ်လေသည်။

စန်းတုံးက သူတို့အား လုံးဝအမှုမထားဘဲ အထင်သေးသည့်သဘောဖြင့် ဆက်ဆံနေသည်ကို ရိပ်မိလိုက်ကြသောအခါ အောင့်သက်သက်ဖြစ်သွားကြလေသည်။

နဂါးသုံးဖော်အနက် အကြီးဆုံးဖြစ်သော လုံတက စန်းတုံးအား စိုက်ကြည့်လိုက်သည်။

"ကျုပ်တို့ဟာ သိုင်းလောကထဲမှာ ကျက်စားခဲ့ကြတာ အတော်ကြာပါပြီ... မိတ်ဆွေလေးလို ထူးခြားတဲ့လူစားမျိုးမတွေ့ဖူးသေးပါဘူး... သိုင်းလောသားမှန်လျှင် ကိုယ့်ဆရာရဲ့နာမည်ကို ပြောခဲ့ရမှာပေါ့... မပြောရဲရင်တော့ မိတ်ဆွေလေး သိုင်းလောကကြီးက လက်ခံကြမယ်မထင်ဘူး... "

သူ၏စကားအဆုံးတွင် စန်းတုံးက ရယ်မောလိုက်လေသည်။

"ဟား... ဟား... ဟား... "

သူ၏ရယ်သံသည် အားကောင်းစပြုလာနေပြီဖြစ်သော မိုးထဲလေထဲကို ထိုးဖောက်ထွက်ပေါ်လာသည်။

နဂါးသုံးဖော်မှာ စန်းတုံး၏ပမာမခန့် အပြုအမူကို ဆက်

www.burmeseclassic.com

www.burmeseclassic.com



၍ သည်းမခံနိုင်အောင် ဖြစ်လာတော့သည်။

စန်းတုံးက ရယ်မောလိုက်ပြီးမှ ပြောလိုက်သည်။

"သိုင်းလောကသားတွေက လက်မခံလည်း ကျုပ်က မမှုပါဘူးဗျာ... ကျုပ်ဟာ သိုင်းလောကသားလည်း မဟုတ်ဘူး... သိုင်းလောကထဲမှာ ကျင်လည်ကျက်စားဖို့လည်း ဘယ်တုန်းကမှ စိတ်မကူးခဲ့ဘူး... ကျုပ်ကို သိုင်းသမားတစ်ယောက်လို့ ပြောမှာကိုတောင် တွေးပြီး စိုးရွံ့နေတဲ့လူဆိုတာ နားလည်ထားကြပါဗျာ"

နဂါးညီနောင်မှာ တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်မိကြပြန်သည်။

စန်းတုံးနှင့် ပတ်သက်၍ စိတ်ဆိုးရခက်၊ စိတ်မဆိုးရခက်၊ မည်သို့နားလည်ရမှန်း မသိအောင် ဖြစ်လာလေတော့သည်။

လုံတက မေးလိုက်သည်။

"မိတ်ဆွေလေးဟာ သိုင်းလောကသားတစ်ယောက် မဟုတ်ဘူးဆိုပါတော့... "

စန်းတုံးက ပြုံးလိုက်သည်။

"ကျုပ် ပြောပြီးပါပြီဗျာ... "

"ဒါထက်... မိတ်ဆွေလေးဟာ သိုင်းပညာတတ်မြောက်ထားတယ်ဆိုတာ ကျုပ်တို့သိတယ်... ကျုပ်တို့ကို လိမ်ဖို့ မကြိုးစားပါနဲ့ဗျာ... "

လုံတသည် စန်းတုံး မည်နည်းနှင့်မျှ ငြင်းမရနိုင်တော့ဟု ယုံကြည်ထားလေသည်။

စန်းတုံး ပခုံးတွန့်လိုက်သည်။



"ခင်ဗျားတို့ဟာ သိုင်းလောကမှာ ကျင်လည်ကျက်စားနေတာ သမ္မာရင့်နေပါပြီ... ခုထိ သိုင်းသမား သိုင်းလောကသားနဲ့ သိုင်းပညာဆိုတာကို မခွဲခြားတတ်ကြသေးဘူးလား... "

လုံတ မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ် ဘာကြောင့် မခွဲခြားတတ်ရမှာလဲ... ခွဲခြားတတ်လို့သာ မိတ်ဆွေလေးဟာ ထိပ်တန်းသိုင်းပညာ တတ်မြောက်ထားပေမယ့် လိပ်လိုခေါင်းဝှက်ထားတဲ့ လူတစ်ယောက်ဆိုတာ ရိပ်မိတာပေါ့... "

စိတ်အချဉ်ပေါက်လာသဖြင့် သာသာနှင့်နာနာ နှက်လိုက်လေသည်။

စန်းတုံးက ရယ်မောလိုက်ပြန်သည်။

"ခင်ဗျားသာ ထိပ်သီးအဆင့်ကို ရောက်လာရင် သိုင်းပညာနဲ့ သိုင်းလောကသား ခင်ဗျားတို့ပြောနေတဲ့ သိုင်းသမားဆိုတာ တခြားစီပဲဆိုတာ ခွဲခြားပြီး သိလာပါလိမ့်မယ်... ကဲ... သည်အကြောင်းတွေ ဆက်မပြောတာ ကောင်းပါလိမ့်မယ်ဗျာ... "

လုံတ မခံချိမခံသာ ဖြစ်နေသည်။

သူတို့အား ထိပ်သီးအဆင့်သို့ မရောက်သေးဟုပြောသည်မှာ မှန်သည့်တိုင် အထင်သေး နှိမ့်ချသည့်သဘော သက်ရောက်နေသည် မဟုတ်လား။

စန်းတုံးသည် အကဲခတ်ရခက်သော လူစားမျိုးဖြစ်ကြောင်း နားလည်လိုက်ပြီး အဖော်နှစ်ယောက်ကို ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင်...

"မိုးခိုစရာလည်း ရှိတယ်... စကားပြောဖို့ အဖော်တွေလည်း ရှိတယ်... အတော့်ကို သဘောကျစရာကောင်းတဲ့ နေရာပဲ... "

ကျယ်လောင်သောစကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

## ရွက်ပုန်းသီး

"ဂျိန်း... "

မိုးခြိမ်းသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လျှပ်နွယ်လျှပ်ပန်းများ ဖြိုးခနဲ ဖျတ်ခနဲ ဝင်းလက်သွားပြီး လေပြင်းများက တဟူးဟူးမြည်ကာ တိုက်ခတ်လာပြီး မိုးသီးမိုးပေါက်များ ကျဆင်းလာသည်။

အချိန်အခါမဟုတ်ဘဲ မိုးသက်လေပြင်းကျရောက်လာလေသည်။

စန်းတုံးမှာ နတ်ကွန်းပျက်ကြီးထဲ ရောက်ရှိနေပြီး မိုးခိုနိုင်သည်ဖြစ်၍ ဝမ်းသာနေသည်။

နတ်ကွန်းပျက်ကိုသာ မတွေ့ရလျှင် သူ၏တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားမည်ဖြစ်ပြီး မိုးရွာထဲ၌ ခရီးဆက်နေရပေလိမ့်မည်။

နတ်ကွန်းပျက်အတွင်း၌ စန်းတုံး၊ နဂါးသုံးဖော်တို့အပြင် နောက်ထပ် မိုးခိုမည့်သူရောက်ရှိလာပြီဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ မီးခိုးရောင်ဝတ်ဆင်ထားသော အဘိုးအို တစ်ယောက်ဖြစ်လေသည်။

ထိုအဘိုးအို၏ဦးခေါင်းတစ်ခုလုံး ဆံပင်ဖြူများ ဖွေးဖွေးလှုပ်နေပြီး မျက်ခုံးမွေးများပါ ဖြူဖွေးနေပါပေသည်။

စန်းတုံးသည် ထိုအဘိုးအိုအား တွေ့မြင်လိုက်ရသော်လည်း မမြင်ချင်ဟန်ဆောင်နေလိုက်လေသည်။

နဂါးသုံးဖော်ကမူ လှုပ်လှုပ်ရှားရှားဖြစ်သွားကြပြီး ချက်ချင်း ထိုင်ရာမှ ထလိုက်ကြသည်။

သုံးယောက်သား အဘိုးအိုအား ဦးညွှတ်ဂါရဝပြုလိုက်ကြ၏။

"ဆရာကြီးလီစုကို ခုလိုမမျှော်လင့်ဘဲ တွေ့ရမယ်မထင်မိပါဘူး... တွေ့ရတာ ဝမ်းသာဂုဏ်ယူမိပါတယ် ခင်ဗျာ... "

"ဆရာကြီးကို ဂါရဝပြုပါတယ်... "

"ဆရာကြီး သက်တော်ရာကျော်ရှည်ပါစေ... "

ထိုအဘိုးအိုသည်ကား သိုင်းလောက၌ လျှမ်းလျှ[illegible] တောက် ကျော်ကြားနေသော ဆံဖြူအဘိုးအိုလီစု ဖြစ်လေသည်။

ဆံဖြူအဘိုးအို လီစုသည် အဖြူရောင်သိုင်းသမားကြီး တစ်ယောက်ဖြစ်ပြီး သိုင်းလောက၏ ကြည်ညိုလေးစားမှုခံရ[illegible] ဖြစ်ပေသည်။

ဒုစရိုက်သမားများ အနက်ရောင်သိုင်းသမားများသည် လီစု၏အမည်ကိုကြားသည်နှင့် ဝေးဝေးမှရှောင်ရှားသွားလေ့[illegible] ကြပေသည်။

လီစု ပြုံးလိုက်သည်။



"နဂါးသုံးဖော်က သည်မှာမိုးခိုနေကြတာကိုး... နိုင်ဖုံးမြို့က သိုင်းပြိုင်ပွဲကို သွားကြည့်ကြမယ် ထင်တယ်... "

လုံတက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ် ခင်ဗျာ... နိုင်ဖုံးသိုင်းပြိုင်ပွဲကို မကြည့်ဖြစ်လိုက်ရင်... ကျုပ်တို့အတွက် နစ်နာဆုံးရှုံးသွားမှာမို့ လက်လွှတ်မခံနိုင်ပါဘူး... ကဲ... ဆရာကြီး ဒီမှာ လာထိုင်ပါဦး ခင်ဗျာ"

လီစုအား နေရာထိုင်ခင်းပေးလေသည်။

"ကျေးဇူးပဲ... "

လီစုသည် ကျေးဇူးတင်စကားပြောပြီး စားပွဲခုံထိုင်နေသည့် စန်းတုံးအား လှမ်းကြည့်လိုက်လေသည်။

ထင်ရှားသော သိုင်းဆရာကြီးတစ်ယောက် ဖြစ်ရကား လူငယ်တစ်ယောက်က မသိကျိုးကျွန် လျစ်လျူရှုနေသည်ကို ဘဝင်မကျနိုင်အောင် ဖြစ်သွားလေသည်။

စန်းတုံးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ပြီးမှ ဘယ်သူလဲဟူသောသဘောဖြင့် လုံတတို့အား လှမ်းကြည့်လိုက်လေသည်။

လုံတတို့လည်း မည်သို့ပြောရမှန်းမသိ ဖြစ်နေတော့သည်။

လီစု မျက်နှာတည်သွားလေသည်။

လုံတ ရင်ထိတ်သွား၏။

စန်းတုံး၏ပမာမခန့် အပြုအမူကြောင့် လီစု စိတ်ဆိုးသွားမည်ကို စိုးရိမ်ပူပန်သွားသည်။

"သူဟာ သိုင်းလောကသားတစ်ယောက် မဟုတ်ပါဘူး... ခရီးသွားတစ်ယောက်ပါ... "

www.burmeseclassic.com

www.burmeseclassic.com



ကပျာကယာ ဝင်ပြောလိုက်သည်။

တစ်ဖန်...

"မိတ်ဆွေလေးစန်းကုံး... ပဲဟာသည်က ဆရာကြီးဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ သိုင်းဆရာကြီးလီစု ဖြစ်ပါတယ်... "

စန်းတုံးအား ပြောပြကာ မိတ်ဆက်ပေးလိုက်လေသည်။

စန်းတုံး ပြုံးလိုက်သည်။

"အတွင်းအားပညာမှာ ထိပ်ဆုံးဆိုတဲ့ မိုးထိအဘိုးအိုကို ယှဉ်ပြိုင်နိုင်တဲ့ ဆံဖြူသိုင်းဆရာလီစုဆိုတဲ့ အမည်ကို ကြားဖူးပါတယ်... ဆရာကြီးဟာ အတော်နာမည်ကြီးတာပဲ... "

သူသည် ရှိသေလေးစားသည့်အကြောင်း တစ်လုံးတစ်ပါဒမျှ မပြောပါ။

လီစု၏သတင်းကို ကြားသိထားပြီး ထူးခြားသည်ဟု မယူဆသည့်သဘော ပြောခြင်းသာ ဖြစ်လေသည်။

"ဆရာကြီးလီစုဟာ အဖြူရောင်သိုင်းသမားကြီး တစ်ယောက်ဖြစ်ပေမယ့် သူ့ကို ပမာမခန့်လုပ်ရင် မကြိုက်ဘူး... စန်းတုံးတော့ ဒုက္ခရောက်တော့မှာပဲ... "

လုံတ စိတ်ပူသွားလေသည်။

သို့သော်...

စန်းတုံးသည် လူကြီးသူမများကို ရှိသေလေးစားမှုမရှိခြင်းကြောင့် လီစု၏ဆုံးမခြင်းခံရလျှင်လည်း ကိုယ့်ထိုက်နှင့်ကိုယ့်ကံဟု သဘောထားလိုက်လေသည်။

လီစုသည် လုံတတို့ကို အမှုမထားတော့ဘဲ စန်းတုံးအား



ထပ်မံ အကဲခတ်ကြည့်လိုက်သည်။

"သိုင်းလောကသားတစ်ယောက်မဟုတ်ဘဲ... ကျုပ်နာမည်ကို ကြားဖူးနေတာတော့ အတော့်ကိုအံ့သြစရာကောင်းတာပဲ... မောင်ရင်လေးဟာ သိုင်းပညာမတတ်ချင်ဟန်ဆောင်နေပေမယ့် မပိရိဘူးကွဲ... "

စန်းတုံး ရယ်မောလိုက်လေသည်။

"သိုင်းပညာမတတ်ဘူးလို့ ကျွန်တော် မပြောပါဘူး... သူတို့ ပြောတာကလည်း သိုင်းလောကသား မဟုတ်ဘူးလို့ပြောတာပါ... ဆရာကြီး စကားအဓိပ္ပာယ်ကောက်တာ လွဲမှားနေပါပြီ"

လီစု မျက်မှောင်ကုတ်သွားသည်။

စန်းတုံး၏စကားကို သေသေချာချာစဉ်းစားပြီးမှ ပြောလိုက်လေသည်။

"သိုင်းလောကသား မဟုတ်ဘူး... သိုင်းပညာတတ်တယ်... ဒါဆိုရင် သိုင်းလောကမှာ ကျင်လည်ကျက်စားမှုမပြုဘဲ သိုင်းပညာရပ်ကိုသာ ထင်ပေါ်ကျော်ကြားမှုထက် ပိုပြီး တန်ဖိုးထားတဲ့လူတစ်ယောက်ပေါ့... သိုင်းသမားမဟုတ်ဘဲ သိုင်းပညာရှင်ဖြစ်နေတာပေါ့... "

စန်းတုံးက ထပ်မံရယ်မောလိုက်လေသည်။

"သိုင်းသမားနဲ့ သိုင်းပညာရှင် ဘာများကွာခြားမှာလဲဗျာ... "

လီစု လက်ကာပြလိုက်သည်။

"ကွာခြားချက်တွေ ရှိပါတယ်... သိုင်းသမားဆိုတာ သိုင်းလောကထဲမှာပဲနေပါတယ်... သိုင်းလောကအကျိုးဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



တယ်… သိုင်းလောကစည်းကမ်းတွေကို လိုက်နာကျင့်သုံးတယ်… ဒါဟာ သိုင်းသမားဆိုတဲ့ သဘောကို ယေဘူယျ အဓိပ္ပာယ်ဖွင့်ဆိုလိုက်တာပဲ… သိုင်းပညာရှင်ဆိုတာကိုလည်း ကျုပ်က ရှင်းပြပါဦးမယ်… ”

စန်းတုံး ခေါင်းညိတ်လိုက်သည်။

“ဟုတ်ကဲ့… ရှင်းပြပါဦးဗျာ… ”

“သိုင်းပညာရှင်ဆိုတာက သိုင်းလောကစည်းကမ်းနဲ့ကျင့်ဝတ်တွေကို အလေးထားပေမယ့် သိုင်းလောကထဲဆင်းပြီး ကိုယ်တတ်မြောက်ထားတဲ့ သိုင်းပညာအသုံးချပြီး ကျင်လည်ကျက်စားမှု မပြုဘူး… အကောင်းတကာ့အကောင်းဆုံး… အထက်မြက်ဆုံးဆိုတဲ့ သိုင်းပညာရပ်တွေ… သိုင်းကွက်တွေကို အချိန်ရှိသရွေ့လေ့လာတီထွင်နေလေ့ရှိတယ်…‘သည်ကနေ့ အကောင်းဆုံးဆိုတဲ့ သိုင်းတစ်ကွက် တီထွင်နိုင်ပြီဆိုရင်… နောက်နေ့မှာ အဲဒီသိုင်းကွက်ထက် ပိုထက်မြက်တဲ့ သိုင်းကွက်ကို ဖော်ထုတ်ဖို့ ကြိုးစားကြိုးစားလိမ့်မယ်… သိုင်းကွက်တွေ သိုင်းပညာရပ်တွေကို တီထွင်ကြံဆဖို့သာ အဓိကထားတဲ့လူ သက်သက်ပဲ… တီထွင်ပြီးရင်း တီထွင်နေမယ့်လူဆိုပါတော့… ”

စန်းတုံး ရယ်မောခြင်း မပြုတော့ပါ။

သူ၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

လီစုပြောသည့်စကားကို လက်ခံလိုက်သည့်သဘောဖြစ်သလို လီစုသည် အတွေ့အကြုံရင့်ကျက်သော ဝါရင့်သိုင်းသမားကြီးတစ်ယောက်ဖြစ်သည်ကို လက်တွေ့မြင်ကာ လက်ခံလိုက်သည့်သဘောလည်း ဖြစ်လေသည်။



လီစုက စန်းတုံးအား တတိယအကြိမ်မြောက် အကဲခတ်ကြည့်ကာ ပြောလိုက်၏။

“သိုင်းလောကထဲမှာ နာမည်မကျော်ပေမယ့် ပညာမခေတဲ့ ရှက်ပုန်းသီးသိုင်းသမားတွေ ရှိကြပါတယ်… ဝေဖန်ပြောဆိုနေကြတဲ့ သတင်းစကားတွေအတိုင်း ပြောရမယ်ဆိုရင်တော့ သွေးအေးသိုင်းသမားနဲ့ မင်းသားလေးတို့ဟာ ထိပ်ဆုံးကပဲ… မင်းကတော့ ဘယ်သူများလဲ ပြောစမ်းပါဦး… ”

စန်းတုံးက ရယ်မောလိုက်ပြန်သည်။

“ကျွန်တော် ဘယ်သူဖြစ်မယ်လို့ ဦး ထင်လို့လဲ… ”

ဟူ၍ ပြန်မေးလိုက်လေသောကြောင့် လီစုမှာ ရုတ်တရက် မည်သို့ပြောရမှန်းမသိအောင် ဖြစ်သွား၏။

စန်းတုံးက လီစုအား စိုက်ကြည့်လိုက်လေသည်။

လီစုသည် အနည်းငယ်တွေးတောလိုက်ပြီးမှ…

“မင်းဟာ သိုင်းပညာမဆိုးတဲ့ ရှက်ပုန်းသီးသိုင်းသမားတစ်ယောက်ဆိုတာ သေချာတယ်… ဒါပေမယ့် လူကြီးသူမကို ရိုသေရမှန်းမသိ… ဂါရဝတရားမရှိ… ရိုင်းစိုင်းတဲ့အပြုအမူရှိတာကြောင့် မင်း ဘယ်သူပဲဖြစ်ပါစေ… ကျုပ် စိတ်မဝင်စားဘူး”

စကားဆုံးလျှင် ထိုင်ခုံတစ်လုံးဆွဲကာ စန်းတုံးအား ကျောခိုင်းထိုင်လိုက်တော့သည်။

လုံတတို့နဂါးသုံးဖော်နှင့် စကားစမြည်ပြောဆိုနေလိုက်လေတော့သည်။

စန်းတုံးအား အမှုမထားဘဲ ဥပေက္ခာပြုထားလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စန်းတုံးကလည်း မမှုပါချေ။

"ခုမှပဲ နားအေးပါးအေး မိုးခိုရတော့တယ်... "

တီးတိုးရေရွတ်ပြီး နတ်ကွန်းပျက်အပေါက်ဝဘက်သို့ မျက်နှာမူကာ ထိုင်နေလိုက်လေတော့သည်။

မိုးသက်လေပြင်းသည် သည်းထန်စွာရွာသွန်းတိုက်ခတ်ခဲ့ရာမှ အချိန်များစွာမကြာလိုက်ဘဲ အရှိန်လျော့သွားလေသည်။

လေပြင်းများ တိုက်ခတ်ခြင်းမရှိတော့ပါ။

မိုးရေစက်များသည်လည်း တဖြည်းဖြည်းအားလျော့လာသည်။

မကြာမီ မိုးစဲသွားတော့မည် ဖြစ်လေသည်။

"တော်ပါသေးရဲ့... မိုးစဲသွားလို့... ခုနေ ခရီးပြင်းနှင်လိုက်မယ်ဆိုရင် ခိုင်ဖုံးမြို့ကို မိုးမချုပ်ခင် ရောက်သွားနိုင်တယ်"

လုံတ၏ အသံထွက်ပေါ်လာလေသည်။

စန်းတုံး လှည့်မကြည့်ပါ။

လုံတတို့ နဂါးသုံးဖော်နှင့် ဆံဖြူသိုင်းသမားလီစုတို့ ထိုင်ရာမှထရပ်လိုက်ကြသော အသံဗလံများကိုကြားလိုက်ရလေသည်။

ထိုအချိန်မှာပင်...

"မြန်မြန်လာကြဟေ့... "

အပြင်ဘက်မှ ဆူဆူညံညံအသံများ ထွက်ပေါ်လာပြီး လူသန်ကြီးတစ်ယောက် ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။



ထိုလူစုမှာ လူရှစ်ယောက်တိတိရှိပြီး ဝေါစင်တစ်ခုအား ထမ်းကာ ရောက်လာကြခြင်း ဖြစ်သည်။

နတ်ကွန်းပျက်ရှေ့သို့ရောက်သည့်အခါ တစ်ယောက်က အပြေးတစ်ပိုင်း ဝင်ရောက်လာလေသည်။

လုံတတို့နဂါးသုံးဖော်နှင့် ဆရာကြီးလီစုတို့က အခြေအနေစောင့်ကြည့်နေလိုက်ကြသည်။

နတ်ကွန်းပျက်ထဲသို့ ဝင်လာသူသည် စန်းတုံးကို မြင်လျှင် ဝမ်းသာအားရ ဖြစ်သွားလေသည်။

"မင်းသားလေး သည်မှာဟေ့... "

သူ၏အသံကြားသည်နှင့် ကျန်လူများပါ ပြေးဝင်လာကြလေသည်။

ဘုံကျောင်းပျက်အတွင်းသို့ရောက်သည်နှင့် စန်းတုံး၏ ရှေ့၌ ဒူးထောက်ကာ ဂါရဝပြုလိုက်ကြလေသည်။

"မင်းသားလေးကို ဂါရဝပြုပါတယ်... "

အားလုံးက တညီတညာတည်း ပြောလိုက်ကြပြီးမှ တစ်ယောက်က ဒူးထောက်ရာမှ ထလိုက်သည်။

"ကျုပ်တို့ဟာ မိုးလုံမယ့်ဝေါစင်ကို ရှာဖွေနေရတာမို့ နောက်ကျသွားပါတယ်... သခင်လေးက ကျုပ်တို့ကိုမစောင့်နိုင်တော့ဘဲ ထွက်သွားပြီဆိုတာ သိရလို့အမြန်ဆုံး လိုက်လာခဲ့ကြတာပါ... ကျုပ်တို့နောက်ကျသွားတာကို ခွင့်လွှတ်ဖို့ အနူးအညွတ်တောင်းပန်ပါတယ်... ကျုပ်တို့ အပြစ်ကိုခွင့်လွှတ်ပါ... "

အလွန်ရိုကျိုးပြီး စိုးရိမ်မကင်းဖြစ်သော အသံဖြင့် တောင်းပန်ပြောဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စန်းတုံး ပြုံးလိုက်သည်။

"အင်း... ခင်ဗျားတို့ကိုသာ ခဏလေးစောင့်လိုက်ရင်... ခုချိန်လောက်ဆို ခိုင်ဖုံးမြို့ကို ရောက်နေလောက်ပြီ... ကျုပ်က စိတ်မရှည်လို့ သည့်နေရာမှာ လာပြီး သောင်တင်နေရတာ... ကဲ... ဝေါစင်ပါလာတယ် မဟုတ်လား... သွားကြရအောင်..."

"ကောင်းပါပြီ... မင်းသားလေး..."

စန်းတုံးသည် ထိုင်ရာမှထကာ ဝေါစင်ထမ်းလာသူများနှင့် လိုက်ပါသွားလေတော့သည်။

❀ ❀ ❀

နတ်ကွန်းပျက်ထဲမှ စန်းတုံး ထွက်သွားပြီ ဖြစ်သည်။

လူသန်ကြီးရှစ်ယောက်သည် စန်းတုံး စီးနင်းထားသော ဝေါစင်ကိုထမ်းကာ လျင်မြန်စွာ ထွက်သွားကြခြင်း ဖြစ်ပါတော့သည်။

လူသန်ကြီးများ ရောက်လာပုံနှင့် စန်းတုံးကိုခေါ်ကာ ထွက်သွားပုံမှာ အလွန်လျင်မြန်လှပြီး မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း မြင်ကွင်းမှ ပျောက်ကွယ်သွားခြင်းဖြစ်ရကား လုံတတို့ အံ့ဩနေကြပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြလေသည်။

လီစု သက်ပြင်းချလိုက်သည်။

"သူဟာ ရိုင်းပျမှုမရှိဘူးဆိုရင် အတော့်ကို ချီးကျူးစရာကောင်းတဲ့လူတစ်ယောက် ဖြစ်လာလိမ့်မယ်... တစ်ခုတော့ရှိတယ်... ဘဝတစ်ခုလုံးကို သိုင်းပညာရပ်ထဲမှာ နှစ်မြှုပ်ထားလိုက်တော့ တခြားဘာကိစ္စကိုမှ သတိမထားမိအောင် အားလုံးနဲ့ ကင်းကွာသွားတာလည်း ဖြစ်နိုင်တယ်... သိုင်းပညာအပေါ်မှာ ရူးသွပ်မိုက်မဲနေတဲ့အတွက် စိုးရိမ်စရာတော့ ကောင်းတယ်..."



လုံတက မနေနိုင်ဘဲ မေးလိုက်လေသည်။

"သူ ဘယ်သူလဲဆိုတာ ဆရာကြီး သိလို့လား..."

လီစုသည် ဝေ့ည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလေသည်။

"လူသန်ကြီးရှစ်ယောက်က သူ့ကို မင်းသားလေးလို့ ခေါ်လိုက်တာကို မင်းတို့ ကြားမယ်ထင်တယ်..."

လုံတတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

"သူ... သူဟာ..."

"သူဟာ သိုင်းလောကရဲ့ ရှက်ပုန်းသီးပညာရှင်တွေထဲမှာ အထက်မြက်ဆုံးဆိုတဲ့ မင်းသားလေးနဲ့ သွေးအေးသိုင်းသမားကိုးနှစ်ယောက်ထဲက မင်းသားလေး ဖြစ်ပါလိမ့်မယ်..."

လုံတ ပင့်သက်ရှိုက်လိုက်လေသည်။

မင်းသားလေးဟူသော အမည်ကား သိုင်းလောကဖြင့်ပိုင်းသိသောအမည် ဖြစ်နေသည်။

မင်းသားလေး၏သိုင်းပညာ စွမ်းသည်ဆိုသည်ကား အင်စားပြောကြသည့်စကားများသာရှိပြီး လက်တွေ့မည်သူမျှ မတွေ့ကြုံဘူးကြပေ။

လုံတ ရင်ထဲမကျေနပ်မှုများ ပြန်လည်ဖြစ်ပေါ်လာလေသည်။

"မင်းသားလေးရဲ့ ရိုင်းပျမောက်မာမှုအပေါ် ဆရာကြီး

www.burmeseclassic.com



ဘယ်လိုသဘောထားမှာလဲ... သိပါရစေ ခင်ဗျာ... ”

လီစုအား ဖြောင်ပင် ဖွင့်မေးလိုက်လေသည်။

လီစု မဲ့ပြုံးပြုံးလိုက်သည်။

“သူဟာ ပညာဂုဏ်မောက်နေတယ်ဆိုရင်တောင် လက်တွေ့နယ်ပယ်မှာ ကျင်လည်မိတာနဲ့ ပြောင်းလဲသွားပါလိမ့်မယ်... အချိန်က အဖြေပေးပါလိမ့်မယ်... ကဲ... မိုးလည်းစဲသွားပြီ... သွားကြရအောင်... ”

လုံတသည် လီစု၏ရှင်းပြမှုအပေါ် ဘဝင်မကျသော်လည်း ဘာမှမပြောဘဲ ထွက်ခွာသွားဖို့ ဟန်ပြင်လိုက်လေတော့သည်။

❀ ❀ ❀

# သူ့ထက်ငါ

နိုင်ဖုံးမြို့...

နိုင်ဖုံးမြို့သည် တစ်ချိန်က မင်းနေပြည်တော်ဖြစ်ခဲ့ဖူးသည့်အလျောက် ဘုရင်မင်းမြတ်သည် ပီကင်းနေပြည်တော်သို့ ပြောင်းရွှေ့ကာ ထီးနန်းစိုးစံလိုက်သည့်တိုင် နိုင်ဖုံးမြို့မှာ အလွန်စည်ကားသိုက်မြိုက်သော မြို့ကြီးတစ်မြို့အဖြစ် ကျန်ရစ်ခဲ့လေသည်။

နိုင်ဖုံးမြို့တော်ဝန်သည် နေပြည်တော်မှ သက်တော်ရှည်အမတ်ကြီး၏ တာဝန်ပေးချက်အရ သိုင်းပြိုင်ပွဲတစ်ရပ်ကို နှစ်စဉ်နှစ်တိုင်း နိုင်ဖုံးမြို့၌ ကျင်းပပေးရလေသည်။

ထိုသိုင်းပြိုင်ပွဲကြီးမှ ထွက်ပေါ်လာသော သိုင်းပညာရှင်များအား နန်းတွင်း၌ အမှုတော်ထမ်းရွက်နိုင်ရန် စီစဉ်ပေးရသည်။

ဝါရင့်သိုင်းသမားကြီးများ၏ သရုပ်ပြပြိုင်ပွဲများကိုလည်းကောင်း၊ သိုင်းပညာနှင့်ပတ်သက်သော ဆွေးနွေးပွဲများကိုလည်းကောင်း ကျင်းပပေးပြီး သိုင်းလောက တိုးတက်ရေးကို ဆောင်ရွက်ပေးရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုနှစ်တွင်လည်း ကျင်းပမြဲဖြစ်သော သိုင်းပြိုင်ပွဲကို စီစဉ်ကျင်းပပေးသည့်အပြင် သိုင်းလောကမှ ထိပ်သီးသိုင်းသမားကြီးများကို ဖိတ်ခေါ်ကာ သိုင်းပြိုင်ပွဲအား ကြီးကြပ်စေခဲ့လေသည်။

ထိပ်သီးသိုင်းသမားကြီးများ ကြီးကြပ်သော နိုင်ဖုံးသိုင်းပြိုင်ပွဲသည် အလွန်စည်ကားပြီး အရေးပါသော ပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့လေတော့သည်။

* * *

သိုင်းပြိုင်ပွဲအား အမျိုးအစားနှစ်ရပ် ခွဲခြားကာ ကျင်းပပေးလေ့ရှိသည်။

ပြိုင်ပွဲတစ်ရပ်မှာ...

သိုင်းလောကမှ လူသစ်သိုင်းသမားများ၊ အစွမ်းအစရှိသော သိုင်းသမားများ ဖော်ထုတ်ပေးသော ပြိုင်ပွဲဖြစ်သည်။

ထိုပြိုင်ပွဲ၌ ဆုချီးမြှင့်ခံရသူသည် ငွေကြေးထိုက်ထိုက်တန်တန်ရသည့်အပြင် နေပြည်တော်၌ အမှုထမ်းဖို့ အခွင့်အရေးလည်း ရမည်ဖြစ်ပေသည်။

ကျန်ပြိုင်ပွဲတစ်ရပ်ကား သိုင်းလောက၌ လူသိများထင်ရှားပြီးသား သိုင်းသမားများ၏ ပညာဖလှယ်ပွဲ ဖြစ်လေသည်။

စီစဉ်ကျင်းပပုံ ကောင်းမွန်လှသောကြောင့် ပြိုင်ပွဲနှစ်ရပ်စလုံးအား လွန်စွာသဘောကျပြီး ဝက်ဝက်ကွဲအောင် အားပေးကြည့်ရှုကြလေသည်။

နိုင်ဖုံးနှင့် အနီးပတ်ဝန်းကျင်မြို့ရွာများမှ ပွဲကြည့်ပရိသတ်များသာမက အနယ်နယ်အရပ်ရပ်မှ သိုင်းလောကသားများ



ပါရောက်လာကြသည် ဖြစ်ရကား ကြက်ပျံမကျ စည်ကားသိုက်မြိုက်လှပေတော့သည်။

ဝူးရှီသည် သိုင်းပြိုင်ပွဲကျင်းပနေသည့် နိုင်ဖုံးမြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာလေသည်။

* * *

နိုင်ဖုံး၌ ကျင်းပသော သိုင်းပြိုင်ပွဲနှစ်ရပ်အနက် သိုင်းလောကအား သွေးသစ်လောင်းမည့် သိုင်းသမားအသစ်များ လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပပေးသော ပြိုင်ပွဲတစ်ရပ်ကား ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။

ထိုပြိုင်ပွဲ၌ လူငယ်သိုင်းသမားသုံးယောက် အထူးရေပန်းစားကာ ဆုများဆွတ်ခူးသွားခဲ့ကြလေသည်။

ပထမ၊ ဒုတိယ၊ တတိယ အသီးသီးရခဲ့ကြသော သိုင်းသမားလူငယ်သုံးယောက်မှာ ယန်ကိုး၊ ဖုံးဝေ နှင့် ကျုံချူးတို့ဖြစ်ကြလေသည်။

နိုင်ဖုံးမြို့တွင် ဆုရလူငယ်သိုင်းသမားသုံးယောက်အား ချီးမွမ်းသံများ ဖုံးလွှမ်းနေတော့သည်။

လူငယ်သိုင်းပြိုင်ပွဲပြီးဆုံးသွားချိန်မှ ဝူးရှီက နိုင်ဖုံးမြို့သို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။

လူငယ်သိုင်းပြိုင်ပွဲကို လွတ်သွားသော်လည်း ဝူးရှီသည် စိတ်သို့မှုသဘောမထားပါ။

သူ့ကိုယ်တိုင်က လူငယ်သိုင်းပြိုင်ပွဲထက် အခြားသိုင်းပြိုင်ပွဲတစ်ရပ်ဖြစ်သော ဝါရင့်သိုင်းသမားကြီးများ၏ သရုပ်ပြပွဲနှင့်

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာဆွေးနွေးပွဲကို ပို၍စိတ်ဝင်စားခြင်းကြောင့် ဖြစ် သည်။

သိုင်းလောကမှ သိုင်းပညာရပ်များနှင့် ပတ်သက် အတွေးအခေါ် အယူအဆများ ဆန်းသစ်တီထွင်မှုများသည် နှစ်ထက်တစ်နှစ် တိုးတက်ဆန်းပြားလာသည်ကို သိုင်းဖ ဖလှယ်ပွဲ၌သာ တွေ့ရနိုင်ခြင်းကြောင့်လည်း ဖြစ်လေသည်။

ဂူးရိ ရောက်လာချိန်၌ သိုင်းပြိုင်ပွဲ ဒုတိယအစီအစဉ် သိုင်းပညာဆွေးနွေး ဖလှယ်ပွဲကျင်းပနေပြီဖြစ်လေသည်။

ယခုနှစ် သိုင်းပြိုင်ပွဲ၏ ထူးခြားချက်မှာ သိုင်းလော ပထမသိုင်းသမားကြီးများဖြစ်ကြသော အတွင်းအားပည မိုးထိအဘိုးအို ကိုယ်ဖော့ပညာရှင် ကြယ်တံခွန်၊ ဆေးပည ဂူးတန်းမှ ရသေ့၊ လက်နက်ပုန်းပညာရှင် ခရေပွင့်တော ပိုင်ရှင်တို့အား ဖိတ်ခေါ်ထားပြီး သိုင်းပညာဖလှယ်သည့် ဆွေ ပွဲကို ကမကထပြုစေခဲ့ခြင်း ဖြစ်လေသည်။

နိုင်ဖုံးမြို့ဝန်သည် သိုင်းလောကထိပ်သီးသိုင်းသမ များအား ဖိတ်ကြားထားခြင်းမှာ သိုင်းပြိုင်ပွဲကိစ္စသက်သက် ဘဲ အခြားသော ထူးခြားသည့်အကြောင်းကိစ္စတစ်ခု ရှိနေ ယူဆသူက ယူဆကြသည်။

ခန့်မှန်းပြောဆိုကြသည်။

ဝေဖန်ကြသည်။

ထို့ကြောင့်လည်း ဂူးရိအတွက် ပို၍စိတ်ဝင်စား လာရလေတော့သည်။

❀ ❀ ❀



နိုင်ဖုံးမြို့လယ်တွင် ညီညာပြန့်ပြူးသော မြေကွက်လပ် စ်ခုရှိနေပြီး သိုင်းပြိုင်ပွဲကို မြေကွက်လပ်၌ ကျင်းပခြင်းဖြစ်လေ ည်။

သိုင်းဖလှယ်ပွဲကိုလည်း ထိုမြေကွက်လပ်၌ပင် ကျင်းပ င်းဖြစ်ပြီး သိုင်းပညာရှင်ကြီးများက ဆွေးနွေးပြောဆိုကြသည်ကို ာရောက်နားထောင်ကြသော ပရိသတ်များ ကျိတ်ကျိတ်တိုး ည်ကားနေလေသည်။

ဂူးရိ ရောက်လာချိန်၌ အတွင်းအား ပထမဆိုသော ိပ်သီးသိုင်းသမားကြီး မိုးထိတောင်အဘိုးအိုက အတွင်းအား ညာရပ်လျို့ဝှက်ချက်များကို ကိုယ်တွေ့အဖြစ်အပျက်များဖြင့် ာကေပြကာ ပရိသတ်များ စိတ်ဝင်စားအောင် ဟောပြောနေ ဖြစ်လေသည်။

မိုးထိအဘိုးအိုသည် အသက်ခြောက်ဆယ်နား နီးပြီး ခရုပ် အလွန်ကောင်းသူဖြစ်သည်။

သိုင်းလောက၌ နာမည်ပျက် လုံးဝမရှိခဲ့ဘဲ ယနေ့ထက် ိုင် သိုင်းလောကအကျိုး၊ အများအကျိုးကို ဦးထိပ်ပန်ဆင်ကာ ်းဆောင်နေသူလည်း ဖြစ်သည်။

အတွင်းအား ပညာရပ်နှင့်ပတ်သက်၍ မရှင်းလင်းသည် းကို နိုင်ဖုံးမြို့တော်ဝန်က မေးမြန်းပြီး မိုးထိအဘိုးအိုက ပရိ တ်များရှေ့၌ လင်းရှင်းပြောဆိုလေသည်။

ဂူးရိသည် မိုးထိအဘိုးအို၏ဟောပြောချက်များကိုအာရုံ ်ိ နားထောင်ခဲ့ပြီးမှ သက်ပြင်းချလိုက်လေသည်။

"မိုးထိအဘိုးအို ပြောတဲ့အတိုင်းဆိုရင် သိုင်းလောကကြီး

www.burmeseclassic.com

www.burmeseclassic.com



ဟာ မနှစ်ကလိုပဲ ဘာမှတိုးတက်ပြောင်းလဲမှု မရှိတာသေချာနေပြီ... ”

ဖိုးတိုးရေရွတ်လိုက်လေသည်။

ကြားနေကျ စကားအမျိုးမျိုးကိုကြားလိုက်ရခြင်းကြောင့် စိတ်ပျက်လက်ပျက် ဖြစ်မိ၏။ ပြောင်းလဲခြင်း၊ ထူးခြားခြင်း တစ်ခုခုရှိခဲ့လျှင် သိပ္ပံပညာရပ်များနှင့် ပတ်သက်ပြီး တစ်ကြိမ်တစ်ခါမှ မကြားဖူးသေးသော တွေးတောဆင်ခြင်မှုများ ရှုထောင့်သစ် အမြင်သစ်များကို ကြားရမည်၊ တွေ့မြင်ရမည် ဖြစ်လေသည်။

ကြားဖူးပြီးသား အတွေးအခေါ် အယူအဆများကိုသာ ကြားလိုက်ရသဖြင့် သိပ္ပံလောကတွင် ထူးခြားစွာ တိုးတက်ပြောင်းလဲမှု မရှိသေးကြောင်း ဝူးရီ သဘောပေါက်လိုက်လေတော့သည်။

ဝူးရီကဲ့သို့ စိတ်ပျက်လက်ပျက် ဖြစ်နေသူတစ်ယောက် ရှိနေပါသေးသည်။

“တစ်ယောက်လာလည်း ဒါပဲ... တစ်ယောက်လာလည်း ဒါပဲ... ပြိုင်ဘက်ကင်းတဲ့ ထိပ်သီးသိပ္ပံသမားကြီးတွေ လုပ်ပြီးတော့ ကိုယ့်ပညာကို ကိုယ်ကျေနပ်ရောင့်ရဲနေသမျှ... သိပ္ပံပညာရပ်တွေဟာ ဘယ်တော့မှ ဖွံ့ဖြိုးတိုးတက်လာတော့မှာ မဟုတ်ဘူး... တွေးကြည့်ရင် အလကားလူတွေ ဖြစ်နေကြပြီ... ”

လူတစ်ယောက်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် ဝူးရီ လှည့်လိုက်မိသည်။

ထိုအခါ သူနှင့်မလှမ်းမကမ်း၌ လူရွယ်တစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူရွယ်ကား စန်းတုံးပင် ဖြစ်ပေတော့သည်။



ဝူးရီသည် စန်းတုံးအား တွေ့မြင်လိုက်ရသည့် တခဏ် အချိန်လေးမှာပင် သူ၏ဘဝ၌ စိတ်ဝင်စားစရာအကောင်းဆုံးလူ တစ်ယောက်အား တွေ့လိုက်ရပြီဖြစ်ကြောင်း နားလည်လိုက်လေသည်။

သိပ္ပံပညာနှင့် ပတ်သက်ပြီး သူနှင့်စန်းတုံးတို့ အမြင်ချင်း တူနေကြသည် မဟုတ်ပါလား။

“သည်တစ်ခေါက် နိုင်ငံဖုံးကို လာရတာ ပင်ပန်းရကျိုး မနပ်ဘူး... ပြန်တာပဲ ကောင်းမယ်... ”

စန်းတုံးက ထပ်မံညည်းတွားပြီး ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုအချိန်မှာပင်...

“မင်း လာရကျိုး နပ်စေရပါမယ်လေ... ”

စကားသံတစ်ချက် ထွက်ပေါ်လာလေသည်။

စန်းတုံး လှည့်ကြည့်လိုက်သလို ဝူးရီကလည်း လှမ်းကြည့်လိုက်မိလေသည်။

အဘိုးအိုတစ်ယောက်က ပြောလိုက်ခြင်း ဖြစ်ပါသည်။

ထိုအဘိုးအိုမှာ စန်းတုံးနှင့် နတ်ကွန်းပျက်၌တွေ့ခဲ့ရသော ဆံဖြူအဘိုးအိုလီစု ဖြစ်သည်။

စန်းတုံး ပြုံးလိုက်သည်။

“လာရကျိုးနပ်စေရမယ်ဆိုတာ... ဘယ်လိုသဘောမျိုးလဲဆိုတာ ပြောပြပါလားဗျာ... ”

လီစု လက်ကာပြလိုက်သည်။

“ခဏလောက်သည်းခံပြီး စောင့်လိုက်ရင်... မင်း သိလာ

www.burmeseclassic.com

www.burmeseclassic.com



ရပါလိမ့်မယ်... ”

ထိုစဉ်...

ထိပ်သီးသိုင်းသမားကြီးများ၏ဆွေးနွေးဖလှယ်နေသည့် အကြောင်းအရာ ပြောင်းလဲလာသည်ကို ဂူးရိ ကြားလိုက်ရလေသည်။

မိုးထိအဘိုးအိုသည် မလှမ်းမကမ်း၌ ထိုင်နေသော မုရသေ့အား လှမ်းမေးလိုက်လေသည်။

“ခုချိန်မှာ သိုင်းလောကသားတွေ စုရုံးရောက်ရှိနေတုန်း သိုင်းလောကနဲ့ ပတ်သက်ပြီး စိုးရိမ်စရာကောင်းတဲ့သတင်းတွေကို ကြေညာထားလိုက်ရင် ကောင်းမယ်ထင်တယ်... ”

မုရသေ့ ခေါင်းညိတ်လိုက်သည်။

“ကောင်းသားပဲ... သိုင်းလောကရဲ့အန္တရာယ်ကို ကြိုတင်သိထားကြတာ မမှားပါဘူး... ပြောပြလိုက်ပါ... ”

မိုးထိအဘိုးအိုသည် သိုင်းပညာဆွေးနွေး ဖလှယ်ပွဲအား စိတ်ဝင်စားစွာ နားထောင်နေသည့် ပရိသတ်ကိုဝေ့ကြည့်ပြီး ချောင်းတစ်ချက် ဟန့်လိုက်လေသည်။

“အဟမ်း... သည်နေရာကို စုရုံးရောက်ရှိလာကြတဲ့... ဧည့်ပရိသတ်အပေါင်း ကြိုတင်သိထားနိုင်အောင် မကြာခင် သိုင်းလောကမှာ ပေါ်ပေါက်လာနိုင်တဲ့ အန္တရာယ်တစ်ခုကို သတိပေးထားချင်ပါတယ်... ”

ထိုစကားကြားသည့်အခါ ပရိသတ်များမှာ မီးကိုရေဖြင့် ငြိမ်းသတ်လိုက်သကဲ့သို့ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ဂူးရိနှင့် စန်းတုံးတို့လည်း စိတ်ဝင်စားစွာ နားထောင်



လိုက်ကြလေသည်။

မိုးထိအဘိုးအိုက ဆက်ပြောလိုက်လေသည်။

“သိုင်းလောကမှာ လျှို့ဝှက်တဲ့ဂိုဏ်းတစ်ဂိုဏ်း ပေါ်နေ ယ်... ဒါမှမဟုတ် လျှို့ဝှက်လူသတ်သမားတစ်ယောက် ပေါ် ါက်နေတယ်ဆိုတဲ့ သက်သေအထောက်အထားတွေကို တွေ့ခဲ့ ါတယ်... ထင်ရှားတဲ့ သိုင်းသမားအချို့ဟာ ပျောက်ချင်းမလှ ျောက်ဆုံးသွားကြတယ်... သည်လို ပျောက်ဆုံးနေရတာဟာ ိုင်းလောကကို အန္တရာယ်ပြုမယ့်သူတစ်ယောက်ယောက် ရှိနေ ိုတာ ဖော်ပြတာပဲ... ဒါကြောင့် မသင်္ကာစရာကောင်းတဲ့ ထူး ချက်တစ်ခုခုတွေ့ရင်... ခိုင်ဖုံးမြို့တော်ဝန်ဆီကို ချက်ချင်း ကြောင်းကြားဖို့ မှာကြားချင်ပါတယ်... ”

ပရိသတ်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ဝေဖန်ပြောဆိုသံများလည်း ထွက်ပေါ်လာလေသည်။

ဂူးရိက စန်းတုံးကို ကြည့်လိုက်သည်။

စန်းတုံးကလည်း လီစုအား ကြည့်လိုက်လေသည်။

လီစုသည်ခ် စန်းတုံး၏အကြည့်ကို အဓိပ္ပာယ်သဘော က်သည့်အသွင်ဖြင့် ပြုံးလိုက်သည်။

“သိုင်းလောကမှာ ထင်ရှားတဲ့သိုင်းသမား ရှစ်ယောက် တစ်နှစ်အတွင်းမှာ တစ်ယောက်ပြီးတစ်ယောက် ပျောက်ဆုံး ကြတယ်... ခုချိန်ထိ သူတို့ကို ပြန်မတွေ့ရတော့ဘူး... ဘာ င်းမှလည်း မကြားရတော့ဘူး... သူတို့အားလုံး သေဆုံးသွား လို့ ယူဆနိုင်တယ်... သိုင်းလောကမှာ အခြေမလှလို့ ပျောက် ားခဲ့ကြတဲ့ အနက်ရောင်သိုင်းထိပ်သီးအချို့ဟာလည်း ပြန်

www.burmeseclassic.com



လည်ပေါ်ထွက်လာတယ်ဆိုတဲ့ အထောက်အထားတွေ တွေ့နေရတယ်… ကဲ… ဒါက သည်နှစ်အဖို့ သိုင်းလောကရဲ့ထူးခြားမှုကြီးပဲမဟုတ်လား… ခိုင်ဖုံးမြို့ကို လာရကျိုးမနပ်စရာအကြောင်း မရှိတော့ပါဘူးလေ… ”

စန်းတုံး ပခုံးတွန့်လိုက်သည်။

“မိုးထိအဘိုးအိုတို့လို ထိပ်သီးပညာရှင်တွေက ကိုယ့်ရဲ့လက်ရှိအနေအထားကို ကျေနပ်နေတာဟာ သိုင်းလောကမှာ ပြဿနာတွေဖြစ်ပေါ်လာအောင် ဖိတ်ခေါ်သလို ဖြစ်နေမှာပဲ… ကျုပ်ကတော့ လာရကျိုးမနပ်တဲ့အပြင် စိတ်တောင်ပျက်မိပါသေးတယ်ဗျာ… ”

စကားဆုံးသည်နှင့် ချာခနဲလှည့်ထွက်သွားလေသည်။

လီစု မကျေမနပ် ဖြစ်သွားသည်။

“ထိပ်သီးသိုင်းသမားကြီးတွေကို ဝေဖန်ပြောဆိုဝံ့တာနည်းတဲ့သတ္တိ မဟုတ်ဘူး… ဒါပေမယ့် အဲဒီလို ဝေဖန်နိုင်တဲ့အရည်အချင်း ကိုယ့်မှာရှိရဲ့လားဆိုတာ အရင်ဆုံး ဆန်းစစ်သင့်တယ်”

စန်းတုံး၏ခြေလှမ်း တုံ့ခနဲရပ်သွားလေသည်။

လီစုအား လှည့်ကြည့်လိုက်သောအခါ သူ၏မျက်နှာတင်းမာနေသည်ကိုတွေ့ရလေသည်။

အခြေအနေကို အကဲခတ်နေသော ငှူးရီမှာ ရင်ထဲလှုပ်ရှားသွား၏။

စန်းတုံး၏မျက်နှာထားကို တွေ့မြင်ရခြင်းဖြင့် အန္တရာယ်နှင့် ကြုံရတော့မည်ဟူသော အငွေ့အသက်ကို ခံစားလိုက်ရခြင်းကြောင့် ဖြစ်လေသည်။



လီစု မဲ့ပြုံးပြုံးလိုက်သည်။

“အထူးသဖြင့်… ဘယ်သူက ကိုယ့်ကိုယ်ကို အထင်ကြီးနေသလဲ… စိတ်ကြီးဝင်ပြီး သာယာကျေနပ်နေသလဲဆိုတာကို ဆန်းစစ်သင့်တယ်… ”

ဟူ၍ ထပ်ပြောလိုက်လေသည်။

စန်းတုံး ခေါင်းညိတ်လိုက်သည်။

“ခင်ဗျား မဆိုးဘူး… ဒါပေမယ့် ကျုပ် ပြောသလိုထိပ်သီးသိုင်းသမားကြီးတွေလည်း နာမည်ကျော်နေပေမယ့် တကယ်တမ်းအရည်အချင်း မရှိဘူးဆိုတာ ခင်ဗျား သိရပါလိမ့်မယ်… စောင့်ကြည့်နေပေါ့ဗျာ… ”

စိန်ခေါ်သလို ပြောပြီးသည်နှင့် ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေတော့သည်။

စန်းတုံး ထွက်သွားပြီ ဖြစ်သည်။

သိုင်းပညာဆွေးနွေးဖလှယ်ပွဲသည်လည်း ရုပ်သိမ်းလိုက်ပြီဖြစ်သည်။

ပရိသတ်များ လူစုခွဲသွားကြလေသည်။

ခိုင်ဖုံးပြိုင်ပွဲ၌ သိုင်းပညာဆွေးနွေးဖလှယ်ဖို့ထက် သိုင်းလောက၌ ဖြစ်ပေါ်လာမည့် အန္တရာယ်နှင့် ပတ်သက်ပြီး ဆွေးနွေးနိုင်းဖို့ကို ပို၍ ဦးစားပေးနေကြောင်း ပေါ်လွင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ဂူးရိယ အိမ်ပြန်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

❀ ❀ ❀

ဂူးရိသည် အများနည်းတူ ထွက်ခွာသွားရန် ဟန်ပြင်လိုက်၏။

ထိုအချိန်တွင်...

လီစု၏တီးတိုးရေရွတ်သံကို ကြားလိုက်ရလေသည်။

"သူဟာ နာမည်ကျော်နေတဲ့ ရှက်ပုန်းသီးသိုင်းသမားတွေထဲက မင်းသားလေးဆိုတာ အသေအချာပဲ... သည်နှစ်ပိုင်းမှာဖြစ်ပေါ်နေတဲ့ သိုင်းလောကပြဿနာတွေဟာ သူနဲ့ပတ်သက်ကောင်း ပတ်သက်နေလိမ့်မယ်... သူ့ကို မျက်ခြည်မပြတ် စောင့်ကြည့်ရလိမ့်မယ်... "

ဂူးရိ ခြေလှမ်းရပ်သွားလေသည်။

လီစုံကိုကြည့်လိုက်စဉ် လီစုကလည်း လှည့်အကြည့်၊ အကြည့်ချင်းဆုံသွားကြလေသည်။

လီစုသည် ဂူးရိအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

"ကျုပ်က မောင်ရင်လေးကို မြင်ဖူးတယ်လို့ ထင်မိတယ်"

ဂူးရိက ပြုံးလိုက်သည်။

"ဟုတ်ကဲ့... ကျွန်တော်လည်း ဦးကို မြင်ဖူးပါတယ် ခင်ဗျာ... "

"နေပါဦး... ကျုပ်ကို ဘယ်မှာမြင်ဖူးတာလဲ... ပြောစမ်းပါဦး... "



"သည်နိုင်ဖုံးမြို့က သိုင်းပြိုင်ပွဲမှာပါ ခင်ဗျာ... "

"ဪ... "

လီစုသည် အမှိပ္ပာယ်ပေါက်သွားဟန်ဖြင့် တဟားဟားရယ်မောလိုက်လေသည်။

"ကျုပ်က နိုင်ဖုံးကို နှစ်စဉ်နှစ်တိုင်းလာပြီး သိုင်းပြိုင်ပွဲကြည့်တယ်... မင်းကလည်း တစ်နှစ်မှ မပျက်မကွက် လာကြည့်တယ်... ဒါကြောင့် တစ်ယောက်ကိုတစ်ယောက် မသိကြပေမယ့်တွေ့ဖူးမြင်ဖူးနေကြတာကိုး... မင်းက သိုင်းပညာကို တော်တော်ကလေး ဝါသနာပါတယ်ထင်ပါရဲ့... "

ဂူးရိ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ... "

"အင်း... သိုင်းပညာဝါသနာပါတဲ့ လူငယ်တစ်ယောက်ကို တွေ့ရတာ ဝမ်းသာပါတယ်... ဒါထက် မင်းရဲ့နာမည် ဘယ်လိုခေါ်သလဲ... ပြောစမ်းပါဦး... "

ဂူးရိက ဦးညွတ်လိုက်သည်။

"ကျွန်တော့်နာမည် ဂူးရိလို့ ခေါ်ပါတယ်ခင်ဗျာ... "

လီစု မျက်မှောင်ကုတ်သွားသည်။

"မင်းနာမည်ကို သိုင်းလောကမှာ တစ်ခါမှလည်း မကြားဖူးပါလား... "

"ကျွန်တော်ဟာ သိုင်းလောကသား မဟုတ်ပါဘူး ခင်ဗျာ"

လီစုသည် ဂူးရိအား စိတ်ဝင်စားသွားလေသည်။

"မင်းဟာ သိုင်းလောကမှာ ကျင်လည်ကျက်စားခြင်း

www.burmeseclassic.com

www.burmeseclassic.com



မပြုပေမယ့် သိုင်းပညာဝါသနာပါတယ်… ခိုင်ဖုံးပြိုင်ပွဲကို နှစ်စဉ် မပျက် လာကြည့်တာ နည်းတဲ့ဝါသနာ မဟုတ်ဘူး… ကျုပ် လူကဲ ခတ်မညံ့ဘူးဆိုရင်… မင်းဟာလည်း ရွက်ပုန်းသီးသိုင်းသမား တစ် ယောက်ပဲ ဖြစ်ရမယ်… ”

ဝူးရိက ဘာမှမပြောဘဲ ပြုံး၍နေလေသည်။

လီစု တစ်ချက်ရယ်မောလိုက်လေသည်။

“သည်နှစ်တော့ အတော့်ကို စိတ်ဝင်စားစရာကောင်းနေ ပြီ… ကဲ… ပြိုင်ပွဲလည်း ပြီးသွားပြီဆိုတော့… ကျုပ်တို့ သွားရအောင် ကျုပ်နဲ့အတူ လိုက်ခဲ့ပြီး… အရက်တစ်ခွက်လောက် သောက်နိုင် တယ် မဟုတ်လား… ”

ဝူးရိက ငြင်းရန် ဟန်ပြင်လိုက်သော်လည်း လီစုက…

“လာပါ… တို့ အေးအေးဆေးဆေး စကားပြောရတာ ပေါ့… ”

ဟုပြောကာ ရှေ့မှထွက်သွားရာ မငြင်းနိုင်တော့ဘဲ လိုက် ပါသွားရလေတော့သည်။

❀ ❀ ❀

# သတင်းဆိုး

ခိုင်ဖုံးမြို့သို့ ရောက်ရှိလာကြသော သိုင်းလောကဧည့် သည်များမှာ သိုင်းပြိုင်ပွဲ ပြီးဆုံးသွားပြီဖြစ်၍ တဖွဲဖွဲပြန်သွားကြပြီ ဖြစ်လေသည်။

သို့တိုင်…

စားသောက်ဆိုင်များ… တည်းခိုခန်းများ၌ ဧည့်သည်များ ရှိနေဆဲပင်…

လီစု၏ဦးဆောင်မှုဖြင့် လူစည်ကားနေသော စားသောက် ဆိုင်တစ်ဆိုင်ထဲသို့ ဝူးရိ ရောက်ရှိသွားလေသည်။

ဆိုင်လုလင်များသည် ပျာပျာသလဲခရီးဦးကြိုပြုကာ နေရာထိုင်ခင်း ပေးကြလေသည်။

အရင်ရောက်နှင့်ကာ စားသောက်နေကြသော သိုင်း လောကသားအချို့သည် နာမည်ကျော်သိုင်းဆရာဖြစ်သည့် လီစု အား သိထားကြပြီး ဆီးကြိုနှုတ်ဆက်ကြသည်။

ဂါရဝပြုကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လီစုကလည်း ပြန်လည်နှုတ်ဆက်နေရသည်ဖြစ်ရာ … သောက်ခြင်းမပြုနိုင်သလို ဂူးရှိနှင့်လည်း စကားမပြောနိုင်အော… ဖြစ်ရလေသည်။

အတော်ကလေးကြာတော့မှ ဂူးရှိထိုင်နေသော စားပွဲ… ရောက်ရှိလာလေသည်။

လီစုက ဂူးရှိအား ပြုံးပြလိုက်သည်။

"ကျုပ်ဟာ သိုင်းလောကအကျိုး၊ အများအကျိုးကို … သက်လုံး ဦးစားပေးဆောင်ရွက်ခဲ့တယ်... ဒါကြောင့်လည်း ကျ… ကို အများကကြည်ညိုလေးစားကြတယ်... ချစ်ခင်ကြတယ်... သို… လောကသားဘဝကို ခံယူနိုင်ခဲ့တာကြောင့် လူဖြစ်ရကျိုးနပ်တ… လို့ ဆိုရမှာပေါ့... "

ဂူးရှိ သက်ပြင်းချလိုက်လေသည်။

"ဟုတ်ပါတယ် ခင်ဗျာ... သိုင်းလောကသားတစ်ယော… ဖြစ်ရတာ ကျေနပ်စရာကောင်းပါတယ် ခင်ဗျာ... "

"မင်းကကော သိုင်းလောကသားတစ်ယောက် မဖြစ်… ဘူးလား... "

"ဗျာ... "

"သိုင်းပညာဝါသနာပါရင်... လေ့လာရင် ပြီးပြည့်စုံတ… လို့မဆိုနိုင်သေးဘူး... ကိုယ်တတ်တဲ့ပညာနဲ့ အများအကျိုး... သိ… လောကအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်မှသာ သိုင်းပညာ… တစ်ယောက် ပီသလိမ့်မယ်... "

လီစုက အလေးအနက်ထားကာ ပြောလိုက်သောအ… ဂူးရှိ ငိုင်သွားလေသည်။



လီစုက ဆက်ပြောလိုက်သည်။

"မင်းဟာ... ရွက်ပုံးသီးသိုင်းသမားတစ်ယောက် ဖြစ်တယ်လို့... ကျုပ် ယုံကြည်တယ်... ဒါကြောင့် သိုင်းသမားဘဝကို ပီပီပြင်ပြင်ခံယူဖို့ တိုက်တွန်းချင်တယ်... သိုင်းလောကအကျိုး... အများအကျိုးကို မစဉ်းစားဘဲ သိုင်းပညာရပ်ထဲ အာရုံစူးစိုက်ပြီး ဘဝကိုမြှုပ်နှံထားမယ်ဆိုရင်... အိပ်မက်ထဲမှာနေသူလို ဖြစ်နေလိမ့်မယ်... အစွန်းတစ်ဖက် ရောက်နေတယ်လို့ ပြောရမှာပဲ... ကျုပ်ပြောတာကို မင်း နားလည်သဘောပေါက်မယ် ထင်ပါတယ်"

ဂူးရှိ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... ကျွန်တော် သဘောပေါက်ပါတယ် ဆရာ"

လီစုက ဆက်ပြောသည်။

"ပြိုင်ပွဲကျင်းပတဲ့နေရာမှာ စန်းတုံးဆိုတဲ့ လူရွယ်တစ်ယောက်ကို တွေ့ခဲ့တယ်... မဟုတ်လား... "

"ဟုတ်ကဲ့... တွေ့ခဲ့ပါတယ်... "

"သူ့ကို ဘယ်လိုသဘောရသလဲ... "

ဂူးရှိ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် မပြောတတ်ပါဘူး ခင်ဗျာ... "

လီစု သက်ပြင်းချလိုက်လေသည်။

"သူဟာ သိုင်းလောကမှာ ပြောစမှတ်တွင်နေတဲ့... ရွက်ပုံးသီးနှစ်ယောက်ထဲက မင်းသားလေး ဖြစ်ရမယ်လို့ ကျုပ် ယုံကြည်ပါတယ်..., ခုတလော သိုင်းလောကမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေကို ဖန်တီးနေတာလည်း သူပဲ ဖြစ်ရမယ်လို့ ယုံကြည်တယ်... "

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲကျင်းပရာနေရာ၌ ပြောခဲ့သောစကားကိုပင် ထပ်မံ ပြောဆိုလာလေသည်။

ဝူးရိက ဘာမှမပြောဘဲ နေလိုက်လေသည်။

"သည်နှစ်ထဲ သိုင်းလောကမှာ ဘာတွေဖြစ်နေသလဲဆိုတာ မင်း သိသလား... "

လီစု မေးလာသောအခါ ဝူးရိ ခေါင်းခါယမ်းလိုက်လေသည်။

"ကျွန်တော် မသိပါဘူး ခင်ဗျာ... "

လီစု၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"သိုင်းလောကမှာ နာမည်ကျော်သိုင်းသမား ရှစ်ယောက် ပျောက်ဆုံးသွားကြတယ်... ခုထိ ဘာသတင်းမှ မကြားရလို့ သေဆုံးသွားကြပြီလို့ ယူဆရတယ်... သူတို့ဟာ ဘာကြောင့် ခုလို ဖြစ်ရတယ်... ဘယ်သူ့ရဲ့လက်ချက်ဆိုတာ ခုထိ ဘယ်သူမှမပြောနိုင်ကြဘူး... ဒါပေမယ့်... သံသယဝင်စရာအချက်တစ်ခုကို တွေ့ခဲ့ရတယ်... ပျောက်ဆုံးသွားသူ ရှစ်ယောက်ဟာ သိုင်းလောကမှာ လက်တွေ့ကျင်လည်ကျက်စားခြင်းမပြုဘဲ နာမည်ကြီးနေတဲ့ ရွက်ပုန်းသီးတွေကို ပြင်းပြင်းထန်ထန် ဝေဖန်ဆန့်ကျင်ခဲ့သူတွေ ဖြစ်နေတာပဲ... သူတို့ ပျောက်ဆုံးသွားတာဟာ ရွက်ပုန်းသီးတွေရဲ့ လက်ချက်ကြောင့်လို့ သံသယဖြစ်စရာပဲ... "

ဝူးရိ ပင့်သက်ရှိုက်လိုက်လေသည်။

သူကိုယ်တိုင်လည်း ရွက်ပုန်းသီးတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

သိုင်းလောကသားများသည် သူ့အား သွေးအေးသိုင်း သမားဟု အမည်ပေးထားကြသည်ကို သူ သိရှိထားပြီးဖြစ်သည်။



သို့သော်...

ထိပ်တန်းသိုင်းသမားကြီးရှစ်ယောက် ပျောက်ဆုံးသွားသည့်ကိစ္စမှာ သူနှင့်ပတ်သက်ခြင်း အလျဉ်းမရှိခဲ့ချေ။

လီစုပြောသကဲ့သို့ ရွက်ပုန်းသီးဖြစ်သော မင်းသားလေးနှင့် ပတ်သက်နေသည်လော။

စန်းတုံးသည်ပင် မင်းသားလေး ဖြစ်နေသည်လော။

လီစုက အရက်တစ်ခွက်ငှဲ့သောက်လိုက်သလို အသားတစ်တုံး စားလိုက်သည်။

"မင်းလည်း စားလိုက်ပါဦး... "

ဝူးရိ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... "

နှစ်ယောက်သား စကားမပြောဖြစ်တော့ဘဲ စားသောက်လိုက်ကြလေသည်။

ဆိုင်ထဲ၌ စကားပြောသံများ ရယ်သံများ ဖွန်းသံ၊ ပန်းကန်သံများ ထွက်ပေါ်နေပါသည်။

အတော်ကလေး ကြာတော့မှ...

"ကျုပ်စိတ်ထဲမှာ ထင်နေတာ တစ်ခုရှိတယ်... "

လီစုက ပြောလာသည်။

ဝူးရိ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ဦးက... "

"စန်းတုံးဆိုတဲ့ မင်းသားလေးက ကျုပ်ကို စိန်ခေါ်သလို ပြောသွားတယ်... သူ့စကားအတိုင်းဆိုရင် ထူးခြားမှုတစ်ခု မကြာ

www.burmeseclassic.com

www.burmeseclassic.com



ခင် ဖြစ်ပေါ်လာလိမ့်မယ်ဆိုတာ အသေအချာပဲ…”

ဝူးရီ၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

လီစုက ဆက်ပြောသည်။

“စန်းတုံးဟာ မင်းသားလေးဆိုတာရယ်… မင်းဟာ သွေး အေးသိုင်းသမား ဖြစ်တယ်ဆိုတာရယ်… ကျုပ်က တပ်အပ်သေချာ ပြောချင်တယ်… မင်း ဘယ်လိုသဘောရသလဲ… ”

“ကျွန်တော်… ”

ဝူးရီ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

လီစု လက်ကာပြလိုက်သည်။

“သိုင်းသမားကြီးတွေဟာ သိုင်းလောကအတွေ့အကြုံ ကြွယ်ဝတယ်… ဗဟုသုတ ပြည့်စုံတယ်… ဉာဏ်ရည်ထက်မြက် ကြပါတယ်… တချို့ကိစ္စတွေဟာ တွေးကြည့်ရုံနဲ့ သိနိုင်ပါတယ်”

ဝူးရီ ဘာမှမပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေ တော့သည်။

ထိုအချိန်မှာပင်…

ဆိုင်ထဲမှလူအများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည် ကိုတွေ့မြင်လိုက်ရလေသည်။

ဆူဆူညံညံ စကားသံများလည်း ထွက်ပေါ်လာသည်။

“သည်သတင်း အမှန်ပဲလား… ”

“တော်တော် ရမ်းကားပါလား… ”

“တရားခံ ဘယ်သူတဲ့လဲ… ”

ကြားလိုက်ရသော စကားသံများကြောင့် ဝူးရီနှင့်လီစု တို့ လှမ်းကြည့်လိုက်ကြလေသည်။



ဆိုင်ထဲသို့ စားသောက်ရန် ယခုမှ ဝင်ရောက်လာသူ တစ်ယောက်သည် ထူးခြားသောသတင်းတစ်ခု သယ်ဆောင်လာ ပုံရလေသည်။

ထိုလူနှင့် ခင်မင်ရင်းနှီးသူများက ဝိုင်းဝန်းမေးမြန်းနေ ကြခြင်းဖြစ်သည်ကို တွေ့ရလေသည်။

ထိုလူက အရက်တစ်ခွက်သောက်ပြီး ရှင်းပြသည်။

“ကျုပ်လည်း သွားရင်းလာရင်း ကြားခဲ့ရတာပဲ… ဘယ် လိုဘယ်ပုံ ဖြစ်တယ်ဆိုတာတော့ မသိဘူး… သိုင်းပြိုင်ပွဲကိုလာတဲ့ အရှေ့ပိုင်းနဂါးသုံးဖော်ဟာ မြို့စွန်မှာ မရှုမလှသေဆုံးနေကြ တယ်… ဘယ်သူက သတ်သွားတယ်ဆိုတာ မသိဘူး…မြို့တော်ဝန် နဲ့ သိုင်းသမားကြီးတွေ သွားပြီးစစ်ဆေးနေကြပြီ… ”

လီစုနှင့် ဝူးရီတို့ တစ်ယောက်ကိုတစ်ယောက် ကြည့် လိုက်မိကြလေသည်။

အရှေ့ပိုင်းနဂါးသုံးဖော်ဖြစ်သည့် လုံတတို့သုံးယောက် တား ကြမ္မာဆိုးနှင့် ကြုံတွေ့သွားရပြီ ဖြစ်သည်။

သူတို့အား မည်သူက လုပ်ကြံသွားပါသနည်း။

လီစု မျက်နှာပျက်သွားသည်။

“ကျုပ်ထင်တဲ့အတိုင်း ဖြစ်လာပြီ… ”

ဝူးရီက သူ့အား ကြည့်လိုက်လေသည်။

လီစု အံကြိတ်လိုက်၏။

“မင်းသားလေးစန်းတုံးကတော့ ကျုပ်ကို ပညာပြလိုက် ပြီ… သည်ကိစ္စကို အမြန်ဆုံးဖြေရှင်းရမယ်… သူ့ကို လိုက်ရှာရ မယ်… ”

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ထိုင်ရာမှထရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

"ကျုပ်ကို လိုက်ရှာမယ်ဆိုတာ ဘယ်သူများလဲဗျာ..."

စကားသံတစ်ချက် ထွက်ပေါ်လာပြီး စန်းတုံးက ဆိုင်ထဲသို့ ဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

# ထိပ်တိုက်

စန်းတုံးသည် ဆိုင်ထဲသို့ ရောက်လာသည်နှင့် ဝူးရိတို့ ထိုင်နေသော စားပွဲဆီသို့ တန်းတန်းမတ်မတ် လှမ်းလာလေသည်။

စန်းတုံး၏အသွင်ကြောင့် ဝူးရိ အံ့သြသွားသည်။

စန်းတုံးသည် အမှန်တကယ်လည်း မင်းသားလေး တစ်ယောက်ပမာ ရုပ်ရည်ရူပကာ ချောမောခန့်ညားသူ ဖြစ်သည်။

သူ့အား လိုက်ရှာမည့် လီစုရှိနေသည့် စားသောက်ဆိုင်ထဲ ဝင်လာသည်က ရဲတင်းလွန်းသည်ဟု ဆိုနိုင်ပါတော့သည်။

လီစု ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"မင်း..."

စန်းတုံးက ရယ်မောလိုက်သည်။

"ကျုပ်ရောက်လာလို့ အံ့သြသွားသလားဗျာ... ကျုပ်ကို လိုက်ရှာမယ်လို့ ကြားမိပါတယ်... ဘာကြောင့်များလဲ... ပြောပါဦးဗျာ..."

လီစု ဒေါပွသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း... မင်း... ကျုပ်ကို စိမ်ခေါ်သွားတဲ့အတိုင်း နဂါးသုံးဖော်ကို ဒုက္ခပေးလိုက်တာပေါ့ ဟုတ်လား... "

စန်းတုံးက ဘာမှမပြောဘဲ ထိုင်ခုံ၌ထိုင်ချကာ အရက်တစ်ခွက် ငှဲ့သောက်လိုက်လေသည်။

ဝူးရိုက ဘာမှမပြောဘဲ စောင့်ကြည့်နေလေသည်။

လီစု အံကြိတ်လိုက်သည်။

"နဂါးသုံးဖော်ဟာ မင်းနဲ့ ဘယ်လိုရန်ငြိုးရန်စ ရှိလို့လဲ... မင်းရဲ့လုပ်ရပ်ကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး... မြို့တော်ဝန်ဆီသွားရင်... မင်းကိုဖမ်းပြီး သေဒဏ်အပြစ်ပေးမှာပဲ... ကျုပ်ကိုယ်တိုင် မင်းကိုဖမ်းပြီး မြို့တော်ဝန်ဆီကို ပို့မယ်... "

"ဟား... ဟား... ဟား... "

စန်းတုံး ဟားတိုက်ရယ်မောလိုက်လေသည်။

"ခင်ဗျားဟာ အရူးတစ်ယောက်လို လျှောက်ပြောနေတာကို... ကျုပ်မှာ အပြစ်ရှိတယ်ဆိုတာ ဘယ်လိုသက်သေအထောက်အထား ပြမလဲ... နဂါးသုံးဖော်ကို သတ်တဲ့လူဟာ... လူအများစုဝေးနေတဲ့ စားသောက်ဆိုင်ကို လာဝံ့မလား... ဝေးရာကို ထွက်ပြေးသွားတော့မှာပေါ့... မဟုတ်လား... "

ဝူးရိုက အကျိုးအကြောင်းဆီလျော်စွာ ပြောနေသော စန်းတုံးအား အကဲခတ်ကြည့်နေမိသည်။

လီစု မျက်မှောင်ကုတ်သွားသည်။

"ဒါဖြင့်... နဂါးသုံးဖော်ကို လုပ်ကြံလိုက်တာ မင်း မဟုတ်ဘူးပေါ့... "

စန်းတုံး ပြုံးလေသည်။



"ခင်ဗျား ဘယ်လိုထင်သလဲ... "

"မင်း... မင်း... "

လီစုမှာ မည်သို့ပြောရမှန်းမသိ ဖြစ်နေတော့သည်။

စန်းတုံး သက်ပြင်းချလိုက်လေသည်။

"နဂါးသုံးဖော်ဟာ သိုင်းပညာမဆိုးပါဘူး... ဒါပေမယ့် သူတို့ဟာ ကိုယ့်ကိုယ်ကို အထင်ကြီးကြတယ်... သိုင်းလောကမှာ နာမည်မရှိပေမယ့် သူတို့ထက်တော်တဲ့ လက်ပုန်းသီးတွေ ရှိတယ်ဆိုတာကို လက်မခံချင်ကြဘူး... "

"သူတို့ဟာ အစွန်းရောက်နေတဲ့ တစောက်ကန်းသမားတွေ မဟုတ်ဘူး... နတ်ကွန်းပျက်မှာ မင်းတို့ ဆုံတွေ့ခဲ့ကြသေးသာပဲ... မင်းရဲ့လက်ချက် မဟုတ်ရင် ဘယ်သူ့လက်ချက်လဲ... "

စန်းတုံး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ရဲ့လက်ချက် မဟုတ်ဘူးလို့ ဘယ်သူကပြောလဲ... "

"မင်း... "

"ကျုပ်က သူတို့သုံးယောက်ကို ကိုယ့်ကိုယ်ကို သိုင်းသမားလို့ ခံယူထားပြီး... သိုင်းပညာဘယ်လောက်များ ရှိသလဲလို့ ကြည့်တော့ မခံမရပ်နိုင် ဖြစ်သွားကြတယ်... ကျုပ်အနေနဲ့တော့ တကယ့်ပညာရှိမှ သိုင်းသမားဘဝခံယူတာ ကောင်းမယ်ဆိုတော့... သူတို့နဲ့ကျုပ် ယှဉ်ပြိုင်ဖို့ ဖြစ်လာတာပေါ့... အင်း... သာက်ပေါင်းလို့ သိုင်းသုံးကွက်မပြည့်လိုက်ပါဘူးဗျာ... ဟန်ပြီး အဆန်မရှိတဲ့ ခရုတွေလိုပါပဲ... "

လီစု ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နဂါးသုံးဖော် သေဆုံးသွားရသည်မှာ သူ၏လက်ချ
ကြောင့် ဖြစ်သည်ဟု စန်းကုံးက ဝန်ခံနေပြီမဟုတ်ပါလား။

"မင်းကို ဘယ်နည်းနဲ့မှ အလွတ်မပေးနိုင်ဘူး..."

လီစုက ကြုံးဝါးလိုက်သောအခါ စန်းတုံး ခေါင်းညိတ်
လိုက်သည်။

"ရပါတယ်ဗျာ... မြို့ပြင်မှာ စောင့်နေပါ... ကျုပ် လိုက်
ပါ့မယ်... ကျုပ်ကို အနိုင်ယူမယ်ဆိုရင် ခင်ဗျား ကြိုက်သလိုလု
ပါ... ကျုပ် ခေါင်းငုံ့ခံပါ့မယ်... ခုတော့... ဗိုက်ဆာလို့ နည်းနည်း
ပါးပါး စားသောက်ပြီးမှ လိုက်ခဲ့ပါရစေဗျာ..."

"ကောင်းပြီ... မင်းလိုက်ဝံ့ရင် ယောကျ်ားကောင်း
ယောက်ပဲ..."

လီစုက ခြေသံပြင်းပြင်းနင်းကာ စားသောက်ဆိုင်
ထွက်ခွာသွားလေတော့သည်။

လီစု ထွက်သွားပြီဖြစ်လေသည်။

ဝူးရိက မလှုပ်မယှက်ထိုင်နေဆဲ...

စန်းတုံးက ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ
စရာများ မှာကြားစားသောက်လိုက်လေသည်။

အမှန်ပင်...

ဆာလောင်မွတ်သိပ်နေသူ တစ်ယောက်ပမာ
ပါးရ စားသောက်လိုက်ခြင်း ဖြစ်လေသည်။

စားသောက်ဆိုင်အတွင်း၌ ရှိနေသူများသည်



အဖော်နှင့်ကိုယ် ပြောဆိုစားသောက်ရင်း ဝူးရို၊ စန်းတုံးနှင့်လီစု
တို့အား သတိမပြုမိကြချေ။

လီစုနှင့်စန်းတုံးတို့ ပြဿနာဖြစ်ပေါ်ခဲ့သည်ကိုလည်း
မသိလိုက်ကြတော့ချေ။

ဝူးရိသည် စန်းတုံးအား ပို၍စိတ်ဝင်စားသွားသည်။

တိတ်ဆိတ်စွာဖြင့် အခြေအနေစောင့်ကြည့် အကဲခတ်
နေလိုက်လေသည်။

စန်းတုံးက စားသောက်ပြီးစီးသွားမှ ဝူးရိအား ပြုံးပြ
လိုက်သည်။

"သိုင်းလောကမှာ နာမည်ကြီးနေတဲ့ သိုင်းသမားတွေ
ဟာ အလိုလိုနေရင်း နားထင်သွေးရောက်နေတဲ့လူတွေလို့ ကျုပ်
ပြောရင် ခင်ဗျား လက်ခံမလား..."

ဝူးရိက အဖြေမပေးဘဲ နေလိုက်သည်။

စန်းတုံးက ဆက်ပြောလေသည်။

"နားထင်သွေးရောက်နေသူတွေ များလာတော့... သိုင်း
လောကကြီးဟာ မတိုးတက်နိုင်တော့တဲ့အပြင် တဖြည်းဖြည်း
ဆုတ်ယုတ်လာတယ်... သည်အဖြစ်ဆိုးကြီး ရပ်တန့်သွားအောင်
လုပ်စရာ နည်းလမ်းတစ်ခုပဲ ရှိတယ်ဆိုရင်ကော... ခင်ဗျား လက်
ခံမလားဟင်..."

ဝူးရိ ရင်ထိတ်သွားလေသည်။

စန်းတုံး ပြောသည့်နည်းလမ်းမှာ မည်သို့သောနည်းလမ်း
ဖြစ်ပါသနည်း။

ကျော်ကြားနေသော သိုင်းသမားများအား ဆုံးမခြင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကတစ်ခုလုံး တုန်လှုပ်ချောက်ချားသွားမည် ဖြစ်သည်။

ကြောက်မက်ဖွယ်ကောင်းအောင် သိုင်းပညာတော်သူများရှိနေသေးသည်ကို သိမြင်သွားကြပြီး ရင်ဆိုင်နိုင်ရန် ကြိုးစားကြတော့မည် ဖြစ်သည်။

ထိုအခါ၌...

လက်ရှိအနေအထားထက် ပို၍ထူးချွန်ပြောင်မြောက်သော သိုင်းသမားများ ထွက်ပေါ်လာလိမ့်မည် ဖြစ်လေသည်။

ဤကား... စန်းတုံး လိုလားသည့် သိုင်းလောကတိုးတက်မှုပင် ဖြစ်ချေသည်တကား။

စန်းတုံး၏အကြံသည် သိုင်းလောကတစ်ခုလုံး ကမောက်ကမဖြစ်သွားစေမည့် ထိတ်လန့်တုန်လှုပ်စရာ အကြံအစည်မျိုး ဖြစ်သည်ဟု ဆင်ခြင်မိလေသည်။

စန်းတုံးက ဆက်ပြောပြန်သည်။

"သိုင်းပညာရပ်တွေ တကယ်တမ်း တိုးတက်လာဖို့ အားလုံးထက်ပိုပြီး အလေးထားတယ်ဆိုတာ ကျုပ်တို့အချင်းချင်းပဲ သိနိုင်ပါလိမ့်မယ်... သည်မှာ ငူးရှိ ခင်ဗျားကို ရွက်ဖုန်းသီး သွေးအေးသိုင်းသမားလို့ သိုင်းလောကသားတွေ ကင်ပွန်းတပ်ထားကြတာ ခင်ဗျား သိမှာပါ... ကျုပ်တို့နှစ်ယောက် အတူလက်တွဲ ဆောင်ရွက်ကြရင် မကောင်းဘူးလားဗျာ... "

ငူးရှိ ငိုင်သွားသည်။

စန်းတုံးက သူ မည်သူမည်ဝါဖြစ်သည်ကိုပင် သိနှင့်နေသည် မဟုတ်ပါလား။

"ကျုပ်ဟာ သိုင်းလောကကို အသက်နဲ့ထပ်တူ တန်ဖိုး



ထားပါတယ်... စိတ်ဝင်စားပါတယ်... ဒါပေမယ့် ကိုယ်တိုင်ပါဝင်လှုပ်ရှားဖို့တော့... ဘယ်တော့မှ စိတ်မဝင်စားခဲ့ဘူး... "

စန်းတုံး မျက်မှောင်ကြုတ်သွားသည်။

"ကျုပ် ဖိတ်ခေါ်တာကို လက်မခံနိုင်ဘူးဆိုပါတော့"

"ဟုတ်ပါတယ်... "

ငူးရှိက ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်လေသည်။

စန်းတုံး အားမလို အားမရ ဖြစ်သွားလေသည်။

"ခင်ဗျား ဘာကြောင့် ကျုပ်နဲ့လက်မတွဲနိုင်ရတာလဲ"

"ကျုပ်ရဲ့သဘောထားကို ပြောပြီးပါပြီဗျာ... "

"ဘာလဲ... သိုင်းလောကသားတွေကို ခင်ဗျား စိုးရွံ့နေရလို့လား... "

စန်းတုံးက အရွဲ့တိုက်ကာ မေးလိုက်သောအခါ ငူးရှိ ပြုံးလိုက်လေသည်။

"ကျုပ်က သိုင်းလောကသားမှ မဟုတ်တာ... ဘာကို မျှား စိုးရွံ့နေရမှာလဲ... "

"ခင်ဗျား တကယ်ပဲ ကျုပ်နဲ့ လက်မတွဲနိုင်ဘူးပေါ့... "

"ဟုတ်ပါတယ်... ခုလို ငြင်းရတာ ဝမ်းနည်းပါတယ်ဗျာ"

"ကောင်းပြီ... "

စန်းတုံး ထိုင်ရာမှထလိုက်သည်။

ဆိုင်လုလင်တစ်ယောက်ကို ခေါ်ကာ စားသောက်ခ ကျသင့်ငွေ ပေးချေလိုက်သည်။

ပြီးမှ ငူးရှိကို နှုတ်ဆက်လိုက်လေသည်။

"ငူးရှိ... ခင်ဗျားနဲ့ကျုပ် မိတ်ဆွေမဖြစ်နိုင်ရင်တော့ ရန်

www.burmeseclassic.com

www.burmeseclassic.com



သူမဖြစ်ချင်ဘူး... တစ်နေ့ကျရင်... ခင်ဗျား လေ့လာထားတဲ့ ပညာတွေနဲ့ ကျုပ် လေ့လာထားတဲ့ ပညာတွေ ဘယ်ပညာက သာတယ်ဆိုတာ ဆွေးနွေးဖလှယ်ချင်သေးတယ်... ”

“ဝူးရီ ခေါင်းညိတ်လိုက်သည်။

“ကျုပ်လည်း စိတ်ဝင်စားပါတယ်ဗျာ... ”

စန်းတုံးက ပြုံး၍ ချာခနဲလှည့်ထွက်သွားလေတော့သည်။

✿ ✿ ✿

# သိုင်းပညာ

လေဝှေ့ယမ်းတိုက်ခတ်လာသော်အခါ သစ်ရွက်ခြောက်များ ကြွေကျလာလေသည်။

မွှေးကြိုင်သင်းပျံ့သော တောပန်းရနံ့များမှာ ဝန်းကျင်တစ်ခုလုံး ကြိုင်လှိုင်သင်းပျံ့သွား၏။

လီစုက အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ ရပ်ကာ မြေနီလမ်းကလေးအတိုင်း လျှောက်လှမ်းလာနေသည့် စန်းတုံးအား တွေ့မြင်လိုက်ရလေသည်။

လီစု၏မျက်နှာ ခက်ထန်တင်းမာသွားသည်။

သူသည် စန်းတုံးအား အမုန်းကြီးမုန်းသွားပြီ ဖြစ်လေသည်။

စန်းတုံးသည် လေညင်းခံထွက်လာသူပမာ တစ်လှမ်းချင်းလှမ်းလာလေသည်။

လီစုနှင့် မလှမ်းမကမ်းသို့ရောက်မှ ခြေလှမ်းရပ်ကာ နှုတ်ဆက်လိုက်လေသည်။

“ကျုပ်ကို ကြာကြာမစောင့်လိုက်ရပါဘူးနော်... ”

www.burmeseclassic.com

www.burmeseclassic.com



လီစု အံကြိတ်လိုက်၏။

"အပိုတွေ ပြောမနေနဲ့... သူတစ်ပါးကို အပြစ်ပြောပြီး တကယ်တမ်းသွေးနာထင်ရောက်နေသူဟာ မင်းပဲ... မင်းကို ငါ ဆုံးမရမယ်... "

စန်းတုံး ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူး... ရှင်းရှင်းပြော ရရင် သိုင်းလောကမှာ နာမည်ကြီးနေတဲ့ သိုင်းသမားကြီးတွေရဲ့ ပညာတွေကို ကျုပ်လေ့လာပြီးပါပြီ... ဘာမှအထင်ကြီးစရာ မရှိ ပါဘူးဗျာ... "

"မင်း... မင်း... "

စန်းတုံး၏စော်ကားမော်ကားနိုင်လှသော စကားကြောင့် လီစု ဒေါသချောင်းချောင်း ထွက်သွားလေတော့သည်။

လက်ဝါးနှစ်ဖက်၌ အတွင်းအား စုစည်းကာ စတင်တိုက် ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

"ဟား... ဟား... ဟား... "

စန်းတုံးက ရယ်မောလိုက်လေသည်။

"ခင်ဗျားရဲ့ အတွင်းအားပညာက ထိပ်သီးမိုးထိအဘိုးအို ကိုတောင် ယှဉ်နိုင်တယ်လို့ ကျော်ကြားပါတယ်... ကျုပ် လေ့လာ သိရှိထားသလောက်တော့... ခင်ဗျားရဲ့နှစ်ဆင့်ရိုက်ချက်ဟာ အစွမ်းထက်ဆုံးပါပဲ... ဒါပေမယ့် ကျုပ်ကတော့ လစ်ကွက်... ဟာ ကွက်တွေပြည့်နေတဲ့ သိုင်းကွက်လို့ပဲ မြင်မိတယ်... "

လီစု မည်သို့မျှ စိတ်မထိန်းနိုင်တော့ပါချေ။

"ကောင်းပြီ... လစ်ကွက်ဟာကွက်တွေ ပြည့်နေတဲ့—



ကျုပ်ရဲ့နှစ်ဆင့်လက်ဝါးသိုင်းကွက်ကို မြည်းစမ်းကြည့်ပါဦး"

စကားဆုံးလျှင် လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်ထုတ်လိုက် လေသည်။

ယာဘက်လက်ဝါးကို ဖျတ်ခနဲဖြင့် တစ်ချက်ရိုက်ပြီးသည် နှင့် လက်ဝဲဘက်လက်ဝါးကို အားကုန်ဆန့်ထုတ်ကာ ရိုက်ထုတ် လိုက်လေသည်။

"ဟူး... ဟူး... "

လေတိုးသံများ ထွက်ပေါ်လာသည်။

လက်ဝါးအရှိန်မှ ဖြစ်ပေါ်လာသော ပြင်းထန်သည့် လေ ရှူလှိုင်းများသည် စန်းတုံးထံသို့ တိုးဝင်သွားလေတော့သည်။

လက်ဝါးရိုက်ချက်နှစ်ချက် မတူပါ။

တစ်ခုက နှေးပြီး တစ်ခုက မြန်သည်။

လက်ဝါးရိုက်ထုတ်ရာ၌ အသုံးပြုလိုက်သော အတွင်း အားချင်းလည်း မတူပါ။

ထို့ကြောင့်...

ခုခံဖို့ ရှောင်တိမ်းဖို့ခက်ခဲသော ပရိယာယ်များလှသည့် လက်ဝါးရိုက်ချက်များ ဖြစ်နေလေသည်။

"ဟား... ဟား... ဟား... "

စန်းတုံးကား အကြောက်အလန့်မရှိ ဟားတိုက်ရယ်မော လေသည်။

"ခင်ဗျားပညာ... ဒါအကုန်ပဲလား... "

ပမာမခန့် ခနဲ့ကာ ခန္ဓာကိုယ်တစ်ပတ်လှည့်လိုက်လေ ပြီး

www.burmeseclassic.com

www.burmeseclassic.com



စန်းတုံး၏ခန္ဓာကိုယ်သည် မွတ်နေအောင် လည်နေ သည့် ဂျင်တစ်လုံးပမာ ရှေ့သို့ ရွေ့လျားသွားပြီး၊ လီစု အနီးသို့ ရိပ်ခနဲ ရောက်ရှိသွားလေသည်။

လီစု၏ပြင်းထန်သော လက်ဝါးရိုက်ချက်ကို ပွတ်ကာ သီကာ ရှောင်ရင်း အနီးသို့ အရောက်လာနိုင်ခဲ့ခြင်း ဖြစ်ပေတော့ သည်။

"ဟင်..."

မမျှော်လင့်သော အဖြစ်ကြောင့် လီစုကြောင်အမ်းအမ်း ဖြစ်သွားစဉ်မှာပင် စန်းတုံးသည် အနီးသို့ရောက်လာပြီး လက်ဝါး ဖြင့် ရိုက်ချလိုက်လေသည်။

လီစု ထိတ်လန့်ကာ ကပျာကယာ ရှောင်တိမ်းရန် ကြိုး စားလိုက်သော်လည်း မလွတ်မြောက်နိုင်တော့ပါ။

စန်းတုံး၏လက်ဝါးသည် သူ၏ရင်ဝအား တည့်တည့် မတ်မတ်ရိုက်ချမိလိုက်လေတော့သည်။

"ဝုန်း..."

"အား..."

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာ၍ လီစုမှာ အဝေးသို့လွင့်စဉ်သွားလေတော့သည်။

အဖြစ်အပျက်မှာ မယုံနိုင်စရာ ကောင်းလှပေသည်။

ထိတ်ထိတ်ကြဲသိုင်းသမားကြီးလီစုသည် ထင်ရှား မရှိသော စန်းတုံး၏လက်ချက်ဖြင့် မရှုမလှ အရေးနိမ့်သွားပြီး



လေသည်။

စန်းတုံးက သိုင်းကွက်တစ်ကွက်တည်းဖြင့် အနိုင်ယူ လိုက်ခြင်း ဖြစ်လေသည်။

"ဟား... ဟား... ဟား..."

စန်းတုံးက ဟားတိုက်ရယ်မောလိုက်၏။

လီစုသည် လဲကျသွားရာမှ ကပျာကယာ လူးလိမ့်ထ လိုက်လေသည်။

နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျနေသည်။

"မင်း... မင်း..."

"ခင်ဗျား ရှုံးသွားရတာ ဘာကြောင့်လဲ ဆိုတာကော သိရဲ့လား..."

"တောက်..."

လီစု ဒေါသတကြီး တက်ခေါက်လိုက်လေသည်။

စန်းတုံးက ရှင်းပြလိုက်လေသည်။

"ခင်ဗျားဟာ ထိပ်တန်းသိုင်းသမားကြီး တစ်ယောက်ဆို ပြီး ကိုယ့်ကိုယ်ကို အထင်ကြီးနေတယ်... ရထားတဲ့ သိုင်းပညာ အဆင့်လောက်နဲ့ ကျေနပ်နှစ်သိမ့်နေတယ်... ခုထက်ပိုပြီး တိုး တက်အောင်လုပ်ဖို့ မစဉ်းစားတော့ဘူး... ဒါကြောင့်... သိုင်းပညာ ရပ်တွေကို အသက်ရှူလိုက်တိုင်း ဘယ်လိုတိုးတက်အောင် လုပ်ရ မယ်လို့ တွေးတောကြံစည်နေတဲ့ ကျုပ်ကို မယှဉ်နိုင်တာပေါ့ ဗျာ..."

လီစု အံကြိတ်လိုက်လေသည်။

"မင်းကို ငါ ရှုံးသွားတာ... ငါ ဝန်ခံတယ်... မင်းဟာ

www.burmeseclassic.com

www.burmeseclassic.com



ရွက်ပုန်းသီးတစ်ယောက် ဖြစ်ပေမယ့်… ငါ့ထက် သိုင်းပညာ ပိုတော်နေတယ်… ဒါပေမယ့် ပျောက်ဆုံးသွားတဲ့ သိုင်းသမား ရှစ်ယောက်နဲ့ မကြာသေးခင်က လုပ်ကြံခံလိုက်ရတဲ့ နဂါးသုံးဖော် အတွက် မင်းကို ချမ်းသာမပေးနိုင်ဘူး… ”

စန်းတုံး ခေါင်းခါယမ်းလိုက်သည်။

“ခင်ဗျား ဘာများတတ်နိုင်မှာမို့လဲဗျာ… ”

“မင်းရဲ့အကြောင်းကို မြို့တော်ဝန်ဆီကိုတော့ ကျုပ်က သတင်းပို့နိုင်ပါသေးတယ်… ”

“ဟား… ဟား… ဟား… ”

စန်းတုံးက ဝါးလုံးကွဲ ရယ်ချလိုက်လေသည်။

“အိပ်မောကျနေတဲ့ သိုင်းလောကသားတွေ လန့်နိုးလာ အောင် လုပ်ဖို့ ကျုပ် ဆုံးဖြတ်ပြီးပါပြီဗျာ… ခင်ဗျား လာအောင် လုပ်ဖို့ ကျုပ် ဆုံးဖြတ်ပြီးပါပြီ… ခင်ဗျား ဘာမှမတတ်နိုင်ပါဘူး… ကျုပ်ကို ဘယ်သူကမှ တားဆီးလို့ရမှာ မဟုတ်ပါဘူး… ”

စကားဆုံးသည်နှင့် ရှေ့သို့တိုးလိုက်လေသည်။

လီစု မျက်နှာပျက်သွားသည်။

စန်းတုံးမှာ မြွေဟောက်တစ်ကောင်ထက်ပင် ကြောက် စရာကောင်းသူဖြစ်ကြောင်း သဘောပေါက်လိုက်လေသည်။

လက်ဝါးနှစ်ဖက်၌ အတွင်းအား စုစည်းကာ ခုခံရင်ဆိုင် ရန် အသင့်ပြင်ထားလိုက်သည်။

စန်းတုံး၏မျက်နှာ တည်သွားသည်။

“ခင်ဗျားအတွက် ဝမ်းနည်းပါတယ်ဗျာ… ”

ပြောပြီး လက်တစ်ဖက် ရှေ့သို့ ဆန့်ထုတ်လိုက်လေ



သည်။

ထိုတဒင်္ဂအချိန်လေးအတွင်းမှာပင်…

“ရပ်လိုက်… ”

ဟန့်တားသံနှင့်အတူ ပြေးလွှားလာနေသော ခြေသံများ ကို ကြားလိုက်ရလေသည်။

စန်းတုံး လှည့်ကြည့်လိုက်သောအခါ လူသုံးယောက် ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

လူသုံးယောက် ပြေးလွှားရောက်ရှိလာကြလေသည်။

ထိုလူသုံးယောက်မှာ ခိုင်ဖုံးသိုင်းပြိုင်ပွဲ၌ ဆုအသီးသီးရခဲ့ သည့် ယန်းကိုး၊ ဖုံးဝေနှင့် ကျုံချူး ဆိုသူတို့ဖြစ်ကြလေသည်။

နဂါးသုံးဖော်လုပ်ကြံခံရသည့်ကိစ္စမှာ ခိုင်ဖုံးတစ်မြို့လုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားစေခဲ့ရာ လောလောလတ်လတ်ဆုရ ထားသော လူငယ်သိုင်းသမားသုံးယောက်သည် အခြားသော သိုင်းသမားများနှင့်အတူ လူသတ်တရားခံအား ရှာဖွေရာ၌ ပါဝင် ခဲ့ကြလေသည်။

ယန်းကိုးတို့သုံးယောက် မြို့ပြင်သို့ရောက်လာချိန်၌ လီစု နှင့် စန်းတုံးတို့ ယှဉ်ပြိုင်တိုက်ခိုက်နေကြသည်ကို တွေ့ရသော ကြောင့် ဟန့်တားရင်း ပြေးလွှားလာခဲ့ကြခြင်းပင် ဖြစ်လေသည်။

စန်းတုံးသည် ဆုရထားသော လူငယ်သုံးယောက်ကိုမြင် သည့်အခါ အားရပါးရ ပြုံးလိုက်လေသည်။

“ခိုင်ဖုံးသိုင်းပြိုင်ပွဲက ပညာရှင်တွေပါလား… ”

www.burmeseclassic.com

www.burmeseclassic.com



ယန်းကိုးတို့သုံးယောက်သည် စန်းတုံးအား ဝိုင်းရံထား
လိုက်ကြလေသည်။

သူတို့သည် လီစုအား ကောင်းစွာသိရှိထားပြီး ကြည်ညို
လေးစားကြသူများ ဖြစ်ကြလေသည်။

ယန်းကိုးက လီစုကို ဦးညွှတ်လိုက်သည်။

"ဆရာကြီးလီစု ခင်ဗျာ... သည်လူက ဆရာကြီးကို ရန်
ရှာနေတယ်ဆိုရင် သူ့ကိုဆုံးမဖို့ ကျွန်တော်တို့ကို ခွင့်ပြုပါ..."

လီစု ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး... မင်းတို့ သူကိုယှဉ်နိုင်မှာ မဟုတ်ဘူး... မင်း
တို့လုပ်ရမယ့်အလုပ်က မြို့တော်ဝန်ကို အမြန်ဆုံးသွားခေါ်လိုက်
ကြဖို့ပဲ..."

ယန်းကိုး မကျေမနပ်ဖြစ်သွားသည်။

လူငယ်များဖြစ်ကြသလို မကြာသေးမီကမှ ဆုများ
ထားကြသည်ဖြစ်ရကား စန်းတုံးအား မယှဉ်နိုင်ဟူသော စကား
ကြောင့် နာသာခံခက် ဖြစ်သွားကြလေသည်။

"ကိစ္စမရှိပါဘူး ဆရာကြီး... သူ့ကို ကျွန်တော်တို့ ဆုံး
ပေးပါ့မယ်..."

ယန်းကိုးသည် ပြောသံပေးကာ စန်းတုံးအား စတင်တိုက်
ခိုက်လိုက်လေသည်။

"ဟား... ဟား... ဟား..."

စန်းတုံး ဟားတိုက်ရယ်မောလိုက်လေသည်။

ယန်းကိုး တိုက်ခိုက်လိုက်သည့် လက်ကိုသူ၏လက်ဝါ
ဖြင့် အသာအယာဖယ်ထုတ်လိုက်ပြီး ကျန်လက်တစ်ဖက်က လက်



ဝါးစောင်းအသွင်ဖြင့် ယန်းကိုး၏လက်ကုတ်သို့ ခုတ်ချလိုက်လေ
သည်။

အဖြစ်အပျက်ကား လျှင်မြန်လွန်းလှပေသည်။

"ဖြောင်း..."

"အား..."

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာကာ
ယန်းကိုးမှာ မြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားတော့သည်။

"ဟင်..."

"ဟာ..."

ဖုံးဝေနှင့် ကျုံချူးတို့ တအံ့တသြဖြစ်သွားကြလေသည်။

နိုင်ငံဖုံးပြိုင်ပွဲ၌ ပထမဆုရ ယန်းကိုးသည် စန်းတုံးနှင့် ရင်
ဆိုင်လိုက်မိသည်နှင့် ချက်ချင်းပင် အသက်ပျောက်သွားသည်
မဟုတ်ပါလား။

နှစ်ယောက်သား ကြောက်လန့်သွားကာ နောက်ဆုတ်
လိုက်ကြလေသည်။

"မင်းတို့သုံးယောက်ပါ ဆုံးမခံလိုက်ရပြီဆိုမှ... သိုင်း
လောကကြီးဟာ ပိုပြီးလှပ်ရှားလာလိမ့်မယ်..."

စကားဆုံးသည်နှင့် ရှေ့သို့လျှပ်တစ်ပြက်တိုးကာ တိုက်
ခိုက်လိုက်လေသည်။

ဖုံးဝေနှင့် ကျုံချူးတို့ ကြောက်လန့်တကြားဖြင့် ကမျာ
ကယာ ခုခံလိုက်ကြသော်လည်း နောက်ကျသွားပြီ ဖြစ်သည်။

"အား..."

"အမလေး..."

www.burmeseclassic.com

www.burmeseclassic.com



ရှုးရှသော အော်ဟစ်သံများ ထွက်ပေါ်လာကာ ဖုံးဝေနှင့် ကျုံချုံးတို့ မြေပေါ်လဲကျသွားကြလေတော့သည်။

စန်းတုံးက လီစုကို လှည့်ကြည့်လိုက်သည်။

လီစုက ယှဉ်ပြိုင်တိုက်ခိုက်ဖို့ မကြိုးစားတော့ဘဲ ပြေးထွက်သွားလေတော့သည်။

စန်းတုံး၏အကြောင်းကို မြို့တော်ဝန်အား အချိန်မီအသိပေးနိုင်မှ ဖြစ်မည်ဟု သဘောပေါက်ထား၍ ဖြစ်သည်။

စန်းတုံးသည် ထွက်ပြေးသွားသော လီစုကိုကြည့်ရင်း စိတ်ပျက်သွားလေသည်။

မြေပေါ်၌ လဲကျနေသော သစ်ကိုင်းအခြောက်တစ်ခုအား ခြေဦးဖြင့် ကော်တင်လိုက်ပြီး ခြေဖမိုးဖြင့် ရိုက်ထုတ်ပစ်လိုက်ရာ...

"ဝှစ်... "

သစ်ကိုင်းခြောက်သည် မြားတစ်စင်းပမာ အရှိန်ပြင်းစွာ ပစ်လွှင့်သွားပြီး လီစု၏နောက်ကျောမှနေ၍ ရင်ဝသို့တိုင် ထိုးဖောက်စိုက်ဝင်သွားလေတော့သည်။

"အား... "

ရှုးရှသောအသံနက်ကြီးနှင့်အတူ လီစုမှာ မြေပေါ်လဲကျသွားလေတော့သည်။

# မိတ်ဆွေ

နိုင်ဖုံးမြို့၌ သိုင်းပြိုင်ပွဲကျင်းပပြီးစီးသွားသည်မှာ သုံးရက်ရှိသွားပြီဖြစ်သည်။

တောင်ပေါ်ဒေသသို့ သွားရာလမ်းခရီး၌ ရှိနေသော လျှူနင်မြို့လေးသို့ ဝူးရိရောက်ရှိလာသည်။

နိုင်ဖုံးမြို့၌ ကြုံတွေ့ခဲ့ရသော စိတ်ပျက်စရာကိစ္စများကြောင့် ဝူးရိ၏အပြန်ခရီးမှာ ဖင့်နွှေးနေလေသည်။

သူ၏အာရုံထဲ၌ စန်းတုံးက လွမ်းမိုးနေပြီး အန္တရာယ်တစ်စုံတစ်ရာ ကျရောက်တော့မည်ဟူသော အသံကလည်းလွှမ်းမိုးနေသည်။

စိတ်ထဲ၌ ပျော်ရွှင်မှုမရှိသဖြင့် လေးလံထိုင်းမှိုင်းကာ ခရီးတွင်အောင်ဖြစ်ခဲ့ရသည်ဟုလည်း ဆိုနိုင်သည်။

ထို့ပြင်...

သိုင်းလောက၌ မကြာမီ ဖြစ်ပေါ်လာတော့မည့် လှုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှားမှုများအား သူ တောင်ပေါ်ဒေသသို့ ပြန်လည်ရောက်ရှိသွားသည့်အခါ အဆက်ပြတ်သွားမည်ကို စိုးရိမ်စိတ်ရှိနေခြင်းကြောင့်လည်း ဖြစ်လေသည်။

လျှူနင်မြို့သို့အရောက်တွင် ဝူးရိသည် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ကာ အနားယူစားသောက်လိုက်လေသည်။

စားသောက်ပြီးစီးသွားသောအခါ ဆိုင်လုလင် တစ်ယောက်ကိုခေါ်၍ ကျသင့်ငွေ ပေးလိုက်လေသည်။

"ဆရာလေး... ပေးစရာမလိုတော့ပါဘူး... ငွေပေးပြီးသွားပါပြီ... "

"ဟင်... "

ဆိုင်လုလင်၏စကားကြောင့် ဝူးရိ အံ့သြသွားလေသည်။

"ငွေပေးပြီးပြီ ဟုတ်လား... "

"ဟုတ်ပါတယ်... "

"နေပါဦး... ကျုပ် မပေးရသေးပါလား... "

ဆိုင်လုလင် ခေါင်းညိတ်လိုက်သည်။

"ဆရာလေးရဲ့မိတ်ဆွေက ပေးသွားတာပါ ခင်ဗျာ... "

"ဟင်... "

ဝူးရိ ပို၍ အံ့သြသွားရလေသည်။

လျှူနင်မြို့၌ သူ၏မိတ်ဆွေသင်္ဂဟတစ်ဦး တစ်ယော
မျှ မရှိပါချေ။

လျှူနင်မြို့သာမက သိုင်းလောက၌ပါ မိတ်ဆွေသင်္ဂ
မရှိသလောက်ပင်။

ဝူးရိသည် တောင်ပေါ်ဒေသတွင် ကေစာရှိနေထိုင် ကျ



ကြီးသူတစ်ယောက် မဟုတ်ပါလား။

"မင်း လူမှားနေပြီထင်တယ်... သည်မြို့မှာ ကျုပ်ရဲ့မိတ်ဆွေ မရှိဘူး... ကျုပ်ဟာ မျက်နှာစိမ်းခရီးသွားတစ်ယောက်ဆိုတာ မင်းလည်း အကဲခတ်မိမှာပါ... "

ဆိုင်လုလင်က ပြုံးလိုက်လေသည်။

"ကျွန်တော် လူမမှားပါဘူး ခင်ဗျာ... နောင်ကြီးရဲ့နာမည် ဝူးရိလို့ ခေါ်တယ်မဟုတ်လား... "

"ဟင်... "

ဆိုင်လုလင်သည် သူ၏အမည်ကို ပြောဆိုနိုင်သည်ဖြစ်၍ လူမှားခြင်းမဟုတ်ကြောင်း နားလည်လိုက်ရလေတော့သည်။

"ဒါဖြင့်... ကျုပ်အတွက် ကျသင့်ငွေပေးသွားတာ ဘယ်သူလဲဆိုတာ ပြောပါဦး... "

"ဝမ်းနည်းပါတယ် ခင်ဗျာ... သူ့နာမည်ပြောမသွားပါဘူး... "

ဝူးရိ မကျေမနပ် ဖြစ်သွားသည်။

မည်သို့ဆိုစေ...

ဆိုင်လုလင်အား ဆက်မေးလျှင်လည်း အကြောင်းထူးချည် မဟုတ်သည်ကို သဘောပေါက်လိုက်သဖြင့်...

"အဲဒီလူကိုတွေ့ရင်... ကျုပ်က ကျေးဇူးတင်တယ်ဆိုတဲ့အကြောင်း ပြောပြလိုက်ပါ... "

ဝူးရိသည် ဆိုင်လုလင်ကိုမှာကြားကာ ဆိုင်ထဲမှထွက်ခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီမှာ အနောက်ဘက်၌ ငုပ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်လေသည်။

တစ်နေ့တာ အချိန်ကုန်ဆုံးတော့မည်ဖြစ်၍ ငူးရီက တစ်ညတာ အနားယူရန် ဆုံးဖြတ်လိုက်သည်။

သူ၏ခြေလှမ်းများက အနားယူစရာနေရာ တွေ့ရှိနိုင်မည့် အရပ်သို့ ဦးတည်လိုက်သည်။

တောလမ်းခရီးမှ လာခဲ့သည်ဖြစ်၍ နားခိုစရာနေရာ တွေ့ရှိဖို့မလွယ်ပါချေ။

လူနေအိမ်ခြေလည်း ဝေးလံသည်ဖြစ်ရကား ခပ်သုတ်သုတ်သွားနေရင်းပင် အလင်းရောင်အားနည်းလာပြီး အမှောင်ရိပ်များ လွှမ်းမိုးလာတော့သည်။

ငူးရီ သက်ပြင်းချလိုက်သည်။

"အင်း... အရိပ်ကောင်းတဲ့သစ်ပင် ရှာပြီး... နားရတော့မယ်ထင်ပါရဲ့... "

သူ တွေးတောနေစဉ်မှာပင်...

"ဟီး... ဟီး... ဟီး... "

"ခွပ် ခွပ်... ခွပ် ခွပ်... "

မြင်းဟီသံ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ငူးရီ အံ့သြသွားပြီး လှမ်းကြည့်လိုက်သောအခါ မြင်းလှည်းတစ်စီး မောင်းနှင်လာနေသည်ကို တွေ့လိုက်ရလေသည်။

မြင်းဖြူလေးကောင်ဆွဲသော အဖိုးတန်စီရိမြင်းလှည်းတစ်စီး ဖြစ်လေသည်။



မြင်းလှည်းမောင်းလာသူမှာ အသက်ဆယ့်ရှစ်နှစ်ခန့်သာရှိသေးသော ချောမောလှပသည့် မိန်းကလေးတစ်ယောက်ဖြစ်ပေတော့သည်။

တောလမ်းတွင် တန်ဖိုးကြီးလှသော မြင်းလှည်းတစ်စီးကိုတွေ့မြင်လိုက်ရခြင်းကြောင့် အံ့သြမိသော်လည်း သူဌေးသူကြွယ်သို့မဟုတ် မင်းစိုးရာဇာ အသိုင်းအဝိုင်းမှ တစ်ယောက်ယောက်က ခရီးထွက်လာခြင်းဖြစ်ရမည်ဟု တွေးမိလေသည်။

ငူးရီ အကဲခတ်ကြည့်နေစဉ်မှာပင်...

"ဟော... ရပ်လိုက်... "

လှပချောမောသော မိန်းကလေးက မြင်းများကို အော်ငေါက်ကာ မြင်းလှည်းကို ရပ်တန့်လိုက်လေသည်။

"ဟီး... ဟီး... ဟီး... "

မြင်းလေးကောင်သည် ရှည်လျားစွာ ဟီလိုက်ပြီး ငူးရီ၏ရှေ့၌ရပ်တန့်သွားလေသည်။

ငူးရီ ကြောင်အမ်းအမ်းဖြစ်သွားကာ နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိလေသည်။

မြင်းလှည်းမောင်းသည့် မိန်းကလေးသည် မြင်းလှည်းပေါ်မှ ဆင်းလာပြီး ငူးရီ၏ရှေ့၌ ဒူးထောက်ချလိုက်သည်။

"သည်နေရာ အနီးတစ်ဝိုက်မှာ တည်းခိုဖို့ နေရာမရှိပါဘူးရှင်... ဒါကြောင့်... သည်ည မြင်းလှည်းပေါ်မှာပဲ သက်သောင့်သက်သာ အနားယူပါရှင်... "

အလွန်ရှိသေလေးစားသောလေသံဖြင့် ပြောလေသည်။

ငူးရီမှာ တအံ့တသြဖြင့် သက်ပြင်းချလိုက်မိသည်။

www.burmeseclassic.com



"မြင်းလှည်းပေါ်မှာ ကျုပ် တစ်ည အနားယူရမယ်ဆိုပါတော့... "

"ဟုတ်ပါတယ်ရှင်... "

မိန်းကလေးသည် မြင်းလှည်းအိမ်တံခါးကို ဖွင့်လိုက်လေသည်။

ထိုအခါ...

မြင်းလှည်းအိမ်ထဲ၌ အဖိုးတန်ဖဲမွေ့ရာဖွမ်းစောင် စခြင်ထောင်တို့ဖြင့် သူဌေးသူကြွယ်များ အသုံးပြုလေ့ရှိသော အိပ်ရာတစ်ခုပမာ ပြင်ဆင်ထားသည်ကို တွေ့မြင်ရလေသည်။

ဝူးရီ ပြုံးလိုက်မိ၏။

"တော်တော် စေတနာကောင်းတာပဲ... ဘာကြောင့်များ ကျုပ်အတွက် သည်လောက်တောင် ပြင်ဆင်ပေးထားရတာလဲ"

မိန်းကလေးလည်း ပြုံးလိုက်လေသည်။

"အစ်ကိုလေးရဲ့မိတ်ဆွေဟာ တောလမ်းခရီးမှာ အစ်ကိုလေး ညအိပ်ဖို့ အခက်အခဲရှိနေမှာစိုးရိမ်လို့ ခုလို စီစဉ်ပေးလိုက်တာပါ... "

"ကျုပ်ရဲ့မိတ်ဆွေ... "

"ဟုတ်ပါတယ်ရှင်... "

ဝူးရီ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်မှာ မိတ်ဆွေမှ မရှိတာ... "

မိန်းကလေးက ရယ်မောလိုက်လေသည်။

"အစ်ကိုလေးအတွက် လောကပေါ်မှာ အကောင်းဆုံးမိတ်ဆွေတစ်ယောက် ရှိပါတယ်ရှင်... "



"ပြောစမ်းပါဦး... ကျုပ်ရဲ့မိတ်ဆွေက ဘယ်သူလဲဆိုတာ... "

"သူ့ကို ကျွန်မ တစ်ကြိမ်ပဲ တွေ့ဖူးပါတယ်... သူ ဘယ်သူလဲဆိုတာ ကျွန်မ မသိပါဘူးရှင်... "

ဝူးရီက မိန်းမချောလေးအား စိုက်ကြည့်လိုက်လေသည်။

မိန်းမချောလေး လိမ်ပြောခြင်း မဟုတ်ကြောင်း အကဲခတ်ကြည့်ရုံဖြင့် ရိပ်မိလိုက်လေသည်။

"တစ်ကြိမ်ပဲ တွေ့ဖူးတယ်ဆိုတော့... မင်းနဲ့ ဘယ်လိုပတ်သက်သလဲ... ပြောစမ်းပါဦး... "

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"ပွင့်ပွင့်လင်းလင်း ပြောရရင်တော့... သူဟာ ကျွန်မရဲ့အလုပ်ရှင်ပါ... "

"အလုပ်ရှင်... "

"ဟုတ်ပါတယ်... "

ဝူးရီသည် မိန်းမချောလေးအား စိတ်ဝင်စားသွားလေသည်။

"မင်းက ဘာတွေများလုပ်သလဲ... ပြောပါဦး... "

မိန်းမချောလေး၏မျက်လုံးများ ရွှန်းလဲ့တောက်ပလာလေသည်။

"ကျွန်မဟာ သူတစ်ပါးကို ပျော်ဖြေရတဲ့ ပျော်တော်ဆက်မယ်လေး တစ်ယောက်ပါရှင်... "

သူမသည် ပွင့်လင်းရိုးသားစွာ ဝန်ခံလိုက်ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူးရှိ ငိုင်သွားသည်။

မိန်းမချောလေးက ဆက်ပြောလာလေသည်။

"သည်တစ်ညအတွက် အစ်ကိုလေးကို ပြုစုဖို့ ကျွန်မဟာ တန်ရာတန်ဖိုးထက် နှစ်ဆပိုရထားပြီးပါပြီ… ကဲ… မြင်းလှည်းပေါ် ကြွပါရှင်… "

သူမသည် လက်ကလေးတစ်ဖက်ကို ဆန့်ထုတ်ကာ ဂူးရှိအား ကမ်းလှမ်းလိုက်သည်။

ဂူးရှိ ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ်က မင်းတို့တွေ့နေကျ လူစားမျိုးမဟုတ်ဘူး… "

စကားဆုံးသည်နှင့် ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်ရာ…

"ဝူး ဟူး… "

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ ဂူးရှိမှာ မြင်ကွင်းမှ ရိပ်ခနဲ ပျောက်ကွယ်သွားလေသည်။

မိန်းမချောလေးလည်း ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့လေတော့သည်။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

နေရောင်ခြည်ပျောက်ကွယ်သွားသည်နှင့် အမှောင်ထုအစားထိုးဝင်ရောက်လာလေသည်။

တောအုပ်ထဲ၌ ညအမှောင်ကို အံတုလျက်မီးပုံတစ်ပုံတဖျစ်ဖျစ်တောက်လောင်လျက်ရှိသည်။



မီးပုံအနီး၌ ထိုင်နေသူကား ဂူးရှိဖြစ်ပေတော့သည်။

ညဥ့်နက်လာသည်နှင့်အမျှ အအေးဓာတ်လွှမ်းမိုးလာသည်မို့ဂူးရှိက ထင်းခြောက်များကောက်ယူကာ မီးပုံတစ်ခုပြုလုပ်ထားလိုက်ခြင်းဖြစ်သည်။

မီးပုံမှ အပူရှိန်နှင့်အလင်းရောင်ကြောင့် နွေးနွေးထွေးထွေးရှိလေရာ ဂူးရှိသက်သောင့်သက်သာ နေနိုင်ခဲ့သည်။

ညဥ့်နက်လာသောအခါ အိပ်စက်အနားယူလိုစိတ်များဖြစ်ပေါ်လာလေသည်။

ဂူးရှိသည် ဝါးခနဲသမ်းဝေလိုက်ပြီး မီးပုံနံဘေး၌ လှဲချ ဖို့ ဟန်ပြင်လိုက်လေသည်။

ထိုအချိန်မှာပင်…

"ဟူး… ဟူး… ဟူး… "

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဂူးရှိအိပ်ချင်စိတ် ချက်ချင်းပျောက်ကွယ်သွားကာ မျက် နှာကျယ်သွားသည်။

လှမ်းကြည့်လိုက်သောအခါ လူသုံးယောက်ပြေးလွှားရောက်ရှိလာကြသည်ကို တွေ့လိုက်ရသည်။

ထိုလူသုံးယောက်မှ ရုပ်ရည်ခက်ထန်ကြမ်းတမ်းပြီး နက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားကြလေသည်။

ညအချိန်မတော် လှုပ်ရှားနေကြသူများ ဖြစ်၍ မည်သည့် နည်းနှင့်မျှ လူကောင်းများ မဖြစ်နိုင်ကြောင်းပေါ်လွင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝူးရီစိတ်ပျက်သွားလေသည်။

ထိုလူသုံးယောက်သည် မလှမ်းမကမ်း၌ ခြေလှမ်းရပ်လိုက်ကြပြီး ဝူးရီအားအကဲခတ်ကြည့်လိုက်ကြ၏။

ထို့နောက်...

တစ်ယောက်က ရှေ့တိုးလာပြီး...

"တောထဲတောင်ထဲမှာ မိတ်ဆွေတစ်ယောက်တည်း မပျင်းဘူးလား... ကျုပ်တို့လာပြီး အဖော်လုပ်ပေးရမလား..."

ဝူးရီ ပြုံးလိုက်သည်။

"ကျုပ်တစ်ယောက်ထည်းလဲနေတတ်ပါတယ်... ဒါပေ မယ့် ခင်ဗျားတို့လာချင်တယ်ဆိုရင်လည်း မတားပါဘူး..."

"ကောင်းသားပဲ...မီးလှုံရတာပေါ့..."

ကျန်အနက်ရောင်ဝတ်ထားသူနှစ်ယောက်ကလည်း ရှေ့တိုးလာကြ၏။ ထိုလူသုံးယောက်သည် ဝူးရီအားမသိမသာ ဝိုင်းရံထားလိုက်ကြ၏။ တစ်ယောက်က ဝူးရီအားခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

"မိတ်ဆွေက ခရီးသွားတစ်ယောက်မဟုတ်လား... အထုပ်အပိုးတွေလည်း မပါပါလား..."

ဝူးရီခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... အဝတ်တစ်ထည် ကိုယ်တစ်ခုရှိုးနှင့် ကျွန် အတွက် လုံလောက်နေပြီလေ..."

"အဝတ်တစ်ထည် ကိုယ်တစ်ခု..."

အနက်ရောင်ဝတ်ထားသူသည် ဘယ်လိုလဲဟူသော အဓိပ္ပါယ်ဖြင့် သူ၏အဖော်နှစ်ယောက်အား လှမ်းကြည့်လိုက်လေ



သည်။

အဖော်နှစ်ယောက်မှာ မကျေမနပ်ဖြင့်လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

"အထုပ်အပိုးမပါလည်း သူ့အိတ်ထဲမှာ ငွေတော့ပါမှာ ပဲ..."

"ဘာပဲရရ ရတာယူရမှာပဲ..."

ထိုလူသုံးယောက်ကား လမ်းဓားပြများ ဖြစ်နေကြပေတော့သည်။

ဝူးရီ သက်ပြင်းချလိုက်၏။

"ကျုပ်အိတ်ထဲမှာ ခင်ဗျားတို့မက်မောလောက်တဲ့ငွေ မပါပါဘူး..."

သူ၏စကားကို လမ်းဓားပြသုံးယောက် လက်မခံကြပါချေ။

"စကားမရှည်နဲ့... မင်းရဲ့ ငွေအိတ်ကိုထုတ်လိုက်စမ်း..."

တစ်ယောက်က အော်ငေါက်လိုက်လေသည်။

"ကောင်းပါပြီဗျာ..."

ဝူးရီသည် အိတ်ထဲမှငွေအိတ်ကလေးကို ထုတ်ပေးလိုက်လေသည်။

အနက်ရောင်ဝတ်ထားသူတစ်ယောက်သည် ရှေ့တိုးလာပြီး ဝူးရီ၏ ငွေအိတ်ကို ဖျတ်ခနဲယူလိုက်လေသည်။

ချက်ချင်းပင်...

ငွေအိတ်ကိုဖွင့်ကြည့်လိုက်ရာ ငွေအနည်းအကျဉ်းသာ ပါလာသည်ကိုတွေ့ရသဖြင့် ဒေါပွသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တို့ ဒီလောက်နဲ့ဘာလုပ်ရမှာလဲ... "

ငွေအိတ်ကိုမြေပေါ်ပစ်ပေါက်လိုက်လေသည်။

ပြီးနောက်...

"မင်းဝှက်ထားတာတွေရှိသေးတယ် မဟုတ်လား... ထုတ်စမ်း... "

ဂူးရိကိုအော်ငေါက်လိုက်လေသည်။

ဂူးရိပခုန်းတွန့်လိုက်၏။

"မရှိတော့ဘူးဗျ... "

"မင်းသေချင်ပြီထင်တယ်... "

"ကျုပ်အမှန်အတိုင်းပြောတာ ခင်ဗျားတို့မှ မယုံသေးဘဲဗျာ... "

အနက်ရောင်ဝတ်ထားသူက ဓားဆွဲထုတ်လိုက်သည်။

"ချွမ်း... "

ဝင်းလက်တောက်ပသော ဓားရောင်များထွက်ပေါ်လာလေသည်။

ဂူးရိက မလှုပ်မယှက်ထိုင်နေ၏။

လမ်းဓားပြသုံးယောက် ကျေနပ်သွားစေရန် မည်သို့ပြောရမည်ကို စဉ်းစားမရနိုင်အောင်ဖြစ်နေ၏။

အနက်ရောင်ဝတ်ထားသူက ဓားဝှေ့ယမ်းလိုက်သည်။

"ကဲ... ငွေတွေထုတ်လိုက်စမ်း... "

ဂူးရိညည်းတွားလိုက်လေသည်။

"ကျုပ်မှာမရှိတော့ပါဘူးလို့ ပြောနေတာကို ခင်ဗျားတို့ မယုံတော့ကျုပ်ဘယ်လိုလုပ်ရမလဲဗျာ... "



"အို... စကားရှည်လိုက်တာ... သည်ကောင့်ကိုအရင်ဆုံးရှင်းပစ်ပြီးမှ ရှာဖွေယူကြတာပေါ့... "

ကျန်အကျီအနက်ရောင် ဝတ်ထားသူ နှစ်ယောက်က ဆော်ဩလိုက်ကြလေသည်။

"ကောင်းပြီ... "

ဓားကိုင်ထားသော အနက်ရောင်ဝတ်ထားသူက ဂူးရိအားဓားဖြင့်ခုတ်ချလိုက်လေသည်။

ပြင်းထန်သော ဓားချက်သည် ဂူးရိ၏ခန္ဓာကိုယ်ပေါ်သို့ ကျရောက်သွားလေသည်။

သို့သော်...

ဂူးရိက ပွတ်ကာသီကာ ရှောင်တိမ်းလိုက်ခြင်းကြောင့် ဓားချက်မှ လွတ်မြောက်သွား၏။

"သည်ကောင်သိုင်းပညာတတ်တယ်... "

"ဝိုင်းချကွာ... "

အနက်ရောင်ဝတ်ထားသူများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြပြီး လက်နက်ကိုယ်စီဆွဲကာ တရကြမ်းတိုက်ခိုက်ကြလေတော့သည်။

လမ်းဓားပြများဖြစ်ခြင်းကြောင့် တိုက်ပွဲအတွေ့အကြုံများကြသကဲ့သို့ လက်ရဲဇက်ရဲနိုင်လှပေသည်။

သုံးယောက်ပေါင်းကာ ပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်ကြရာ ဂူးရိသေဆုံးသွားမည်ဟုပင် ထင်မှတ်ရပေတော့သည်။

ဂူးရိကား မီးပုံအနီး၌ထိုင်နေ၍ မဖြစ်တော့ဘဲ ထိုင်ရာမှ ထကာ နောက်ဆုတ်ရှောင်ရှားရင်း လွတ်မြောက်အောင်ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



နေရလေတော့၏။

သူကတစ်ချက်ကလေး ပြန်လည်တိုက်ခိုက်ခြင်းမပြုဘဲ ရှောင်တိမ်းနေရုံသက်သက် ဖြစ်နေသောကြောင့် လမ်းဓားပြများက ပို၍ဖိပြီး တိုက်ခိုက်နိုင်ကြတော့သည်။

ဓားပြသုံးယောက်သည် တစ်ချိန်တွင် ငူးရီအားမြေပေါ် လဲကျသွားအောင် တိုက်ခိုက်နိုင်မည်ဟု ယုံကြည်နေကြစဉ်မှာပင်...

အမှောင်ထဲမှ ပစ်လွှင့်လာသောကျောက်ခဲကလေးများက သူတို့၏အစိကကျသော သွေးကြောများကို ထိမှန်သွားလေသည်။

"အား... "

"အမလေး... "

"ချွမ်း... ချွမ်း... "

ဓားပြသုံးယောက်မှာ လက်ထဲမှဓားများ လွတ်ကျသွားကြပြီး နောက်ဆုတ်သွားကြလေသည်။

ငူးရီ အံ့သြသွားသည်။

အမှောင်ထုထဲမှနေပြီး တစ်ယောက်ယောက်က တိုက်ခိုက်လိုက်ခြင်း ဖြစ်ကြောင်းနားလည်လိုက်လေသည်။

သူ့အားတိတ်တဆိတ်ကူညီနေသူမှာ မည်သူဖြစ်ပါသနည်း။

ဓားပြသုံးယောက်တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

သူတို့၏ဓားကိုင်ထားသော လက်များ၌သွေးများကျနေကာ မလှုပ်မရှားနိုင်အောင် ထုံကျင်နေလေသည်။



ဆက်လက်တိုက်ခိုက်နိုင်စွမ်း မရှိကြတော့သလိုကြောက်လန့်ထိတ်ရှုံသွားကြလေသည်။

"အခြေအနေမဟန်ဘူးဟေ့... "

"ဟုတ်တယ်... သွားကြစို့... "

တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြကာ အချက်ပေးလိုက်ကြပြီး နောက်သို့မသိမသာဆုတ်လိုက်ကြလေသည်။

ခပ်လှမ်းလှမ်းသို့ရောက်သည်နှင့် ချာခနဲလှည့်ကာ ထွက်ပြေးသွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ကူသော်လည်းမကူ

လမ်းစားပြသုံးယောက် ထွက်ပြေးသွားကြပြီ ဖြစ်ပါသည်။

ဖူးရှိ သက်ပြင်းချလိုက်လေသည်။

အမှောင်ဖုံးလွှမ်းနေသော သစ်ပင်များကြားသို့ကြည့်လိုက်သည်။

“လမ်းတစ်လျှောက်လုံး ကျုပ်ကိုလိုက်ပြီး ကူညီနေတာ ကျေးဇူးတင်ပါတယ်ဗျာ... ကျုပ်ကို မိတ်ဆွေတစ်ယောက်လို တကယ်တမ်း သဘောထားတယ်ဆိုရင်... ကျေးဇူးပြုပြီး ထွက်လာပေါ့ဗျာ... ”

သူ၏စကားသံနှင့် မရှေးအနှောင်းမှာပင် ရယ်သံထွက်ပေါ်လာလေသည်။

အမှောင်ထုထဲမှ လူတစ်ယောက်လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူမှာ စန်းတုံးဖြစ်ပါသည်။

ဖူးရှိ ပင့်သက်ရှိုက်လိုက်လေသည်။



“လက်စသတ်တော့ ခင်ဗျားကိုး... ”

စန်းတုံး ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်ဗျာ... ”

“ကျုပ်ကို ဘာကြောင့်များ သည်လောက်တောင်ကူညီချင်နေရတာလဲ... ”

ဖူးရှိက ပွင့်ပွင့်လင်းလင်းပင် မေးလိုက်လေသည်။

စန်းတုံးကလည်း ပွင့်ပွင့်လင်းလင်းပင် ပြောလေသည်။

“မိတ်ဆွေဖြစ်ချင်လို့ပါ... ”

“ဩော်... ”

“ခင်ဗျားဟာ အင်မတန်လေးစားစရာကောင်းတဲ့ မိတ်ဆွေတစ်ယောက်ဆိုတာ ကျုပ်နားလည်သဘောပေါက်လာပါပြီဗျာ... ”

ဖူးရှိ ခေါင်းခါယမ်းလိုက်လေသည်။

“မိတ်ဆွေဆိုတဲ့ စကားလုံးဟာ နှစ်လုံးထဲရှိပေမယ့်... အဓိပ္ပါယ်ကျယ်ပြန့်လှပါတယ်... တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေဖြစ်ဖို့ဆိုတာ... လွယ်မယောင်နဲ့ အင်မတန်ခက်ခဲတဲ့ကိစ္စတစ်ခုပါပဲ... ”

စန်းတုံး မျက်နှာပျက်သွားသည်။

“ကျုပ်ကို မိတ်ဆွေတစ်ယောက်အဖြစ်လက်မခံနိုင်ဘူးဆိုတဲ့ သဘောလား... ”

ဖူးရှိက ဘာမှမပြောဘဲ နေလိုက်လေသည်။

စန်းတုံး မကျေမနပ်ဖြစ်သွားသည်။

“ကျုပ်က ဘယ့်သူကိုမှ မိတ်ဆွေအဖြစ် သဘောထားဖို့



www.burmeseclassic.com

www.burmeseclassic.com



မစဉ်းစားခဲ့ဘူး... ဘာကြောင့်လဲဆိုတော့... ကျုပ်ရဲ့မိတ်ဆွေဖြစ်ဖို့ အရည်အချင်းမရှိတဲ့လူတွေလို့ သဘောထားလို့ပဲ... "

ဝူးရီကပြုံးလိုက်သည်။

"ကျုပ်ကို ချီးကျူးတဲ့အတွက်ကျေးဇူးတင်ပါတယ်... "

စန်းတုံးကဆက်ပြောသည်။

"ခင်ဗျားဟာ... ရွက်ပုန်းသီးတစ်ယောက်မဟုတ်ဘဲ... သိုင်းလောကသားတစ်ယောက်ဖြစ်မယ်ဆိုရင်... ကျုပ်အထင်ကြီးမိမှာမဟုတ်ပါဘူး... မိတ်ဆွေအဖြစ် သဘောထားမှာမဟုတ်ဘူး..."

"ကျုပ်ဟာ သိုင်းလောကသားလုပ်ဖို့ ဘယ်တုန်းကမှ စိတ်မကူးပါဘူး... "

"ဒါကြောင့်လည်း... ကျုပ် ခင်ဗျားကို ရွေးချယ်လိုက်တာပေါ့ဗျာ... "

ဝူးရီခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ်ကတော့... မိတ်ဆွေမလိုဘူးလို့ ယူဆထားပါတယ်... "

"မိတ်ဆွေမလိုဘူး... ဟုတ်လား... "

"ဟုတ်ပါတယ်... ကျုပ်တစ်ယောက်တည်း နေထိုင်ကျင်ကြီးခဲ့တာ နှစ်ပေါင်းအတော်ကြာပါပြီ... ကျုပ်တစ်ယောက်တည်း အေးအေးနေရတာကို ကျေနပ်နေပါပြီ... "

စန်းတုံး မျက်နှာတည်သွားလေသည်။

"ကျုပ်ကို မိတ်ဆွေအဖြစ်သဘောမထားနိုင်ဘူးပေါ့..."

"ဟုတ်ပါတယ်ဗျာ... "



စန်းတုံးက ဝူးရီအား စိုက်ကြည့်လိုက်သည်။

"ခင်ဗျားဘာကြောင့်... သည်လောက်တောင် ခေါင်းမာချင်ရတာလဲ... "

"ကျုပ်မှာ သိုင်းပညာဆိုတဲ့ ထာဝရမိတ်ဆွေရှိပါတယ်ဗျာ... ဒါကြောင့် မိတ်ဆွေမလိုတော့ပါဘူး... "

"နေပါဦး... ကျုပ်ကိုအထင်သေးနေတာလား... "

စန်တုံး၏အသံ မာသွားလေသည်။

ဝူးရီ ခေါင်းခါယမ်းလိုက်၏။

"သည်လိုလည်း မဟုတ်ပါဘူးဗျာ... "

"ဒါဖြင့်... ဘယ်လိုသဘောလဲဆိုတာ ပြောစမ်းပါဦး..."

"ကျုပ်ပြောပြီး ပါပြီဗျာ... "

စန်းတုံးက မီးပုံနံဘေး၌ ထိုင်ချလိုက်သည်။

မီးပုံထဲသို့ ထင်းခြောက်များ ထပ်မံထိုးထည့်ပေးလိုက်သောအခါ ဖျစ်ဖျစ်မြည်ကာ တောက်လောင်လာပြီး အလင်းရောင်မှာ အားကောင်းလာသည်။

စန်းတုံးသည် ဝူးရီအား စိုက်ကြည့်လိုက်သည်။

"သိုင်းလောကမှာ ပညာရပ်အသီးသီးရှိကြသလို... ဝါရင့်သိုင်းပညာရှင်ကြီးတွေလည်း ရှိကြပါတယ်... နှစ်ပေါင်းများစွာ တီထွင်ကြံဆလာခဲ့ကြတဲ့သိုင်းပညာရပ်တွေဟာ အံ့မခန်းပါပဲ... သိုင်းလောကသားတွေအတွက် ဟင်းကောင်းကောင်းအဆီအနှစ်ကို သုံးနိုင်ခဲ့ကြသလိုရှိခဲ့ပါတယ်... ဒါပေမယ့် ခုနောက်ပိုင်းမှာတော့ သိုင်းလောကကြီးဟာ ဆုတ်ယုတ်လာပါပြီ... သိုင်းပညာရပ်တွေဟာ လက်ရှိအနေအထားမှာပဲ ရပ်တန့်သွားပါပြီ... ကျုပ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



မျက်စိထဲမှာ နောက်ထပ်တိုးတက်လာစရာအကြောင်းမမြင်တော့
ပါဘူး... ဒါဟာ သိုင်းပညာရှင်ကြီးတွေဟာ ကိုယ့်ပညာကို ကိုယ်
ကျေနပ်ရောင့်ရဲနေလို့ပါပဲ... "

ဝူးရိခေါင်းညိတ်လိုက်သည်။

"သည်အယူအဆကို ကျုပ်လက်ခံပါတယ်ဗျာ... "

စန်းတုံးကျေနပ်သွားသည်။

"ခင်ဗျားလက်ခံတယ်ဆိုရင်... သိုင်းလောကကြီးတိုး
တက်ပြောင်းလဲလာအောင် လှုပ်ရှားမှုတစ်ခုခုပြုလုပ်ပေးရမယ်
တာကိုလည်း ခင်ဗျားလက်ခံနိုင်ရမှာပေါ့ဗျာ... "

ဝူးရိက ဘာမှမပြောဘဲ နေလိုက်လေသည်။

စန်းတုံးက ဆက်ပြောသည်။

"သိုင်းလောကသားတွေကို အိပ်ပျော်ရာက လန့်နိုး
အောင် လုပ်ပေးရမယ်... သူတို့ရဲ့ လက်ရှိပညာ မပြည့်စုံ
လောက်ဘူးဆိုတာ သိသွားစေရမယ်... ဒါဆိုရင် သိုင်းပညာကို
ပြီး ဂရုစိုက်လာကြမယ်... တိုးတက်အောင် တီထွင်ကြံဆမယ်
ကြိုးစားကြမယ်... ကဲ... သိုင်းလောကကြီး တစ်ခုလုံးပြန်ပြီး တိုး
တက်လာအောင် လမ်းပြဖော်ဆောင်ပြီးသား ဖြစ်မသွားဘူးလား
ဗျာ... "

ဝူးရိက ပြုံးလိုက်သည်။

"သိုင်းပညာအပေါ်ထားတဲ့ ခင်ဗျားရဲ့စိတ်စေတနာ
လေးစားပါတယ်ဗျာ... ဒါပေမယ့် ခင်ဗျားရဲ့တွေးခေါ်ပုံဟာ...
နာကို ဆေးခါးကြီးတိုက်လိုက်သလို ဖြစ်နေလိမ့်မယ်... "

ဝူးရိပေးလိုက်သော ဥပမာကြောင့် စန်းတုံးသဘောက



ရယ်မောလိုက်လေသည်။

"ဆေးခါးပေမယ့် ဝေဒနာကိုအမြန်ဆုံးသက်သာ ပျောက်
ကင်းသွားစေနိုင်ပါတယ်ဗျာ... "

ဝူးရိက သတိပေးလိုက်သည်။

"လူမမာနဲ့ ဆေးတည့်အောင်ပေးနိုင်ဖို့က အရေးကြီးပါ
တယ်... ခင်ဗျားဆန္ဒစောနေရင် ဆေးခါးကြီးရဲ့ဒဏ်ကို လူမမာက
ခံနိုင်ဘဲဖြစ်သွားမှာ စိုးရိမ်ရတယ်... "

"ကိစ္စမရှိဘူး... ကျုပ်ကတော့ အမြန်ဆုံးနာလံထူလာ
အောင်ခပ်ကြမ်းကြမ်းလုပ်ရမှာပဲ... "

ဝူးရိက ဘာမျှမပြောဘဲနေလိုက်လေသည်။

စန်းတုံးက ဝူးရိ၏သဘောထားကို မေး၏။

"ခင်ဗျားလည်း ကျုပ်နဲ့လက်တွဲဆောင်ရွက်မယ်လို့ ထင်
ပါတယ်... "

"ဝမ်းနည်းပါတယ်ဗျာ... ကျုပ် ပါဝင်နိုင်မှာ မဟုတ်ပါ
ဘူး... "

ဝူးရိက ငြင်းလိုက်လေသည်။

စန်းတုံး မကျေမနပ်ဖြစ်သွား၏။

"ခင်ဗျားဘာကြောင့် လက်မခံနိုင်တာလဲ... "

"ဆေးခါးကြီး တိုက်တာကို မလိုလားလို့ပါ... "

"ဒါဟာ... "

စန်းတုံး၏ အသံကျယ်သွားသည်။

သို့သော်...

သူကအသံကို ချက်ချင်းပြန်ပြီး လျှော့ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ခင်ဗျားကို မျှော်လင့်ထားတာ... "

ဝူးရိုက တည်ကြည်သောမျက်နှာထားဖြင့် ပြောလေသည်။

"ကျုပ်ကတော့ လောကကြီးဟာ ကိုယ်ဖြစ်ချင်တိုင်းဖြစ်မလာဘဲ... သူဖြစ်ချင်တဲ့အတိုင်း ဖြစ်ပျက်နေတာလို့ ယုံကြည်ထားတယ်... သိုင်းလောကကောင်းကျိုးကို မျှော်ကိုးပြီး ကိုယ့်အလုပ်ကိုယ်လုပ်လို့ပါ... အချိန်တန်ရင်ဖြစ်လာမှာပါ... နေပူချိန်နေပူသလို မိုးရွာတဲ့အချိန်ရွာတဲ့ သဘောလိုပေါ့... "

စန်းတုံးကလက်မခံပါ။

"လူမမာကို အချိန်မီဆေးမကုပေးရင် ရောဂါကျွမ်းသွားမယ်ဆိုတာလည်း ထည့်တွက်ဦးမှာပေါ့ဗျာ... "

ဝူးရိုက သက်ပြင်းချလိုက်လေသည်။

"ခင်ဗျားနဲ့ ကျုပ်ဟာအယူအဆချင်း တူမလိုနဲ့ကွဲပြားခြားနားနေပါတယ်ဗျာ... ကျုပ်တို့ဟာ မိတ်ဆွေဖြစ်နိုင်စရာ အကြောင်းမရှိတော့ပါဘူး... ကျုပ်ကိုကူညီဖို့ကြိုးစားတာတွေကို ကျေးဇူးတင်ပါတယ်... ဒါပေမယ့် ကျုပ်ကိုမေ့ပစ်လိုက်ပါတော့ဗျာ... "

စကားဆုံးသည်နှင့် ထိုင်ရာမှထလိုက်လေသည်။

"ခင်ဗျားသွားတော့မလို့လား... "

"ဟုတ်တယ်... "

"မှောင်မည်းနေတယ်ဗျာ... တစ်ညအနားယူပြီး မနက်မိုးလင်းမှ အေးအေးဆေးဆေးသွားရင် မကောင်းဘူးလား... "

"ကိစ္စမရှိပါဘူးဗျာ... ကျုပ်သွားလို့ဖြစ်ပါတယ်... "

စန်းတုံးသက်ပြင်း ချလိုက်လေသည်။



"ခင်ဗျားဟာ ကျုပ်ရဲ့မိတ်ဆွေမဖြစ်နိုင်တော့ဘူးဆိုရင်... တစ်နေ့ ပြိုင်ဘက်ဖြစ်လာလိမ့်မယ်လို့... ကျုပ်မျှော်လင့်ထားတယ်... "

ဝူးရို ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်မှာ မိတ်ဆွေလည်းမရှိဘူး... ရန်သူလည်းမရှိဘူး... "

"ကျုပ်မှာတော့ရှိတယ်... "

စန်းတုံး ထိုင်ရာမှထရပ်လိုက်၏။

သူ၏မျက်နှာ ခက်ထန်တင်းမာနေပြီး ယခုချက်ချင်းတိုက်ခိုက်တော့မည့်အသွင် ရှိနေတော့သည်။

ဝူးရိုက စိတ်ပျက်သွား၏။

"ကျုပ်ကိုတိုက်ခိုက်ဖို့ ကြိုးစားရင်တော့ ခင်ဗျားမှားသွားလိမ့်မယ်... "

"ဘာလဲ... ကျုပ်က ခင်ဗျားကို မယှဉ်နိုင်ဘူးလို့ ခင်ဗျားထင်နေသလား... "

"မဟုတ်ပါဘူးဗျာ... ကျုပ်က ခင်ဗျားကိုပြန်ပြီး ခုခံတိုက်ခိုက်မှာ မဟုတ်လို့ပါ... "

"ဘာ... "

ဝူးရို၏ စကားကြောင့် စန်းတုံးမယုံနိုင်အောင်ဖြစ်သွားလေသည်။

"ခင်ဗျားက ခုခံတိုက်ခိုက်ခြင်းမပြုဘူးဟုတ်လား... "

"ဟုတ်ပါဗျာ... "

"ဒါဆိုရင် ခင်ဗျားသေသွားမှာပေါ့... "

www.burmeseclassic.com



ဂူရိက ပြုံးလိုက်သည်

"လူတစ်ယောက်ဟာ မွေးဖွားလာပြီးတဲ့နောက် တစ်နေ့နေ့မှာ မလွဲမသွေ သေဆုံးသွားရမှာပါ... မွေးဖွားခြင်းနဲ့ သေဆုံးခြင်းကြားက ခရီးသည်တွေပဲမဟုတ်လား... သေဆုံးသွားရတယ်ဆိုတာ ဆန်းတဲ့ကိစ္စတစ်ခု မဟုတ်ပါဘူးဗျာ... "

စန်းတုံးမည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေသည်။

ဂူရိကို မယုံကြည်နိုင်စွာ ကြည့်နေမိလေသည်။

ဂူရိကလက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"နှုတ်ဆက်ခဲ့ပါတယ်ဗျာ... "

စကားဆုံးသည်နှင့် ရှေ့သို့လှမ်းထွက်လိုက်လေသည်။

တစ်လှမ်း...

နှစ်လှမ်း...

သုံးလှမ်း...

စန်းတုံးသည် ဂူရိထွက်သွားသည်ကို မျက်တောင်မခတ်စိုက်ကြည့်နေလေသည်။

ဂူရိ ခြေသုံးလှမ်းလှမ်းလိုက်မိသောအခါ...

"မင်းထွက်သွားလို့မရဘူး... "

ကျယ်လောင်စွာ အော်ဟစ်ကြုံးဝါးရင်း ဂူရိထံ လျှပ်တစ်ပြက် ခုန်ဝင်တိုက်ခိုက်လိုက်လေတော့သည်။

---

ဂူရိ နှုတ်ဆက်ထွက်သွားသည်ကို လက်ပိုက်ကြည့်နေမည်ဆိုလျှင် တဖြည်းဖြည်းဝေးသွားပေလိမ့်မည်။



ဂူရိသည် သူ၏လုပ်ရပ်များကို သိနေပြီဖြစ်၍ မိတ်ဆွေမဖြစ်လျှင် ရန်သူဟု သဘောထားတော့မည်ဖြစ်ကြောင်း သိသွားပေလိမ့်မည်။

ထို့ကြောင့်လည်း တိုက်ခိုက်ရန်ဆုံးဖြတ်ခြင်းဖြစ်ပါသည်။

"ယား... "

ပြာသံပေးကာ စတင်တိုက်ခိုက်လိုက်သည်နှင့် ဂူရိ ခြေလှမ်း တုန့်ခနဲရပ်သွားလေသည်။

စန်းတုံးက အနီးသို့ရောက်ရှိလာသည်။

စွန်ကုတ်လက်သည်းအသွင်ပြုလုပ်ထားသော သူ၏လက်ဝါးသည် ဂူရိ၏ဦးခေါင်းပေါ်သို့ ကုတ်ချလုဆဲဆဲ အနေအထားရောက်ရှိသွားသည်။

စန်းတုံး ဆက်လက်တိုက်ခိုက်လိုက်လျှင် ဂူရိ လဲကျသေဆုံးသွားရမည်ဖြစ်သည်။

ဂူရိအနေနှင့် ပြန်လည်ခုခံခြင်းမပြုလျှင် ထွက်သွား၍ရတော့မည် မဟုတ်ပါ။

အနည်းငယ်လှုပ်ရှားလိုက်သည်နှင့် အသက်ပျောက်သွားမည့် အခြေအနေသို့ ရောက်ရှိသွားလေသည်။

စန်းတုံးနှင့် ဂူရိတို့နှစ်ယောက်လည်း လူချင်းနီးကပ်စွာ နေကြပြီ ဖြစ်ပါသည်။

တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လိုက်ကြလေသည်။

ဂူရိမျက်လုံးအစုံ၌လည်းကောင်း စန်းတုံးမျက်ဝန်းအစုံ၌လည်းကောင်း ထူးခြားသော အရိပ်အရောင်များ ပေါ်လွင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



တခဏတာမျှ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လိုက်ကြပြီးနောက် ဝူးရိုကပင် မျက်နှာလွှဲလိုက်ပြီး ရှေ့သို့လှမ်းထွက်လိုက်လေသည်။

စန်းတုံး၏လက်ထဲ၌ အသေခံလိုက်ခြင်းပေလော…

ဝူးရို လှမ်းထွက်လိုက်သည်နှင့် စန်းတုံးကသူ၏ လက်ကိုပြန်လည်ရုပ်သိမ်းလိုက်လေသည်။

သူကလည်း တိုက်ခိုက်ခြင်းမပြုတော့ပါ။

ဝူးရို တစ်လှမ်းချင်း လှမ်းထွက်သွားလေသည်။

တရွေ့ရွေ့ဝေးသွားပြီး အမှောင်ထုထဲတိုးဝင်ကာ မြင်ကွင်းမှပျောက်ထွက်သွားလေတော့သည်။

စန်းတုံးကား မလှုပ်မယှက်ရပ်လျက်…

သူ၏ မျက်နှာတွင် အလွန်ပြင်းထန်သော ဝေဒနာတစ်ရပ်ကို ခံစားနေရသောအမူအရာ ဖြစ်ပေါ်နေလေတော့သည်။

## အိပ်မက်ဆိုး

သုံးလ…

သုံးလဟူသော အချိန်ကာလသည် မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း ကုန်ဆုံးသွားသည်ဟုပင် ထင်မှတ်ရလေသည်။

နိုင်ဖုံးမြို့သိုင်းပြိုင်ပွဲပြီးဆုံးသွားသည်မှာ သုံးလရှိခဲ့ပြီဖြစ်ပါသည်။

ဝူးရိုသည် တောင်ပေါ်ဒေသသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ပါသည်။

ယခုတစ်ကြိမ် နိုင်ဖုံးမြို့သို့ သွားခဲ့ရသောခရီးသည် အလွန်စိတ်ပျက်စရာကောင်းသည်ဟု ယူဆခဲ့ပြီး နောက်ထပ်လေးငါးနှစ်ကြာတော့မှသာ အခြေအနေကြည့်သည့် သဘောဖြင့် တစ်ခေါက်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။

ကြားကာလ၌ ထူးခြားသောသင်္ချာင်းများကို နားစွင့်နေရန်ဆုံးဖြတ်လိုက်လေသည်။

ဝူးရိုပြန်ရောက်လာပြီး သုံးလအတွင်းတွင် ရိက္ခာများကုန်သွားပြီဖြစ်၍ သူငယ်ချင်းဖြစ်သူကျင်းရှောင်က ဝယ်ယူဖြည့်တင်းဖို့

www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေမြို့ကလေးဆီသို့ ထွက်သွားလေသည်။

ဝူးရိုတစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ အိပ်မက်ဆိုးများက ခြောက်လှန့်လာတော့သည်။

နဂါးသိုင်းသုံးဖော်...

နိုင်ငံဖုံးသိုင်းပြိုင်ပွဲမှ ဆုရရှိခဲ့သော လူငယ်သိုင်းသမားသုံးယောက်...

စုစုပေါင်း လူခုနစ်ယောက်သည် ဝူးရို နေထိုင်သည့် တောင်ပေါ်သို့ ရောက်ရှိလာကြလေသည်။

"ခင်ဗျားတို့ ဘယ်လိုလုပ်ပြီး သည်နေရာကို ရောက်လာကြတာလဲ... ခင်ဗျားတို့ သေဆုံးသွားခဲ့ကြပြီ မဟုတ်လား... "

ရှေ့ဆုံးမှ ဦးဆောင်လာသော လီစုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ကျုပ်တို့ မတရား အသတ်ခံခဲ့ကြရတယ်... ခုချိန်ထိ စန်းတုံးရဲ့လက်ချက်ဆိုတာ... ဘယ်သူမှ မသိကြသေးဘူး... တရားခံအစစ်ကိုသိတာ မင်းတစ်ယောက်ပဲရှိတယ်"

နဂါးသုံးဖော်မှ လုံတကပင် ပြောလိုက်သည်။

"စန်းတုံးကို လွှတ်ထားလိုက်ရင်... သိုင်းလောကတစ်ခုလုံး ဒုက္ခရောက်ရလိမ့်မယ်... အပြစ်မရှိတဲ့လူတွေ သေကြေပျက်စီးသွားရလိမ့်မယ်... "

လူငယ်သိုင်းသမား ယန်းကိုးကလည်း ပြောသည်။



"စန်းတုံးအကြောင်းကိုသိတာ နောင်ကြီးပဲရှိပါတယ်... သူ့ကို ဟန့်တားနိုင်မယ့်လူဆိုလို့လည်း နောင်ကြီးတစ်ယောက်ပဲရှိပါတယ်... "

လီစု ခေါင်းညိတ်လိုက်လေသည်။

"ဝူးရို... မင်း လက်ပိုက်ကြည့်နေတော့မှာလား... စန်းတုံးကို လွှတ်ထားလိုက်ရင် မင်းဟာ တရားမျှတမှု ကင်းမဲ့တဲ့လူတစ်ယောက်ဖြစ်သွားလိမ့်မယ်... "

ဝူးရို မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေသည်။

"ဝူးရိုသိုင်းလောကကို ကယ်တင်ပါ... အပြစ်မရှိတဲ့လူတွေကို ကာကွယ်စောင့်ရှောက်ပါ... "

လီစုက ရှေ့တိုးလာပြီး ပြောလေသည်။

ဝူးရို သက်ပြင်းချလိုက်သည်။

"ကျွန်တော် သည်တောင်ပေါ်မှာပဲ အေးအေးနေချင်ပါတယ် ခင်ဗျာ... သိုင်းလောကထဲဆင်းပြီး ကျင်လည်ကျက်စားဖို့ စိတ်ကူးမရှိပါဘူး... "

လီစု ခေါင်းခါယမ်းလိုက်သည်။

"မင်းက စန်းတုံးကို ဟန့်တားဖို့ ငြင်းလိုက်မယ်ဆိုရင်... သိုင်းလောကရဲ့သစ္စာဖောက်တစ်ယောက် ဖြစ်သွားလိမ့်မယ်... ငါတို့လည်း မင်းကို ခွင့်လွှတ်နိုင်ကြမှာ မဟုတ်ဘူး... "

"ဟုတ်တယ်... ကျုပ်တို့ ခွင့်မလွှတ်နိုင်ဘူး... "

နဂါးသုံးဖော်က အော်ပြောလိုက်ရာလူငယ်သိုင်းသမားသုံးယောက်ကလည်း ဝိုင်းအော်ကြလေသည်။

သူတို့၏အသံများသည် မိုးခြိမ်းသံပမာ ကျယ်လောင်စွာ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာလေသည်။

ဝူးရိ နောက်ဆုတ်လိုက်မိသည်။

လီစုတို့က ရှေ့တိုးလာကြသည်။

"ခင်ဗျားတို့ သွားကြပါတော့ဗျာ... "

ဝူးရိက တောင်းပန်လိုက်သော်လည်း လီစုတို့သည် ထွက်မသွားကြသည့်အပြင် ရှေ့ဆက်တိုးလာကြလေသည်။

သူတို့၏လက်များကို ဆန့်တန်းကာ ဝူးရိအား ဖမ်းချုပ် တော့မည့်အသွင်မျိုး ဖြစ်လာလေသည်။

ဝူးရိက နောက်သို့ ထပ်ဆုတ်လိုက်တော့မှ အနောက် ဘက်၌ ချောက်ကြီးတစ်ခုခံနေသည်ကို တွေ့ရလေသည်။

ဝူးရိ ကပျာကယာ ခုန်ထွက်လိုက်သော်လည်း လ မတင်လေး နောက်ကျသွားပြီး ချောက်ထဲသို့ ထိုးကျသွားတော့ သည်။

"အား... "

ဝူးရိမှာ စူးရှစွာအော်ဟစ်ကာ အိပ်မက်ဆိုးမှ လန့်နိုး လေတော့သည်။

ဝူးရိ၏တစ်ကိုယ်လုံး ချွေးများစိုရွှဲနေလေသည်။

အသက်ပြင်းပြင်း ရှူရှိုက်နေရခြင်းကြောင့် ရင်ဘတ် မှာ ဖားဖိုကြီးကဲ့သို့ နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။



ခြေလက်များကား ရေခဲတုံးပမာ အေးစက်နေပါတော့ သည်။

ဝူးရိသည် ခုတင်ပေါ်မှဆင်းကာ အိမ်အပြင်ဘက်သို့ ထွက်ခဲ့လေသည်။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသလို ကြယ် ကလေးများ ဝင်းလက်တောက်ပနေလေသည်။

တောင်ပေါ်ဒေသ၏ညကား လွန်စွာမှပင် သာယာလှပ နေပေတော့သည်။

ဝူးရိသည် တောင်ပေါ်သို့ တက်သည့်လမ်းကလေးနှင့် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

လီစုတို့လူစုကို မတွေ့ရသလို အခြားထူးခြားမှု တစ်စုံ တစ်ရာကိုလည်း မတွေ့ရပါချေ။

ဝူးရိ သက်ပြင်းချလိုက်လေသည်။

"သည်လိုသာ ညစဉ်ညတိုင်း အိပ်မက်ဆိုးတွေ မက်နေ ရင်တော့ ဒုက္ခပါပဲ... "

စိတ်ပျက်လက်ပျက် ညည်းတွားလိုက်မိလေသည်။

အိပ်မက်ဆိုးများ...

စန်းတုံးနှင့် ပတ်သက်သော အိပ်မက်ဆိုးများကို ညစဉ် ညတိုင်း မြင်မက်ခဲ့သည်။

ထိုအိပ်မက်ဆိုးများက ခြောက်လှန့်နေသဖြင့် အိပ် ကောင်းခြင်း အိပ်ရသည်ဟူ၍ မရှိတော့ချေ။

ညအိပ်ရမည်ကိုပင် ကြောက်လန့်လာရတော့သည်။

ဝူးရိသည် အိမ်ရှေ့ မြေကွက်လပ်၌ ထိုင်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဖုံးသိုင်းပြိုင်ပွဲသို့ သွားခဲ့ရာမှ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြန်ပြောင်းတွေးတော စဉ်းစားနေလိုက်ရာ နောက်ဆုံး မိုးစင်စင်လင်း သွားခဲ့လေတော့သည်။

❀ ❀ ❀

"ဂျိန်း... "

မိုးခြိမ်းသံထွက်ပေါ်လာသည်။

ကောင်းကင်ပေါ်တွင် လျှပ်နွယ်လျှပ်ပန်းများ ဝင်းလက်သွားပြီး လေပြင်းများတိုက်ခတ်လာသည်။

မိုးဥတု အချိန်ကာလသို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။

ဝူးရိသည် အိမ်တံခါးပေါက်မှနေ၍ မိုးရေစက်များကြားမှ တောင်ပေါ်တက်သည့် လမ်းကလေးဆီသို့ ကြည့်နေ၏။

ကျင်းရှောင် ရိက္ခာဝယ်ရန် ထွက်သွားသည်မှာ ငါးရက်ရှိသွားပြီ ဖြစ်လေသည်။

"ငါးရက်တောင် ရှိသွားပြီ... ကျင်းရှောင် ခုထိပြန်ရောက်မလာသေးဘူး... ဘာများဖြစ်လို့ပါလိမ့်... "

ကျင်းရှောင်အတွက် ပူပန်စွာရှေ့ရှုတ်မိလေသည်။

ခါတိုင်းဆိုလျှင် နှစ်ရက် သို့မဟုတ် သုံးရက်ကြာလျှင် ပြန်ရောက်လာစမြဲ ဖြစ်လေသည်။

ယခု...

အချိန်တန်ပါလျက် ကျင်းရှောင်က တောင်ပေါ်သို့ ပြန်ရောက်မလာသည်မှာ...



ဝူးရိ ကြည့်နေစဉ်မှာပင် တောင်ပေါ်သို့ တက်လာသူတစ်ယောက်အား တွေ့လိုက်ရလေသည်။

ကျင်းရှောင်...

"ကျင်းရှောင်... "

ဝူးရိ လွတ်ခနဲရေရွတ်လိုက်သည်။

သူမျှော်လင့်နေသော ကျင်းရှောင် ပြန်ရောက်လာသဖြင့် ဝမ်းသာသွားလေသည်။

အိမ်တံခါးပေါက်သို့ ထွက်လိုက်စဉ် ကျင်းရှောင် မြေပေါ်လဲကျသွားသည်ကို တွေ့လိုက်ရလေသည်။

"ဟင်... "

ဝူးရိအံ့ဩသွားသည်။

ကျင်းရှောင် အဘယ်ကြောင့် မြေပေါ်လဲကျသွားရပါသနည်း။

စားနပ်ရိက္ခာသွားဝယ်သည် ဖြစ်သော်လည်းအထုပ်အပိုးများပါမလာပါချေ။

ဝူးရိမနေနိုင်တော့ဘဲ မိုးရေထဲသို့ ပြေးထွက်သွားလိုက်လေသည်။

လဲကျသွားသော ကျင်းရှောင်ကား ပြန်ထမလာနိုင်တော့ချေ။

"ကျင်းရှောင်... မင်းဘယ်လိုဖြစ်တာလဲ... "

ဝူးရိသည် ရွှံ့ဗွက်ထဲလဲကျနေသည့် ကျင်းရှောင်အားမေးလိုက်လေသည်။ ကျင်းရှောင်၏ တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငွေးရီ... "

အားယူကြိုးစားကာ ခေါ်လာလေသည်။

"ကျင်းရှောင်... မင်းဘယ်လိုဖြစ်တာလဲ... "

"ငါ... ငါ... "

ကျင်းရှောင်သည် တစ်စုံတစ်ခုပြောရန် ကြိုးစားသော်လည်း မပြောနိုင်တော့ပါ။

ငွေးရီ၏ လက်ထဲ၌ပင် ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

"ကျင်းရှောင်... ကျင်းရှောင်... "

ငွေးရီ အထိတ်တလန့်ခေါ်လိုက်သည်။

သူ၏ ခေါ်သံကို ကျင်းရှောင်ကြားနိုင်တော့မည် မဟုတ်ချေ။

❀ ❀ ❀

မိုးသည် သည်းထန်စွာရွာသွန်းချလိုက်ပြီး မကြာခင်ရပ်တန့်သွားသည်။

မိုးတိတ်သွားပြီဖြစ်သလို ကျင်းရှောင်၏ အလောင်းလည်း မြုပ်နှံသဂြိုဟ်ပြီး သွားပြီဖြစ်လေသည်။

ငွေးရီသည် မြေပုံရှေ့၌ ဒူးထောက်ကာ ငိုင်နေသည်။

သူနှင့်အတူ နှစ်ပေါင်းများစွာ လက်တွဲနေထိုင်လာသော မိတ်ဆွေကျင်းရှောင်သည် သူ့အားကျောခိုင်း စွန့်ခွာသွားခဲ့ပြီ ဖြစ်လေသည်။



ငွေးရီက ကျင်းရှောင်နှင့်ဆုံတွေ့ခဲ့ရပုံများကို ပြန်ပြောင်းတွေးတောမိပြန်သည်။

ကျင်းရှောင်မှာ ဒေသခံမုဆိုးတစ်ယောက်ဖြစ်ပါသည်။

တောင်ပေါ်သို့ ငွေးရီ ရောက်လာချိန်တွင် ကျင်းရှောင်နှင့် တွေ့ဆုံကာ ရင်းနှီးသွားခဲ့လေသည်။

ကျင်းရှောင်ကိုယ်တိုင်လည်း တစ်ကောင်ကြွက်ဖြစ်သည်မို့ ငွေးရီနှင့်ညီအစ်ကိုပမာ လက်တွဲနေထိုင်ခဲ့ကြသည်။

ငွေးရီသိုင်းပညာလေ့ကျင့်သောအခါ တွေ့ရဖန်မြင်ရဖန်များလာသဖြင့် ကျင်းရှောင်လည်း ဝါသနာပါလာသည်။

ဤသို့ဖြင့် နှစ်ယောက်သားခွဲခြား မရအောင်ဖြစ်လာခဲ့လေသည်။

ကျင်းရှောင်နှင့် ငွေးရီတို့ တွေ့ဆုံရင်းနှီးခဲ့သည်မှာ ဆန်းကြယ်သော အကြောင်းအရာကိစ္စမပါချေ။

သို့သော်...

နှစ်ပေါင်းအတန်ကြာအတူလက်တွဲနေလာသောအခါ ညီအစ်ကိုများကဲ့သို့ဖြစ်လာခဲ့လေသည်။

ယခုတော့...

ကျင်းရှောင် သေဆုံးသွားပြီ ဖြစ်ပါသည်။

ကျင်းရှောင်အား မည်သူကသတ်ပစ်လိုက်ပါသနည်း။

ငွေးရီသည် ကျင်းရှောင်၏မြေပုံကို ဦးညွှတ်လိုက်သည်။

"ကျင်းရှောင်... မင်းကိုဒုက္ခပေးတဲ့ လူကိုရှာဖွေဖော်ထုတ်ပြီး တရားဥပဒေလက်တွင်း ပို့ဆောင်ပေးမယ်လို့ ကတိပေးပါတယ်ကွာ... "

www.burmeseclassic.com

www.burmeseclassic.com



ဝူးရှိ၏နှုတ်မှ တိုင်တည်ပြောဆိုလိုက်လေသည်။

ထိုအချိန်မှာပင်...

"ဟူး... ဟူး... ဟူး..."

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာလေသည်။

ဝူးရှိလှည့်ကြည့်လိုက်သောအခါ တောင်ပေါ်သို့ရောက်ရှိလာသူ သုံးယောက်အား တွေ့မြင်လိုက်ရလေတော့သတည်း။

# အိပ်ပျော်နေသောကျား

အဝတ်အစားလေတိုးသံများနှင့်အတူ တောင်ပေါ်သို့ သုံးယောက်ရောက်ရှိလာလေသည်။

ထိုလူသုံးယောက်မှာ... အနက်ရောင်ကိုယ်ကြပ်အကျႌ ဝတ်ဆင်ထားကြပြီး ကြောက်မက်ဖွယ်ကောင်းသည့်အသွင် မျက်နှာဖုံးစွပ်ထားကြလေသည်။

သူတို့၏ လက်ထဲ၌ ဓားကိုယ်စီဆွဲကိုင်ထားကြပြီး ဝူးရှိထံသို့ လျင်မြန်စွာချဉ်းကပ်လာကြလေသည်။

ဝူးရှိဒူးထောက်ရာမှ ထလိုက်လေသည်။

အနက်ရောင်ဝတ်ထားသူ သုံးယောက်နှင့် မျက်နှာချင်းဆိုင်လိုက်လေသည်။

ထိုလူသုံးယောက်သည် စကားတစ်လုံးမှမပြောဘဲ ဓားဝှေ့ယမ်းကာ ဝူးရှိအား စတင်တိုက်ခိုက်လိုက်ကြလေသည်။

"ဝှစ်... ဝှစ်... ဝှစ်..."

ဓားရောင်များ ဝင်းလက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်သော ဓားချက်များသည် ငူးရိကိုယ်ခန္ဓာပေါ်သို့ ကျရောက်သွားလေသည်။

ငူးရိက သိုင်းပညာကို အမြတ်တနိုးထားကာ လေ့လာ... ထားပါသော်လည်း ကိုယ်တိုင်အသုံးပြုဖို့ မည်သည့်အခါမှ စိတ်... မကူးခဲ့ပါချေ။

ယခု...

အနက်ရောင်ဝတ်ထားသူသုံးယောက် ရောက်လာ... တိုက်ခိုက်လိုက်ကြသောအခါ ပြန်လည်ခုခံတိုက်ခိုက်ရန် စိတ်မ... ခဲ့ချေ...

သို့သော်...

ကျင်းရှောင် အသတ်ခံခဲ့ရသည့် ကိစ္စကိုဖြေရှင်း... တာဝန်ရှိနေခြင်းကြောင့် အနက်ရောင်ဝတ်ထားသူများ၏ တို... ခိုက်မှုကို ခေါင်းငုံ့မခံနိုင်တော့ချေ။

"ဟိတ်..."

ငူးရိသည် ညာသံတစ်ချက်ပေးကာ တိမ်းရှောင်... လိုက်၏။

သူ၏ လှုပ်ရှားမှုမှာ လျင်မြန်လွန်းလှသဖြင့် အနက်... ဝတ်ထားသူသုံးယောက်ရှေ့မှာပင် မြင်ကွင်းမှပျောက်ကွယ်... လေတော့သည်။

"ဟင်..."

"ဟာ..."

အနက်ရောင် ဝတ်ထားသူသုံးယောက် အံ့သြသွား... ဟိုဟိုသည်သည်ကြည့်တော့မှ မလှမ်းမကမ်း၌ ...



ခိုင်းကာရပ်နေသော ငူးရိကိုတွေ့မြင်သွားကြ၏။

"ဟိုမှာ..."

"မလွှတ်စေနဲ့..."

သုံးယောက်သား တစ်ဟုန်ထိုးပြေးသွားကာ တိုက်ခိုက်လိုက်ကြပြန်လေသည်။

ငူးရိမလှုပ်မယှက်ရပ်နေသည်။

သူ၏နားထဲ၌ အိပ်မက်ဆိုးများမက်ခဲ့စဉ် လီစုတို့ပြောဆိုခဲ့သော စကားသံများကို ပြန်လည်ကြားယောင်လာသည်။

အပြစ်မဲ့သူများ... မတရားအသတ်ခံရလိမ့်မည်ဟူသော စကားသည် သူ၏နားထဲ၌ ပဲ့တင်ထပ်ကာ ဟိန်းထွက်နေလေတော့သည်။

"ယား..."

အနက်ရောင် ဝတ်ထားသူသုံးယောက်သည် အနီးသို့ ရောက်ရှိလာကြပြီး ဓားကိုယ်စီဖြင့်တိုက်ခိုက်လိုက်ကြလေသည်။

ငူးရိက ချာခနဲလှည့်လိုက်သည်။

သူ၏လက်တစ်ဖက် ဝှေ့ယမ်းပြီးသား ဖြစ်သွားလေသည်။

"ချွမ်း... ချွမ်း... ချွမ်း..."

"ဝုန်း..."

"အား..."

"အမလေး..."

စူးရှကျယ်လောင်သော အသံများတခဲနက် ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ထားသူ သုံးယောက်လူတခြားဓား တစ်ခြားဖြစ်ကာအဝေးသို့ လွင့်စဉ်သွားကြတော့သည်။

ဝူးရိသည် အနိုင်ရလိုက်သော်လည်း ဆက်လက်တိုက် ခိုက်ခြင်းမပြုဘဲ အခြေအနေစောင့်ကြည့်နေလိုက်လေသည်။

ထိုလူသုံးယောက်သည် မြေပေါ်မှ လူးလိမ့်ထလာကြ လေသည်။

ဝူးရိအား မယှဉ်နိုင်မှန်း နားလည်သွားကြသည့်အလား ထပ်မံတိုက်ခိုက်ရန် မကြိုးစားတော့ဘဲ တောင်အောက်သို့ ဒရေ သောပါးပြေးဆင်းသွားကြလေတော့သည်။

ယခုနှစ်မိုးရာသီမှာ မိုးများသည့်သဘောရှိလေသည်။

မိုးရေစက်များ တဖျောက်ဖျောက်ကျဆင်းနေသည်။

လမ်းသွားလမ်းလာများသည် မိုးရေစက်များအောက်မှ ခပ်သုတ်သုတ်သွားလာနေကြလေသည်။

ဝူးရိသည် ရွှံ့အိုင်ဗွက်အိုင်များကို ကျော်ဖြတ်ပြီး လမ်း တစ်ဖက်သို့ကူးကာ စားသောက်ဆိုင်လေးထဲသို့ ဝင်လိုက်လေ သည်။

ထိုဆိုင်ကလေးကား သူနှင့်ကျင်းရှောင်တို့ ရိက္ခာလာဝယ် တိုင်း လာရောက်စားသောက်လေ့ရှိသော ဆိုင်ကလေးဖြစ်ရာ ဆိုင်လုလင်များသည် ဝူးရိကို ကောင်းစွာမှတ်မိနေကြလေတော့ သည်။



ဝူးရိသည် စားသောက်ဖွယ်ရာများ မှာကြားလိုက်သော် လည်း စားသောက်လိုစိတ်မရှိပါချေ။

မျက်မှန်းတန်းမိသော ဆိုင်လုလင်တစ်ယောက်ကို တွေ့ ရသည့်အခါ ခေါ်ပြီးမေးမြန်းလိုက်လေသည်။

"ညီလေး... မင်းတို့ဆီကို ကျုပ်သူငယ်ချင်းများ လာ သွားသေးသလားကွ..."

ဆိုင်လုလင်ချက်ချင်း ခေါင်းညိတ်လိုက်လေသည်။

"လာသွားပါတယ်... တစ်ရက်နှစ်ရက်လောက်ပဲ ရှိပါ သေးတယ်... အစ်ကိုလေးတို့ အတူတူ ရိက္ခာလာဝယ်ကြတာ မဟုတ်လား..."

"မဟုတ်ဘူး သူတစ်ယောက်တည်းလာတာ..."

"ဪ... အခု သူပြန်ရောက်မလာလို့ အစ်ကိုလေးလိုက် လာတာလား..."

ဝူးရိက ချော်လဲရောထိုင် သဘောမျိုးပြောလိုက်သည်။

"ဟုတ်တယ်ကွ... သူ သည်ဆိုင်ကို နောက်ဆုံးဘယ် အချိန်ကရောက်လာသလဲ... ဘယ်လိုထူးခြားမှုတွေ ရှိသလဲဆိုတာ သတိထားမိရင် ပြောပြစမ်းပါ..."

ရင်းနှီး၍ အကူအညီတောင်းသည့်သဘောမျိုးကြောင့် ဆိုင်လုလင် မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်သည်။

"ထူးခြားတာကတော့ မရှိပါဘူး... ဒါပေမယ့် မနေ့က... မဟုတ်ဘူး... တစ်နေ့က သူဟာဆိုင်မှာလာစားသောက်ပြီး တော့... လူတစ်ယောက်နဲ့ လိုက်သွားတယ်... ကျွန်တော်က အစ်ကိုလေးလို့တောင် ထင်မိသေးတယ်... ဒါပေမယ့် သူကိုလာ

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားတဲ့ လူဟာ မျက်နှာစိမ်းတစ်ယောက်ဖြစ်နေတယ်... ”

ကျောင်းရှောင်နှင့် ပတ်သက်ပြီးသဲလွန်စ ရလာပြီဖြစ်၍ ဝူးရိ အားတက်သွားလေသည်။

“အဲဒီလူရဲ့ပုံပန်းသဏ္ဌာန်ကို ပြောပြစမ်းပါဦး... ကျောင်းရှောင်ကို ဘာကြောင့်ခေါ်သွားရတာလဲ... ”

ဆိုင်လုလင် ခေါင်းယမ်းလိုက်လေသည်။

“ဘာကြောင့် လာခေါ်သွားသလဲဆိုတာတော့... ကျွန်တော်လည်း မသိပါဘူး... သူ့ကိုခေါ်သွားတဲ့လူဟာ... ”

ဆိုင်လုလင်၏ စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွားပြီး ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ကမန်းကတန်း ညွှန်ပြလိုက်ရလေသည်။

“ဟိုလူ... ဟိုလူ... အစ်ကိုလေး သူငယ်ချင်းကို ခေါ်သွားတာ ဟိုလူပဲ... ”

ဝူးရိ လှမ်းကြည့်လိုက်သောအခါ ဆီစိမ်ထီးတစ်လက် ဆောင်းထားသူတစ်ယောက်သည် ဆိုင်ရှေ့မှဖြတ်ကာ လမ်းကြား လေးတစ်ခုအတွင်းသို့ ချိုးကွေ့ဝင်ရောက်သွားသည်ကို တွေ့လိုက် ရလေသည်။

“မင်းသေချာရဲ့လား... ”

“သေချာပါတယ် အစ်ကိုလေး... အဲဒီလူမှ အဲဒီလူအစ ပါ... သူခေါ်သွားတာပါ... ”

ဝူးရိမှာ မှာကြားထားသော စားစရာများအတွက် အခ ကြေးငွေပေးချေရန်ပင် မေ့လျော့သွားလေတော့သည်။

ချက်ချင်းပင် ထိုင်နေရာမှထကာ ဆိုင်ထဲမှတစ်ဟုန်ထိုး



ပြေးသွားလေတော့သည်။

လမ်းကားလေးအတွင်း၌ လူရှင်းနေသည်။

ဆီစိမ်ထီးလေးဆောင်းထားသူကမိုးရေစက်များအကြား မှ ခြေလှမ်းမှန်မှန်ဖြင့် လှမ်းသွားနေ၏။

ဝူးရိက ပြောလိုက်လေသည်။

“မိတ်ဆွေ... ခဏနေပါဦးဗျာ... ”

သူ၏အသံကြောင့် ထိုလူ ခြေလှမ်းရပ်သွားလေသည်။

ဝူးရိလည်း ထိုလူ၏ရှေ့သို့ ရောက်ရှိသွား၏။

ထိုလူမှာ ခန္ဓာကိုယ်ပိန်ပိန်ပါးပါးအသက်လေးဆယ်ခန့် သူဖြစ်လေသည်။

စာပေသမားတစ်ယောက်အသွင်ရှိပြီး သဘောမနော ကောင်းမည့်သူ ဖြစ်ပုံရလေသည်။

ထိုလူက ဝူးရိအား ပြုံးပြလိုက်သည်။

“ဘာများအကူအညီပေးရမလဲ... ပြောပါမိတ်ဆွေ... ”

ဝူးရိက ဦးညွှတ်လိုက်သည်။

“ကျုပ် မေးစရာလေး တစ်ခုရှိလို့ပါ... လွန်ခဲ့တဲ့နှစ်ရက် လောက်က... ကျုပ်ရဲ့မိတ်ဆွေကျောင်းရှောင်ကိုစားသောက်ဆိုင်ထဲ မှနေ ခင်ဗျား ခေါ်သွားတယ်လို့ သိရပါတယ်... ”

ထိုလူ မျက်မှောင်ကြုတ်သွားသည်။

“ကျောင်းရှောင်ဟုတ်လား... ”

“ဟုတ်ပါတယ်ဗျာ... ခင်ဗျားနဲ့ကျောင်းရှောင်ဘယ်လို ပတ်

www.burmeseclassic.com

www.burmeseclassic.com



သက်ခဲ့သလဲဆိုတာ သိချင်လို့ပါ…"

ထိုလူ သက်ပြင်းချလိုက်လေသည်။

"ကျုပ် ကျောင်းရှောင်ကိုမသိပါဘူး… ကျုပ်သိတာ ဝူးရိပဲ"

"ဗျာ…"

"ကျုပ်က ဝူးရိဘယ်မှာရှိသလဲဆိုတာ သိချင်လို့ ဝူးရိနဲ့ ရင်းနှီးတဲ့သူကို မေးကြည့်တာပါ…"

"ဪ… ဪဆို…"

ထိုလူရယ်မောလိုက်သည်။

"ဝူးရိအကြောင်းကို သူက ကောင်းကောင်းမပြောချင် ဘူး… ဒါကြောင့် သူ့ကို နည်းနည်းလောက်ဆုံးမလိုက်ရတယ်… အင်း… သူက ခံနိုင်ရည်မရှိတော့ ခဏချိန်လောက်ဆိုရင် သေသွား လောက်ပြီပေါ့…"

"ခင်… ခင်ဗျား…"

ဝူးရိဒေါသထွက်သွားလေသည်။

ကျောင်းရှောင်အား ဒဏ်ရာပေးခဲ့သူအား ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လိုက်ရပြီ မဟုတ်ပါလား။

ဝူးရိတစ်ကိုယ်လုံး ထူပူသွားသည်။

အသက်ရှူမြန်လာပြီး တိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ် လာသည်။

သို့သော်…

စိတ်ကို ချုပ်တည်းကာ မေးလိုက်သည်။

"ဝူးရိကို ဘာကြောင့်တွေ့ချင်တာလဲ… ဝူးရိကိုတွေ့ချင် တာကြောင့်… ကျောင်းရှောင်ကို ဒဏ်ရာပေးခဲ့ရတာ ဘာကြောင့်လဲ…"



ထိုလူပခုံးတွန့်လိုက်သည်။

"ကျောင်းရှောင်က ခံနိုင်ရည်မရှိလို့သေသွားနိုင်တာပါ… ကျုပ်သူ့ကို ဂရုမစိုက်ပါဘူး… ဝူးရိကိုသာ လိုချင်တာပါ… သူ့ကို တွေ့တာနဲ့ ကျုပ်အတွက် ငွေအတော်တော်များများ ရလိမ့်မယ် လေ…"

ဝူးရိ အံ့ဩသွားလေသည်။

"ဝူးရိကိုတွေ့တာနဲ့ ငွေရမယ်ဟုတ်လား…"

"ဟုတ်တယ်…"

"ဒါဆို… ခင်ဗျား ငွေရဖို့သာ ပြင်ထားပေတော့…"

ထိုလူက ဝူးရိအား စိုက်ကြည့်လိုက်သည်။

"မင်းက ဝူးရိ မဟုတ်လား…"

"ဟုတ်တယ်…"

ထိုလူကပြုံး၍ ဆီစိမ်ထီးကိုဝိတ်လိုက်လေသည်။

ဤတွင်…

မိုးရေစက်များကြားမှ ပြေးလွှားလာသော ခြေသံများ ထွက်ပေါ်လာပြီး အနက်ရောင်ဝတ်ထားသူတစ်စု ပြေးလွှားရောက် ရှိလာကြကာ ဝူးရိအား ဝိုင်းရံထားလိုက်ကြလေတော့သည်။

✿ ✿ ✿

ဝူးရိ မလှုပ်မယှက်ရပ်နေလိုက်သည်။

မိုးရေစက်များသည် သူ၏ခန္ဓာကိုယ်ပေါ်သို့ တဖွဲဖွဲကျ လာ၏။

ဆီစိမ်ထီးနှင့်လူက ပြုံးလိုက်သည်။

www.burmeseclassic.com



"မင်းက ဝူးရိဆိုရင် ကျုပ်ငွေရတော့မှာပေါ့လေ… "

ဝူးရိ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်… ကျုပ်က ဝူးရိပါ… ဒါထက်ခင်ဗျားက ကျုပ်ကိုတွေ့တာနဲ့ ငွေရမယ်ဆိုတာအကြောင်းတော့ ရှိမယ်ထင်တယ်… "

"သိပ်မှန်တာပေါ့… မင်းကိုသတ်ပေးနိုင်ရင် ကျုပ်အတွက် ငွေငါးသောင်းရမယ်လေ… "

ဝူးရိက ပခုံးတွန့်လိုက်လေသည်။

"ကျုပ်က ငွေငါးသောင်းတောင်တန်တယ်ဆိုတာ ခုမှ သိရတော့တယ်… ဒါထက်ဘယ်သူကများ ခင်ဗျားကိုငွေပေးပြီး ခိုင်းတယ်ဆိုတာ မသိရဘူးလား… "

ထိုလူက ခေါင်းခါယမ်းလိုက်သည်။

"မင်းသိတော့ကော ဘာများထူးခြားမှာမို့လဲ… လူသေ အတွက်ဘာများ အဓိပ္ပါယ်ရှိတော့မှာမို့လဲ… "

ဝူးရိက ပြုံးလိုက်သည်။

"ကျုပ် သေသွားရင် အကြောင်းမဟုတ်ဘူးပေါ့ဗျာ… ကျုပ် မသေခဲ့ဘူးဆိုရင်… "

သူ စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

"မင်း သေသွားရမှာပါ… "

"ထားပါတော့လေ… ကျုပ်သေသွားရင် အကြောင်း မဟုတ်ဘူးပေါ့ဗျာ… မသေခဲ့ဘူးဆိုရင်တော့… ဘယ်သူက ငွေပေး ပြီး လုပ်ကြံခိုင်းတယ်ဆိုတာကို ခင်ဗျားပြောပြရလိမ့်မယ်… "

ထိုလူကခေါင်းညိတ်လိုက်သည်။



"စိတ်ချ… မင်းအသက်ရှင်သန်အောင် အစွမ်းကုန်ကြိုးစားပေတော့… "

အနက်ရောင်ဝတ်ထားသူများအား မျက်ရိပ်ပြလိုက်သည်နှင့်…

အနက်ရောင်ဝတ်ထားသူများသည် ဩသံပေးကာ ဝူးရိအား ဝိုင်းရံတိုက်ခိုက်ကြလေတော့သည်။

အနက်ရောင်ဝတ်ထားသူ ရှစ်ယောက်တိတိရှိပြီး ဓားကိုယ်စီဖြင့် စုပေါင်းတိုက်ခိုက်လိုက်ကြခြင်းဖြစ်ရာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပေတော့သည်။

ထိုလူများ၏ တိုက်ခိုက်မှုကြောင့် ဝူးရိ ချက်ချင်းလဲကျသေဆုံးသွားရတော့မည်ဟုပင် ထင်စရာရှိလေသည်။

သို့သော်…

ဝူးရိကား ကြောက်ရွံ့ခြင်းမရှိသည့်အပြင် တည်ကြည်သောမျက်နှာထားဖြင့် လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ ဖြန့်လည် တိုက်ခိုက်လိုက်လေသောအခါ…

"ဝုန်း… "

"အား… "

"အမလေး… "

"သေပါပြီဗျ… "

စူးရှသောအော်ဟစ်သံများနှင့်အတူ အနက်ရောင်ဝတ်ထားသူများ ဖရိုဖရဲဖြင့် အဝေးသို့လွင့်စဉ်သွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ထားသူရှစ်ယောက် မြေပေါ် လဲကျနေကြ၏။

ထိုလူများမှာ ငူးရှိ၏လက်ချက်ဖြင့် သတိလစ်မေ့မျောနေကြပြီဖြစ်လေသည်။

ဆီစိမ်ထီးကိုင်ဆောင်ထားသူ မျက်နှာပျက်သွား၏။

"မင်းရဲ့ သိုင်းပညာဘယ်ဆိုးလို့လဲ... "

ငူးရှိ ပြုံးလိုက်သည်။

"ကျုပ် မသေနိုင်ဘူးဆိုတာကို ခင်ဗျားလက်ခံသွားပြီပေါ့ ဟုတ်လား... "

"မဟုတ်သေးဘူး... "

"ဩော်... "

"မင်းနာမည်ကို သိုင်းလောကမှာ တစ်ခါမှမကြားဖူးဘူး မင်းဟာ ရွက်ပုန်းသီးသိုင်းသမား တစ်ယောက်အဖြစ်... နေတယ်ဆိုရင်တောင် ကျုပ် မမှုသေးပါဘူး... ကဲ... ကျုပ်ရဲ့ဆီစိမ်ထီး အရသာကို မြည်းစမ်းပါဦး... "

ထိုလူသည် ဆီစိမ်ထီးကိုဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

"ဗွီး... "

ဆီစိမ်ထီးသည် ငူးရှိရှေ့သို့ရောက်သည်နှင့် ရုတ်တရက် ပွင့်သွားပြီး လက်နက်ပုန်းကလေးများ တရစပ် ပစ်လွှင့်လာလေသည်။

"တောက်... တောက်... တောက်... "

ထီးရိုးများသည် မြားတံများပမာ ပစ်လွှင့်လာလေသည်။



ကြောက်မက်ဖွယ်ကောင်းအောင်များပြားလှသော လက်နက်ပုန်းများကြောင့် ငူးရှိ၏ရှေ့၌ အုတ်တံတိုင်းကာရံထားမှသာလျှင် လွတ်မြောက်နိုင်လိမ့်မည် ဖြစ်လေသည်။

ဆီစိမ်ထီးပိုင်ရှင်သည် ငူးရှိအား သုတ်သင်ရှင်းလင်းပစ်နိုင်လိုက်ပြီဟု ယုံကြည်ထားပုံရ၏။

သူ၏လက်ကောက်ဝတ် တစ်ချက်လှည့်လိုက်သည်နှင့်

"ဖွီး... "

ထီးရွက်များ ကွာကျသွားပြီး ထီးရိုးအတံသာလျှင် သူ၏လက်ထဲ၌ကျန်ရစ်ခဲ့သည်။

ထိုထီးရိုးတံသည်ပင် ဓားတစ်လက်ပမာ ကြောက်မက်ဖွယ်ရာကောင်းနေတော့သည်။

ထိုလူက လက်နက်ပုန်းကလေးများဖြင့် ငူးရှိအား လဲကျသွားစေပြီး ထီးရိုးဖြင့်အဆုံးစီရင်ပစ်မည့် သဘောရှိလေသည်။

အဖြစ်အပျက်များကား လျှပ်ပြက်သကဲ့သို့ လျင်မြန်လွန်းလှပေသည်။

ထိုလူသည် ထီးရိုးကိုတင်းကျပ်စွာ ဆုပ်ကိုင်ရင်း မြေပေါ် လဲကျနေမည့် ငူးရှိကို ကြည့်လိုက်သည်။

မြေပေါ်၌ ငူးရှိရှိမနေပါ။

ငူးရှိသည် ပျောက်ခြင်းမလှပျောက်ဆုံးနေသည်တကား။

"ဟင်... "

ဆီစိမ်ထီးရှင် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ငူးရှိ မည်သည်နေရာကို ရောက်ရှိသွားသနည်းဟု လှည့်ပတ်ရှာဖွေလိုက်စဉ်မှာပင် နောက်ကျောဘက်မှ အေးစိမ့်သော

www.burmeseclassic.com

www.burmeseclassic.com



စကားသံထွက်ပေါ်လာလေသည်။

"တကယ်တမ်း သေသွားရမယ့်သူက... ဘယ်သူလဲ ဆိုတာ ခင်ဗျားတွေးလို့ရမှာပါ... "

ဆီစိမ်ထီးရှင်၏ခန္ဓာကိုယ် တုန်ခါသွားသည်။

"မင်း... မင်း... "

"ကဲ... ကျုပ်ကို လုပ်ကြံနိုင်းတာ ဘယ်သူလဲပြောပါ"

ဆီစိမ်ထီးရှင် အံကြိတ်လိုက်သည်။

"ကျုပ် မပြောဘူးဆိုရင်ကော... "

သူ၏ စကားအဆုံး၌ လည်ကုပ်ပေါ်မှ အဓိကကျသော သွေးကြောနေရာဆီသို့ ပြင်းထန်သောအင်အားတစ်ခု ကျရောက် လာသည်ဟု ခံစားလိုက်ရလေသည်။

ဆီစိမ်ထီးပိုင်ရှင် မျက်လုံးများ ပြာဝေသွားလေသည်။

လှုပ်ရှားဖို့မချိန်မရဘဲ မိမိအသက် ပေးလိုက်ရမည်ဖြစ် ကြောင်း ကောင်းကောင်းကြီး နားလည်သဘောပေါက်သွားလေ သည်။

"ကျုပ်ကို သတ်ပစ်လိုက်ရင် မင်းကိုဘယ်သူက လုပ်ကြံ ခိုင်းတယ်ဆိုတာ မင်း ဘယ်တော့မှသိရမှာ မဟုတ်ဘူး... "

ကပျာကယာပြောလိုက်လေသည်။

ဝူးရိက ရိုက်ချရန်ပြင်ဆင်ထားသော လက်ဝါးကို ပြန် လည်ရုပ်သိမ်းလိုက်လေသည်။

"ကောင်းပြီ... ပြောပါ... "

"မင်းကို လုပ်ကြံခိုင်းတဲ့လူဟာ ယင်ကျောင်ပဲ... "

"ယင်ကောင်... နေပါဦး... ယင်ကောင်ဆိုတာဘယ်သူလဲ ပြောပါဦး... "



ဆီစိမ်ထီးရှင်က ရှင်းပြလေသည်။

"အညီရှိရင်... ယင်အုံတယ်ဆိုတဲ့ စကားရှိတယ်မဟုတ် လား... မကောင်းတာမှန်သမျှနဲ့ မကင်းနိုင်တဲ့လူဟာ ယင်ကောင် ပဲပေါ့... သူဟာ ပွဲစားတစ်ယောက်လည်းဖြစ်တယ်... လူ့အသက် ကိုအရောင်းအဝယ်လုပ်တဲ့ လူတစ်ယောက်လည်း ဖြစ်တယ်လေ"

"ကောင်းပြီ... ကျုပ် သူ့ကိုတွေ့ချင်ရင် ဘယ်မှာသွားပြီး ရှာရမလဲပြောပါ... "

ဆီစိမ်ထီးရှင်က မခြွင်းမချန်ပြောပြသည်။

"ထိုက်ယန်မြို့ကိုသွားပါ... ရွှင်ပျော်ပျော်စားတော်ဆက် မှာ သူ့ကိုတွေ့နိုင်ပါတယ်... ကဲ... ကျုပ်ကို လွှတ်ပေးလို့ရပြီလား"

"နေဦး... ကျင်းရှောင်ကို ဘယ်သူက သတ်ပစ်လိုက်တာ လဲ... ပြောစမ်း... "

ဝူးရိက မေးလိုက်သည်။

ဆီစိမ်ထီးရှင်ကလည်း အမှန်အတိုင်းပြောလေသည်။

"ကျုပ်ကိုယ်တိုင်ပဲ... "

ဝူးရိ ဘာမှမပြောတော့ဘဲ လက်ဝါးဖြင့်ရိုက်ချလိုက်လေ တော့သည်။

"ဝုန်း... "

www.burmeseclassic.com

www.burmeseclassic.com

# သိုင်းလောကသား

ထိုက်ယန်မြို့…

ထိုက်ယန်မြို့သည် စည်ကားသိုက်မြိုက်သော မြို့ကြီးတစ် မြို့ဖြစ်သည်။

ခရီးလမ်းပန်းဆက်သွယ်ရေး ကောင်းသလိုစီးပွားရေး အချက်အချာကျသော မြို့ဖြစ်၍ကုန်သည်ပွဲစားများ ခရီးသွားများ ဒေသန္တရဗဟုသုတရှာဖွေကြသူများ သိုင်းလောကသားများ ထ ထွက်သွားလာမစဲရှိရသဖြင့် နေ့ရောညပါ စည်ကားသိုက်မြိုက်နေ ပေတော့သည်။

ဝူးရိသည် ထိုက်ယန်မြို့သို့ ရောက်ရှိလာသည်နှင့် ရှ ပျော်ပျော်စားတော်ဆက်ကို ရှာဖွေလိုက်လေသည်။

ရှင်ပျော်ပျော်စားတော်ဆက်သည် ထိပ်ဆုံးနန်းဆိုင်ကြ တစ်ဆိုင်ဖြစ်သောကြောင့် ကြိတ်ကြိတ်တိုးစည်ကား သိုက်မြိုက်နေ ပေတော့သည်။

ဝူးရိ ဆိုင်ထဲဝင်လိုက်သည်နှင့် ဆိုင်လုလင်များကကြို လိုက်ကြလေသည်။



"ကြွပါ အစ်ကိုလေး… သည်ဘက်ကိုကြွပါ… "

ဝူးရိမှာ လူရှုပ်ထွေးသော နေရာ၌ ကြာကြာမနေနိုင် သောကြောင့် လာရင်းကိစ္စကို ပြောလိုက်လေသည်။

"ကျုပ် စားသောက်ဖို့ လာတာမဟုတ်ဘူး… လူတစ် ယောက်အကြောင်း စုံစမ်းဖို့လာခဲ့တာပါ… ယင်ကောင်ဆိုတဲ့လူကို ဘယ်မှာတွေ့ရနိုင်မလဲ… ပြောပြပါလား… "

"ဗျာ… "

ဆိုင်လုလင် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ယင်ကောင်… ဟာ… နောက်ဖေးလမ်းကြားထဲမှာ ယင်ကောင်တွေအများကြီးပဲ… ယင်ကောင်ဆိုတဲ့လူကိုတော့ မသိ ပါဘူးဗျာ… "

"မင်း တကယ်မသိဘူးလား… "

"ဟုတ်တယ်… မသိပါဘူး… "

ဆိုင့်လုလင်က မသိကြောင်းပြောနေသဖြင့် ဝူးရိ စိတ် ပျက်သွားလေသည်။

ထိုအချိန်မှာပင် အခြားဆိုင်လုလင်တစ်ယောက် ရောက် ရှိလာလေသည်။

"မင်းဘာလုပ်နေတာလဲ… ဧည့်သည်ကိုနေရာထိုင်ခင်း ပေးမှပေါ့… "

"မဟုတ်ပါဘူး… သူက စားသောက်မယ့်လူမဟုတ်ဘူး… ယင်ကောင်ဆိုတဲ့ လူတစ်ယောက်အကြောင်း လာမေးနေတာ ဗျ… "

ဝူးရိက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်… ယင်ကောင်ဆိုတဲ့လူကို သိရင်ပြောပြပါ လား… "

"ယင်ကောင်လား… အဲဒါလူသန်ကြီးချူရွှံ့ကို ပြောတာ ပဲ… သူကငွေရမယ်ဆိုရင် ဘာမဆိုလုပ်မယ့် မရှုံမရှာတတ်တဲ့… ယင်ကောင်နဲ့ တူတယ်ဆိုပြီး… သူ့ကိုကွယ်ရာမှာ ယင်ကောင်လို့ ခေါ်ကြတာ… "

မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် ဝူးရီ ဝမ်းသာသွားလေသည်။

"လူသန်ကြီးချူရွှံ့ကို ဘယ်နေရာမှ တွေ့နိုင်မလဲဆိုတာ ပြောပြပါလား… "

"ခုချိန်ဆို မြို့စွန်ကဘုံကျောင်းပျက်မှာ သိုင်းလေ့ကျင့်နေ လောက်ပြီပေါ့… "

ဆိုင်လုလင်က လူသန်ကြီးချူရွှံ့အား တွေ့ရနိုင်မည့်နေရာ ကို ပြောပြလိုက်လေသည်။

ဝူးရီလည်း ဆိုင်လုလင်နှစ်ယောက်အား နှုတ်ဆက်ကာ လျင်မြန်စွာထွက်လာခဲ့လေတော့သည်။

*ဒုတိယဓာတ်သိမ်းပိုင်းဆက်လက်ဖတ်ရှု*

# ဝဏ္ဏအောင်

## အမုန်းနိဂုံး

[ ဒုတိယပိုင်း–ဓာတ်သိမ်း ]

www.burmeseclassic.com

www.burmeseclassic.com

# ကွင်းဆက်

ဘုံကျောင်းလေးမှ တရားစာရွတ်ဆိုသံများ လွင့်ပျံ့နေ

သို့သော် တစ်ချက်တစ်ချက်တွင် တရားသံများကို ထိုး
ကက်ကာ စူးရှသောဗြာသံပေးသံများ ထွက်ပေါ်လာသည်ကို
ားရမည် ဖြစ်လေသည်။

ဝူးရိသည် ဘုံကျောင်းလေးအနီးသို့ ရောက်လာသည့်
ါ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး ဗြာသံပေးသံများ
ထ်ပေါ်လာရာဆီသို့ လှမ်းသွားလိုက်သည်။

ဘုံကျောင်း၏ဝဲဘက်၌ စိမ်းလန်းသောသစ်ပင်ပန်းပင်
ရှိနေပေသည်။

ဝူးရိသည် ထိုသစ်ပင်၊ ပန်းပင်များကြားသို့ ဝင်ရောက်
ပြီး မကြာမီ မြေကွက်လပ်တွင် လူတစ်စု ရှိနေသည်။

လူသန်ကြီးတစ်ယောက်က သိုင်းရေးပြနေပြီး ကျန်လူ
ာ လိုက်ပါလေ့ကျင့်နေကြခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝူးရီ မျက်မှောင်ကုတ်သွား၏။

"ယင်ကောင်ဆိုတဲ့ လူသန်ကြီးဟာ သိုင်းသင်တန်းဆရာ
တစ်ယောက်များလား... "

ထိုစဉ် သူတော်တစ်ယောက်ရောက်လာသည်ကို တွေ့
လိုက်ရလေသည်။

ထိုသူတော်မှာ ဘုံကျောင်းလေး၌ ကပ္ပိယလုပ်နေသူ ဖြ
လေသည်။

"ခဏလောက်နေကြပါဦး... "

သူတော်က ဟန့်တားလိုက်သောအခါ လူသန်ကြီး
လှည့်ကြည့်လိုက်လေသည်။

"ကပ္ပိယသူတော်... ခင်ဗျား ဘာလာရှုပ်တာလဲ... "

သူတော်က ဦးညွှတ်လိုက်လေသည်။

"ကျုပ် မေတ္တာရပ်ခံပါတယ်... ဘုံကျောင်းထဲမှာ ဘု
တော်ကြီးတွေ တရားစာရွတ်ဖတ်နေကြပါတယ်... သည်ဘက်
အော်သံဟစ်သံတွေကြောင့် အာရုံတွေ ထွေပြားနေရတာကြော
ဆူဆူညံညံမလုပ်ကြဖို့ လာပြီး မေတ္တာရပ်ခံတာပါ... "

"ဘာပြောတယ်ဗျ... "

လူသန်ကြီး၏အသံ မိုးခြိမ်းသံပမာ ကျယ်လောင်
ထွက်ပေါ်လာလေသည်။

ချက်ချင်းပင် သူတော်အနီးသို့ ရောက်ရှိသွားပြီး ရိုက်
လိုက်လေသည်။

"အမယ်လေး... "

သူတော် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်လေသည်။



လူသန်ကြီးက ခါးထောက်ကာ အော်ငေါက်လိုက်သည်။

"ကျုပ်က ကျုပ်တပည့်တွေကို တိုက်ဖို့ ခိုက်ဖို့ လုယက်
သင်ပေးနေတယ်... ကျုပ်အတွက် သည်နေရာလောက်ကောင်း
နေရာ မရှိဘူး... ခင်ဗျားတို့ မကျေနပ်ရင် တခြားနေရာကို
ပြောင်းသွားကြ... နောက်တစ်ခါ လာရှုပ်ရင် ခင်ဗျား သေဖို့သာ
ထား... သွားစမ်းဗျာ... သွားစမ်း... "

သူတော် ဘာမှမပြောဝံ့တော့ဘဲ ဒရောသောပါး ထွက်
ပြေးသွားလေတော့သည်။

"ဟား... ဟား... ဟား... "

သူတော် ခြောက်လန့်သွားသည်ကိုကြည့်ကာ လူသန်
ကြီးက ဟားတိုက်ရယ်မောလိုက်လေသည်။

ဝူးရီသက်ပြင်းချလိုက်၏။

ယင်ကောင်မှာ မည်သို့သော လူစားမျိုးဖြစ်ကြောင်း
သဘောပေါက်လိုက်၏။

ထို့ကြောင့် ရှေ့သို့လှမ်းသွားလိုက်လေသည်။

ရုတ်တရက် ထွက်ပေါ်လာသောခြေသံကြောင့် လူသန်
ကြီးက လှမ်းကြည့်လာသည်။

ဝူးရီကို မြင်သည့်အခါ မျက်မှောင်ကုတ်သွား၏။

"မင်းကကော ဘယ်သူလဲ... ဘာလာရှုပ်မလို့လဲ... "

လေသံမာမာဖြင့် လှမ်းငေါက်လိုက်လေသည်။

ဝူးရီက အမှုမထားပါ။

"ခင်ဗျားက ယင်ကောင်ဆိုရင်တော့ ခင်ဗျားကို မေးစရာ
ရှိ လာခဲ့တာပဲ... "

www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ... "

လူသန်ကြီးက လူတွေ့တိုင်း အော်ငေါက်ခြိမ်းခြော
တတ်သူ ဖြစ်ပုံရလေသည်။

"ခင်ဗျားဟာ ယင်ကောင်ဆိုရင် ဆီစိမ်ထီးကို ဘယ်သူ
နိုင်းလိုက်သလဲဆိုတာ ခင်ဗျား သိမှာပေါ့... "

"ဆီစိမ်ထီး ဟုတ်လား... "

လူသန်ကြီးမှာ ယင်ကောင်ဆိုသူပင် ဖြစ်လေသည်။

"ဆီစိမ်ထီးဟာ ကြေးစားလူသတ်သမားတစ်ယောက်ပဲ
မကြာခင်က အလုပ်တစ်ခုပေါ်လာလို့ ကျုပ်က ပွဲခယူပြီး အလု
စပ်ပေးလိုက်တာ... ဒါပေမယ့် သူက သိပ်မဟန်ပါဘူး... မင်း
သူနဲ့ဘယ်လို ပတ်သက်နေလို့လဲ... "

ဝူးရီ ပြုံးလိုက်သည်။

"ဆီစိမ်ထီး လုပ်ကြံရမှာ ဝူးရီဆိုတဲ့လူ မဟုတ်လား

"ဝူးရီ ဟုတ်တယ်... ဟုတ်တယ်... သူပဲ... "

ဝူးရီက လူသန်ကြီးအား စိုက်ကြည့်လိုက်သည်။

"ဝူးရီကို ဘယ်သူက လုပ်ကြံချင်တာလဲ... ပြောစမ်းပါ

လူသန်ကြီးက အဖြေမပေးဘဲ ပြန်မေးလိုက်လေသည်

"နေပါဦး... မင်းကကော ဘယ်သူလဲ... ပြောစမ်းပါ

ဝူးရီက အမှန်အတိုင်း ပြောလိုက်သည်။

"ကျုပ်က ဝူးရီပါပဲ... "

"ဘာ... "

လူသန်ကြီး လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

"မင်း... မင်းက ဝူးရီ ဟုတ်လား... "



"ဟုတ်ပါတယ်ဗျာ... ကျုပ်ကို ဘယ်သူကလုပ်ကြံခိုင်း
လဲဆိုတာ သိချင်လို့... ခင်ဗျား ခင်ဗျားဆီကို လာခဲ့တာပဲ... "

"မင်း... မင်း... "

လူသန်ကြီး မယုံနိုင်စွာ ဖြစ်နေသည်။

"ဆီစိမ်ထီးကော ဘယ်မှာလဲ... "

"ကျုပ် သည်နေရာကိုရောက်လာပြီဆိုတော့... ဆီစိမ်
အကြောင်း မေးနေစရာလိုသေးသလားဗျာ... "

လူသန်ကြီးသည် ဆီစိမ်ထီး၏အခြေအနေကို သဘော
ကျသွားလေတော့သည်။

"မင်း မဆိုးဘူး... "

ဝူးရီ ပြုံးလိုက်သည်။

"ကျုပ်ကို ချီးကျူးတာထက်... ဘယ်သူကလုပ်ကြံခိုင်း
သလဲဆိုတာ ပြောပြရင် ပိုကောင်းမယ်... "

"ကျုပ်က မပြောဘူးဆိုရင်ကော... "

"ဆီစိမ်ထီးလည်း သည်လိုပဲ ပြောခဲ့တာပဲ... ဒါပေမယ့်
နောက်ဆုံးတော့... ကျုပ် ခင်ဗျားဆီကို ရောက်လာခဲ့တာပဲ...
ဟုတ်လားဗျာ... "

လူသန်ကြီး မျက်နှာပျက်သွားလေသည်။

သူ၏လူများကို တစ်ချက်ဝေ့ပြီး လက်ဖွေ့ယမ်းပြလိုက်
သည်။

အကင်းပါးသော သူ၏လူများသည်လည်း ချက်ချင်းပင်
ငံပေးကာ ဝူးရီအား တိုက်ခိုက်လိုက်ကြလေသည်။

"ယား... "

www.burmeseclassic.com

www.burmeseclassic.com



"သေပေတော့... "

ဝူးရိက ရှည်ရှည်ဝေးဝေးစဉ်းစားမနေဘဲ လက်ထွေ
ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာသည်။

"ဝုန်း... "

"အား... "

"အမယ်လေး... "

"သေပါပြီဗျာ... "

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာကာ လူ
ကြီး၏လူများ ဖရိုဖရဲဖြင့် အဝေးသို့လွင့်စဉ်သွားကြလေသည်

"တောက်... "

လူသန်ကြီး ဒေါမွသွားလေသည်။

"ကျုပ်တစ်ယောက်လုံးရှိသေးတယ် မှတ်ထား... "

အော်ဝေါက်ရင်း နွားသိုးတစ်ကောင်ပမာ တဟုန်
ပြေးဝင်ကာ တိုက်ခိုက်လိုက်လေသည်။

ဝူးရိက မလှုပ်မယှက်ရပ်နေပြီး လူသန်ကြီးအ
ရောက်လာသည်နှင့် လက်ဝါးဖြင့် ဆီးကြိုရိုက်ချလိုက်လေ

"ဝုန်း... "

"အား... "

လူသန်ကြီးမှာ မြေပေါ်ဖင်ထိုင်ကျသွားတော့သည်

"ဟင်... "

"ဟာ... "

လူသန်ကြီးကိုယ်တိုင် ခံလိုက်ရသည်ကိုတွေ့ရသည်



တပည့်တပန်းများသည် အခြေအနေမဟန်မှန်း သဘောပေါက်
သွားကြပြီး ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ထွက်ပြေး
သွားကြလေတော့သည်။

လူသန်ကြီးသည် မြေပေါ်ဖင်ထိုင်ကျနေရာမှ မထနိုင်ဘဲ
ဝူးရိ အား မျက်လုံးပြူးကာ ကြည့်နေ၏။

"မင်း... မင်း... "

ဝူးရိက တည်ကြည်သောမျက်နှာထားဖြင့် မေးလိုက်
သည်။

"ကျုပ်ကို ဘယ်သူက ခိုင်းတာလဲ... ပြောပါ... "

လူသန်ကြီး ခေါင်းမမာဝံ့ပါ။

"ကျုပ်က သူဌေးတငွေပေးပြီး လူရှာခိုင်းလို့ ဆိစိမ်ထီး
ကို ပြောလိုက်တာ... ဆိစိမ်ထီးက သူဌေးနဲ့သွားတွေ့ခဲ့တာပဲ..."

"သူဌေးဆိုတာ ဘယ်သူလဲ... "

"သူဌေးအကြောင်းကို လူတိုင်းသိတာပဲ... မင်း မသိဘူး
လား... "

ဝူးရိက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ဟာ သိုင်းလောကသားတစ်ယောက် မဟုတ်လို့
မသိပါဘူးဗျာ... "

"မင်းဟာ သိုင်းလောကသား မဟုတ်ဘူး... "

ဝူးရိက ငြိမ်နေလိုက်လေသည်။

လူသန်ကြီးသည် သူတို့အား တိုက်ခိုက်ခဲ့သည့်တိုက်
ကွက်ကြောင့် ဝူးရိမှာ ကြောက်မက်ဖွယ်ကောင်းအောင် သိုင်းပညာ
မြောက်သူဖြစ်ကြောင်း နားလည်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ သိုင်းလောကသား မဟုတ်ရင်... ရွက်ပုန်းသီး တစ်ယောက်ပဲ ဖြစ်ရမယ်... "

"ခင်ဗျား ကြိုက်သလိုထင်နိုင်ပါတယ်ဗျာ... "

"မင်း... "

"သူငွေးဆိုတာ ဘယ်သူလဲ... သူ့ကို ဘယ်မှာတွေ့နိုင် သလဲဆိုတာ ပြောပါ... "

"သူက ချန်အန်းမှာ ရှိတယ်... "

"ကောင်းပြီ... ချန်အန်းမြို့ ဘယ်နေရာမှာ တွေ့နိုင်မလဲ ပြောပါ... "

"အို... ချန်အန်းမြို့ကိုရောက်ရင် ဘယ်သူ့ကို မေးမေးရ တယ်... "

လူသန်ကြီးက စိတ်မရှည်နိုင်သော လေသံဖြင့် ပြောလေ သည်။

ဝူးရိ ပြုံးလိုက်သည်။

ဤမြို့ကလေး၌လည်း လူသန်ကြီး (ဝါ) ယင်ကောင် အား မသိသူမရှိသလောက်ပင် မဟုတ်ပါလား။

သူငွေးဆိုသူအား ချန်အန်းမြို့၌ လွယ်လင့်တကူ ရှာဖွေ တွေ့ရှိနိုင်လိမ့်မည်ဟု ယုံကြည်မိသည်။

"ကောင်းပြီ... ချန်အန်းမြို့ရောက်လို့ သူငွေးကို ရှာလို့ မတွေ့ရင်... ကျုပ် ခင်ဗျားဆီကို ပြန်လာမယ်ဆိုတာ မမေ့ပါနဲ့..."

စကားဆုံးသည်နှင့် ထွက်သွားရန် ဟန်ပြင်လိုက်သည်။

လူသန်ကြီးက ဖင်ထိုင်ကျနေရာမှ လူးလိမ့်ထလိုက်သည်။

ဝူးရိက ခြေလှမ်းရပ်ပြီး လှည့်ကြည့်လိုက်သောအခါ



လူသန်ကြီးက ဒေါသတကြီး ပြောလေသည်။

"မင်းဟာ ရွက်ပုန်းသီးတစ်ယောက်ဖြစ်တဲ့ သွေးအေး သိုင်းသမားဝူးရိဆိုတာ ကျုပ်သိလိုက်ပြီ... ဝူးရိ... မင်း ချန်အန်း ကပြန်လာဖို့ မစဉ်းစားနဲ့တော့... မင်းကို နဂါးစိမ်းဂိုဏ်းက အလို ရှိနေပြီ... "

ဝူးရိ မျက်မှောင်ကုတ်သွားသည်။

"နဂါးစိမ်းဂိုဏ်း ဟုတ်လား... "

"ဟုတ်တယ်... သိုင်းလောကကို လွှမ်းမိုးဖို့ လျှို့ဝှက် ဂိုဏ်းတစ်ခုပေါ်ပေါက်နေတယ်... အဲဒါ နဂါးစိမ်းဂိုဏ်းပဲ... "

ဝူးရိသည် လူသန်ကြီး၏စကားကို စိတ်ဝင်စားသွားလေ တော့သည်။

နိုင်ဖုံးသိုင်းပြိုင်ပွဲမှပြန်လာပြီးနောက် သိုင်းလောကကြီး အား လှုပ်ရှားသွားစေရန် ကြံစည်နေသူများရှိနေကြောင်း သိခဲ့ရ သည်။

ထိုကြံစည်သူများတွင် မင်းသားလေးစန်းတုံး ထိပ်ဆုံးမှ ပါဝင်နေပြီး စန်းတုံး၏လက်ချက်ကြောင့် ထိပ်တန်းသိုင်းသမား များ ပျောက်ဆုံးသွားခဲ့ရသည်ဟု ယုံကြည်ခဲ့သည်။

ယခုတော့ လျှို့ဝှက်သည့် နဂါးစိမ်းဂိုဏ်းဟူသော အမည်ကို ကြားလိုက်ရပြီဖြစ်လေသည်။

"နဂါးစိမ်းအကြောင်းကို ခင်ဗျား ပြောပြနိုင်မလား... "

ဝူးရိက မေးလိုက်သောအခါ လူသန်ကြီးက ရယ်မော လိုက်လေသည်။

"သိပ်ပြောနိုင်တာပေါ့... မင်းကို ပြောကိုပြောပြရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ပြောစမ်းပါဦးဗျာ... "

လူသန်ကြီးက ရင်ကော့ကာပြောလေသည်။

"သိုင်းလောကမှာ သိုင်းသမားတွေဟာ သူ့အရပ် သူ့ဒေသနဲ့ ဂိုဏ်းဂဏအမျိုးမျိုး ကွဲပြားနေကြတယ်... အဖြူရောင်သိုင်းသမား၊ အနက်ရောင်သိုင်းသမားဆိုပြီး အမျိုးမျိုးဖြစ်နေတယ်... သိုင်းလောကကြီးတစ်ခုလုံး စည်းလုံးညီညွတ်သွားဖို့ စည်းမှုရှိဖို့ ကြိုးစားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နဂါးစိမ်းဂိုဏ်း ပေါ်ပေါက်လာခဲ့တာပဲ... "

ငှုးရီ မဲ့ပြုံးပြုံးလိုက်လေသည်။

"နဂါးစိမ်းဂိုဏ်းဟာ သိုင်းလောကကို လွှမ်းမိုးချုပ်ကိုင်ချင်လို့ပဲ ဖြစ်ရမယ်... လွတ်လွတ်လပ်လပ်နေလိုတဲ့ သိုင်းလောကသားတွေဟာ ဘယ်နည်းနဲ့မှ ခေါင်းငုံ့ခံနေကြမှာ မဟုတ်ဘူး... "

ဟုလည်း စိတ်ထဲတွေးလိုက်လေသည်။

လူသန်ကြီးက ဆက်ပြောလေသည်။

"နဂါးစိမ်းဂိုဏ်းဟာ သိုင်းလောကမှာ အရည်အချင်းရှိတဲ့ သိုင်းသမားတွေနဲ့ ရွက်ပုန်းသီးသိုင်းသမားတွေကို စည်းရုံးသိမ်းသွင်းနေတယ်... ထိပ်တန်းသိုင်းသမား အတော်များများဟာ နဂါးစိမ်းဂိုဏ်းထဲ ဝင်သွားကြပြီ... နဂါးစိမ်းဂိုဏ်းဟာ မင်းကိုလည်း လိုချင်နေတယ်လို့ ကျုပ် သိထားတယ်... "

ငှုးရီ ခေါင်းခါယမ်းလိုက်၏။

"ကျုပ်က နဂါးစိမ်းဂိုဏ်းကို စိတ်မဝင်စားပါဘူးဗျာ—

လူသန်ကြီးက လက်ကာပြလေသည်။

"သူတို့က စိတ်ဝင်စားနေပြီဆိုရင်... မင်း စိတ်မဝင်စား



လို့ မရတော့ဘူး... "

"ဘာဖြစ်လို့လဲဗျ... "

"သူတို့က မင်းကိုလိုချင်ပြီဆိုရင်... မင်းဟာ နဂါးစိမ်းဂိုဏ်းဝင်တစ်ယောက် ဖြစ်ရလိမ့်မယ်... ဒါမှ မဟုတ်ရင်တော့... မင်းဟာ သေလူတစ်ယောက်ပဲ ဖြစ်ရမယ်... "

လူသန်ကြီး၏စကားကြောင့် ငှုးရီက ရယ်မောလိုက်လေသည်။

"ကျုပ်က သူတို့ဩဇာကို ခံယူရင်ယူ... ဒါမှမဟုတ်ရင် ကျုပ်ကို ရှင်းပစ်မယ်ဆိုတဲ့ သဘောပေါ့... "

"ဒါ... အမှန်ပဲ... "

"ဒါဖြင့်... ကျုပ်ကို သုတ်သင်ဖို့ ကြိုးစားနေတာဟာ နဂါးစိမ်းဂိုဏ်းရဲ့ လက်ချက်ပေါ့... ဟုတ်လား... "

"ဟုတ်တယ်... "

ငှုးရီက မရှင်းလင်းသည့်အချက်ကို မေးလိုက်လေသည်။

"နေပါဦး... ကျုပ်နဲ့ နဂါးစိမ်းဂိုဏ်း ဘယ်လိုမှပတ်သက်ကြသေးတာ မဟုတ်ဘူး... ကျုပ်ကိုလုပ်ကြံဖို့ စပြီးကြိုးစားတာတော့ သဘာဝမကျဘူး ထင်တယ်... "

လူသန်ကြီးက ရှင်းပြလေသည်။

"ထုံးစံအတိုင်းဆိုရင်တော့... နဂါးစိမ်းဂိုဏ်းဟာ သူတို့လက်အောက်ကို ခိုဝင်ဖို့... မင်းကို စပြီးဆက်သွယ်စည်းရုံးမှာပါ... ဒါပေမယ့် မင်းရဲ့မိတ်ဆွေတစ်ယောက်ကြောင့် ဘာမှမဆက်သွယ်တော့ဘဲ သုတ်သင်ပစ်ဖို့ ကြိုးစားတာပဲ... "

ငှုးရီ မျက်မှောင်ကုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မိတ်ဆွေတစ်ယောက်ကြောင့် ဟုတ်လား... "

"ဟုတ်တယ်... "

"ဒါတော့ မဖြစ်နိုင်ဘူး... သိုင်းလောကမှာ ကျုပ်ရဲ့မိတ်ဆွေဆိုတာ တစ်ယောက်မှမရှိဘူး... ကျုပ်ဟာ သိုင်းလောကနဲ့ ပတ်သက်လို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူးဗျ... "

လှသန်ကြီး လက်မခံပါချေ။

"မင်းရဲ့မိတ်ဆွေဟာ နဂါးစိမ်းဂိုဏ်းနဲ့ ပြဿနာဖြစ်ခဲ့တယ်... "

"ကျုပ်မိတ်ဆွေက ဘယ်သူများလဲ... ပြောစမ်းပါဦး..."

"ဘယ်သူရှိရမလဲ... ရွှက်ပုန်းသီးသိုင်းသမားတွေထဲမှာ မင်းနဲ့အပြိုင်ကျော်ကြားနေတဲ့ မင်းသားလေးပေါ့... "

ဝူးရိ အံ့ဩသွားလေသည်။

"စန်းတုံး... ဟုတ်လား... "

"ဟုတ်တယ်... "

ဝူးရိ ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

သိုင်းလောကသားများသည် သူနှင့်စန်းတုံးအား ခင်မင်ရင်းနှီးသည့် မိတ်ဆွေများဟု အထင်မှားနေကြသည်တကား။

"ကျုပ်နဲ့စန်းတုံးဟာ မကြာသေးခင်ကမှ တစ်ယောက်ကို တစ်ယောက်သိခဲ့ကြတယ်... ကျုပ်တို့ဟာ မိတ်ဆွေတွေ မဟုတ်ပါဘူး... "

ဝူးရိက ငြင်းလိုက်သော်လည်း လှသန်ကြီးက လက်မခံပါချေ။

"ဘာပဲဖြစ်ဖြစ်... မင်းတို့နှစ်ယောက်ဟာ မိတ်ဆွေတွေ



ပဲလို့ နဂါးစိမ်းဂိုဏ်းက ယူဆထားတယ်... "

"ဒါ မှားနေပြီ... "

လှသန်ကြီးက လှောင်ပြုံးပြုံးလိုက်လေသည်။

"စန်းတုံးက ဂိုဏ်းထဲဝင်ဖို့ နဂါးစိမ်းဂိုဏ်းက ဖိတ်ခေါ်ခဲ့တယ်... ဒါပေမယ့် စန်းတုံးက ငြင်းဆန်လိုက်တဲ့အပြင်... နဂါးစိမ်းဂိုဏ်းကို အာခံခဲ့တယ်... ဒါကြောင့် သူ့ကို သုတ်သင်ရှင်းလင်းပစ်ဖို့ နဂါးစိမ်းဂိုဏ်းက တစ်ချက်လွှတ်အမိန့်ထုတ်လိုက်တယ်... စန်းတုံးရဲ့မိတ်ဆွေဖြစ်နေတဲ့ မင်းကိုလည်း ဘယ်နည်းနဲ့မှ ချမ်းသာပေးမှာ မဟုတ်ဘူး... "

"နဂါးစိမ်းဂိုဏ်းက လူတွေ ရူးနေပြီ... "

ဝူးရိက မကျေမနပ် ပြောလိုက်လေသည်။

လှသန်ကြီးက တဟားဟားရယ်မောလိုက်၏။

"ဘာလဲ... မင်း ကြောက်နေပြီလား... "

"ကျုပ် ဘာကြောင့်ကြောက်ရမှာလဲ... "

"နဂါးစိမ်းဂိုဏ်းကို အာခံတဲ့လူမှန်သမျှ သေဆုံးသွားရတာချည်းပဲလေ... ခုလည်း ကြည့်ပါလား... မင်းကို သုတ်သင်မယ့် လူ ‌တွေ့ရှိနေပြီ မဟုတ်လား... "

ဝူးရိက အံကြိတ်လိုက်သည်။

"နဂါးစိမ်းဂိုဏ်းက ထင်ရာလျှောက်လုပ်နေမယ်ဆိုရင် ကျုပ်က ခေါင်းငုံ့ခံနေမှာ မဟုတ်ဘူး... ကျုပ်ရဲ့မိတ်ဆွေ ကျင်းချောင် အပြစ်မဲ့သေဆုံးသွားရတဲ့ကိစ္စကို ကျုပ်က သည်းခံမှာ မဟုတ်ဘူး... "

ကျင်းချောင် လုပ်ကြံခံရပြီးသည့်နောက် ဝူးရိသည် သူ၏

www.burmeseclassic.com

www.burmeseclassic.com



ခံယူချက်ကို စွန့်လွှတ်ကာ သိုင်းလောကသို့ ဆင်းလာခဲ့ခြင်းဖြစ်လေသည်။

"စိတ်ချ… နဂါးစိမ်းဂိုဏ်းဟာ မင်းကိုကော စန်းတုံးကိုပါ ရှင်းပစ်မှာပါ… "

လူသန်ကြီးသည် ငူးရီအား ခန့်နေရသဖြင့် ကျေနပ်နေလေသည်။

ငူးရီက လူသန်ကြီးအား စိုက်ကြည့်လိုက်သည်။

"ခင်ဗျားကကော နဂါးစိမ်းဂိုဏ်းဝင်တစ်ယောက်ပဲ… မဟုတ်လား… "

လူသန်ကြီး ချက်ချင်းပါးစပ်ပိတ်သွားလေသည်။

ငူးရီက ဆက်ပြောလိုက်၏။

"ခင်ဗျားဟာ နဂါးစိမ်းဂိုဏ်းဝင်တစ်ယောက်ဆိုရင်တော့ ကျုပ်ရဲ့သူငယ်ချင်း ကျင်းရှောင် သေဆုံးခဲ့ရတဲ့ကိစ္စနဲ့ပတ်သက်ပြီး ခွင့်မလွှတ်နိုင်ပါဘူးဗျာ… "

စကားဆုံးသည်နှင့် စတင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

လူသန်ကြီး ကပျာကယာနောက်ဆုတ်လိုက်၏။

ငူးရီ ခေါင်းခါယမ်းလိုက်၏။

"ခင်ဗျား ပြေးလို့မရပါဘူး… "

ထိုစဉ်…

"သည်လောက်လည်း ဒေါသမကြီးပါနဲ့ဗျာ… သူဟာ အရေးပါအရာရောက်တဲ့လူတစ်ယောက် မဟုတ်ပါဘူး… "

ချိုသာသော စကားသံတစ်ချက် ထွက်ပေါ်လာသည်က



ကြားလိုက်ရလေသည်။

ငူးရီ၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

ထိုစကားသံမှာ သူကြားဖူးသည့်စကားသံဖြစ်နေသည် မဟုတ်ပါလား။

"စန်းတုံး… "

ငူးရီ တီးတိုးရေရွတ်ကာ ချာခနဲလှည့်ကြည့်လိုက်ရာ မလှမ်းမကမ်း၌ ရပ်နေသည့် စန်းတုံးအား တွေ့မြင်လိုက်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# နဂါးစိမ်းဂိုဏ်း

စန်းတုံးက သစ်ပင်တစ်ပင်အောက်၌ ရပ်နေလေသည်။

ဝူးရိ၏ ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

လူသန်ကြီးက နောက်သို့တရွေ့ရွေ့ဆုတ်လိုက်သည်။

ဝူးရိက လူသန်ကြီးအား အမှုမထားသကဲ့သို့ စန်းတုံးကလည်း အမှုမထားပါချေ။

"ခင်ဗျားရဲ့မိတ်ဆွေ သေဆုံးခဲ့ရတဲ့ကိစ္စမှာ အဓိကတာဝန်ရှိတဲ့လူဟာ နဂါးစိမ်းဂိုဏ်းချုပ်ပါဗျာ... ယင်ကောင်လို ရွံ့ရှာစရာကောင်းတဲ့ လူတစ်ယောက်ဟာ ဘာမှအရာမရောက်ပါဘူး— ကျုပ်တို့တစ်နေရာရာကို သွားပြီး အေးအေးဆေးဆေးစကားပြောကြရင် မကောင်းဘူးလားဗျာ... "

ဝူးရိက စဉ်းစားခြင်းပင် မပြုဘဲ လက်ခံလိုက်လေသည်။

"ကောင်းသားပဲ... "

"နားအေးပါးအေးရှိတဲ့နေရာတစ်ခုကို ကျုပ် တွေ့ထားတယ်ဗျ... "



"ဒါဆိုလည်း သွားကြတာပေါ့... "

"ကျုပ်နဲ့လိုက်ခဲ့ပါဗျာ... "

စန်းတုံးက လမ်းပြခေါ်ဆောင်သွားလေသည်။

ဝူးရိကလည်း လူသန်ကြီးအား လျစ်လျူရှုထားကာ လိုက်ပါသွားလေသည်။

လူသန်ကြီးက သူတို့နှစ်ယောက်အား ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

✿ ✿ ✿

စိမ်းလဲ့ကန်သာ...

စိမ်းလဲ့ကန်သာအမည်ရှိသော စားသောက်ဆိုင်သည် အမှန်တကယ်လည်း ကြည်လင်စိမ်းလဲ့နေသော ရေကန်ကြီးတစ်ခု၏ကမ်းနဖူးတွင် မေးတင်ကာ ဆောက်လုပ်ထားသော ဆိုင် ဖြစ်လေသည်။

ဆိုင်လုလင်များသည် ယဉ်ကျေးပျူငှာကြသည်။

ကန်ရေပြင်အား ဖြတ်သန်းတိုက်ခတ်လာသည့် လေပြည်လေညင်းလေးကို ရှူရှိုက်ရင်း ငါး၊ပုစွန်၊ကဏန်းအစရှိသော ရေထွက်အစားအစာများကို မှာကြားစားသောက်နိုင်လေသည်။

စိမ်းလဲ့ကန်သာသို့ ဝူးရိနှင့် စန်းတုံးတို့ ရောက်ရှိသွားကြသောအခါ စားသောက်သူတစ်ယောက်စ နှစ်ယောက်စသာ ရှိပြီး ရှင်းနေသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူးရိုက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပြီး စန်းတုံးအာ ချီးကျူးလိုက်လေသည်။

"ခင်ဗျား နေရာရွေးတဲ့နေရာမှာ တကယ်တော်တာပဲ

စန်းတုံး ရယ်မောလိုက်လေသည်။

"သည်နေရာဟာ တကယ့်ကိုဈေးကြီးတဲ့နေရာဗျ တော်တန်ရုံလူတွေ လာပြီးမစားနိုင်ကြဘူး... ကျုပ်တောင်မှ ငွေးက လမ်းပြခေါ်လာလို့ ရောက်ဖူးတာ..."

ဂူးရို မျက်မှောင်ကုတ်သွားလေသည်။

"သူဌေး ဟုတ်လား..."

"ဟုတ်တယ်... ခပ်ညံ့ညံ့ကြေးစားလူသတ်သမား ယောက်ပေါ့လေ... နဂါးစိမ်းဂိုဏ်းရဲ့လက်အောက်ကို ခိုဝင်ပြ သိုင်းလောကကို ဒုက္ခပေးဖို့ကြိုးစားနေတဲ့ လူတစ်ယောက်ပေ

"ခင်ဗျားက သူ့ကိုသိနေတာကိုး..."

"သူ့ကိုသာမကဘူး... ကျုပ် သိထားတာ အတော် များ ရှိသေးတယ်... ဒါကြောင့် ခင်ဗျားနဲ့မိတ်ဆွေဖွဲ့ဖို့ ကြိုး တာပေါ့... ကျုပ်တို့နှစ်ယောက်သာ လက်တွဲလိုက်မယ်ဆို သိုင်းလောကကြီးကို ကယ်တင်နိုင်မယ်လို့ ကျုပ် ယူဆထား လေ..."

ဂူးရို ပါးစပ်ပိတ်ထားလိုက်လေသည်။

"ခိုင်ဖုံးသိုင်းပြိုင်ပွဲမှာ သိုင်းလောကရဲ့ ထိပ်သီး သမားအချို့ ပျောက်ဆုံးနေတယ်ဆိုတဲ့သတင်းကို ခင်ဗျား ပြ တယ် မဟုတ်လား..."

ဂူးရို ခေါင်းညိတ်လိုက်သည်။



"ဟုတ်ပါတယ်..."

"သိုင်းလောကက လှုပ်ရှားလာအောင် ကျုပ်က ဖန်တီးနေ တာကို ခင်ဗျား ယုံကြည်ခဲ့တယ် မဟုတ်လား..."

ဂူးရိုက ဘာမှမပြောဘဲ နေလိုက်ပြန်သည်။

စန်းတုံး၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ကျုပ်က ခင်ဗျားကို မမြင်ဘူးပေမယ့်... ခင်ဗျားရဲ့ သတင်းကို ကြားပြီး... လေးစားနေခဲ့တာကြာပါပြီ... ဒါကြောင့် ခိုင်ဖုံးမှာတွေ့တော့ မိတ်ဆွေဖွဲ့ဖို့ ကြိုးစားခဲ့တာပါဗျာ... ခင်ဗျား က ကျုပ်အပေါ် သဘောမကျသလိုဖြစ်နေတာနဲ့ ကျုပ်လည်း အရှဲ့ တိုက်ပြီး သိုင်းလောကလှုပ်ရှားလာအောင်... ကျုပ် လုပ်နေတာ လို့ ပြောခဲ့တာပါ..."

ဂူးရိုက အနည်းငယ်စဉ်းစားပြီးမှ ပြောလိုက်သည်။

"ဒါတွေအားလုံး နဂါးစိမ်းဂိုဏ်းရဲ့လက်ချက်လို့ ခင်ဗျား ပြောချင်တာလား..."

"သူတို့ကလွဲပြီး ဘယ်သူရှိဦးမှာလဲ..."

စန်းတုံးသည် အင်္ကျီအိတ်ထဲမှ ဖိတ်စာတစ်စောင်ကို ထုတ်ကာ စားပွဲပေါ်တင်ထားလေသည်။

"သည်ဖိတ်စာကို ဖတ်ကြည့်ပါဦးဗျာ..."

စန်းတုံးက တိုက်တွန်းလိုက်သဖြင့် ဂူးရိုက ယူကြည့် လိုက်၏။

ဖိတ်စာထဲ၌ စန်းတုံးအား နဂါးစိမ်းဂိုဏ်း၏ သစ္စာခံလူ ရန်နှင့် ငြင်းပယ်ပါက ဘေးဆိုးအန္တရာယ်ကျရောက်မည်ဖြစ် ကြောင်း ခြိမ်းခြောက်ရေးသားထားသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝူးရိက ဖိတ်စာကို ဖတ်ပြီးမှ မေးလိုက်သည်။

"ခင်ဗျားက ဘာကြောင့် နဂါးစိမ်းဂိုဏ်းထဲ မဝင်ချင် တာလဲ… သိုင်းလောကကြီး လှပ်ရှားသွားစေချင်တဲ့ ခင်ဗျားရဲ့ ဆ ဆိုရင် နဂါးစိမ်းဂိုဏ်းထဲ ဝင်လိုက်တာ အသင့်လျော်ဆုံးပဲ မဟုတ် လား… "

စန်းတုံးက ရယ်မောလိုက်လေသည်။

"ကျုပ်က အသက်ငယ်ပေမယ့် ကလေးတစ်ယော တော့ မဟုတ်ပါဘူး… လွတ်လွတ်လပ်လပ်နေချင်လို့ သိုင်းလော ထဲကိုတောင် မဝင်ဘဲ ရွက်ပုန်းသီးဘဝနဲ့နေခဲ့တာပါ… သူတစ် ညွှန်ကြားခံဖို့ဆိုတာ အိပ်မက်တောင် မမက်ဖူးပါဘူးဗျာ… "

"ဒါဆို… ခင်ဗျားရဲ့ဆန္ဒတွေ ဘယ်ပြည့်ဝနိုင်ပါတော့ မလဲ… "

ဝူးရိက သွေးတိုးစမ်းလိုက်လေသည်။

စန်းတုံးက ထပ်မံရယ်မောလိုက်သည်။

"ကျုပ်က ခင်ဗျားကို မခံချင်အောင်ပြောခဲ့တာပါလို့ ပြီးပြီပဲ… နဂါးစိမ်းဂိုဏ်းကို ခင်ဗျားနဲ့ကျုပ် လက်တွဲပြီး ဆုံးမလို ရင် သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားမယ်လို့ ကျ မျှော်လင့်ထားတာပါ… "

"နေပါဦး… ခင်ဗျားက ဘာကြောင့်များ ကျုပ်နဲ့သ လောက်တောင် လက်တွဲချင်နေရတာလဲ… "

စန်းတုံးက တည်ကြည်သောမျက်နှာထားဖြင့် ပြောလို လေသည်။

"သိုင်းလောကမှာ ကျုပ်နဲ့အယှဉ်အဆတူတာ ခင်



တစ်ယောက်ပဲရှိလို့ပါ… "

ဝူးရိက သက်ပြင်းချလိုက်မိသည်။

"ကျုပ်လိုပဲ နဂါးစိမ်းဂိုဏ်းချုပ်ကလည်း ယူဆထားပါ တယ်ဗျာ… "

"လက်စသတ်တော့ ခင်ဗျားက ကျုပ်ကို အဖော်ခွယ်လို့ ရတာနဲ့ နဂါးစိမ်းဂိုဏ်းကို ဆွဲထည့်လိုက်တာကိုး… "

"ဟား… ဟား… ဟား… "

စန်းတုံး သဘောကျစွာ ရယ်မောလိုက်လေသည်။

ဝူးရိက တည်ကြည်သောမျက်နှာထားဖြင့် ပြောသည်။

"ကျုပ်က နဂါးစိမ်းဂိုဏ်းနဲ့စာရင်းရှင်းရလိမ့်မယ်… ဒါ ဘာ ကျုပ်မိတ်ဆွေ ကျင်းရှောင်အတွက်ပဲ… "

"ဘာပဲဖြစ်ဖြစ်… နဂါးစိမ်းဂိုဏ်းနဲ့ ရင်ဆိုင်မယ်ဆိုတာကို ျုပ်က ဝမ်းသာအားရ ကြိုဆိုပါတယ်ဗျာ… "

စန်းတုံးက လှိုက်လှဲစွာ ပြောသည်။

ဝူးရိသည် စန်းတုံးအား တစ်ချက်စိုက်ကြည့်ပြီး မေးလိုက် သည်။

"ဒါထက် သူဌေးဆိုတာက… "

"ဪ… သူဌေးလား… "

"ဟုတ်တယ်… "

"သူဟာ… "

စန်းတုံးက သူဌေးဆိုသူအကြောင်းပြောရန် ဟန်ပြင် ဘ်စဉ်မှာပင် ဆိုင်လုလင်များသည် ကဏန်းပေါင်းများ ငါးပေါင်း ချိုများ ယူဆောင်ကာ ရောက်ရှိလာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေထွက်အစားအစာများကား စားရခဲသောဟင်းလျာများဖြစ်ပါတော့သည်။

မွှေးကြိုင်သောရနံ့များက ဝူးရီကိုပင် စိတ်ပြောင်းသွားစေခဲ့သည်။

"ကဲ... စားလိုက်ပါဦးဗျာ... "

"ကျေးဇူးပဲ... "

စန်းတုံးက ညွှန်ပြကျွေးမွေးသည်ကို ဝူးရီက လက်ခံကာစားသောက်လိုက်လေသည်။

ဝူးရီသည် တောင်ပေါ်ဒေသတွင် အနေကြာခဲ့သူဖြစ်၍ ရေထွက်အစားအစာများ စားသောက်လိုက်ရသောအခါ ခံတွင်းတွေ့သွားလေသည်။

စိမ်းလဲ့ကန်သာ စားသောက်ဆိုင်သို့ခေါ်လာခြင်းကြောင့် စန်းတုံးကိုပင် ကျေးဇူးတင်မိလေသည်။

စားသောက်ပြီးစီးသွားတော့မှ...

"ကျုပ်တို့စကားပြန်ဆက်လိုက်ကြရင် ကောင်းမယ်..."

ဟူ၍ ပြောလိုက်ရာ စန်းတုံး ခေါင်းညိတ်လေသည်။

"ခင်ဗျားက သူဌေးအကြောင်း သိချင်တယ်ဆိုရင်..."

ယခု တစ်ကြိမ်လည်း သူက စကားဆုံးအောင်မပြော လိုက်ရချေ။

ပတ်ဝန်းကျင်မှ ဆူဆူညံညံအသံများ ထွက်ပေါ်လာ ရုတ်ရုတ်သဲသဲဖြစ်သွားခြင်းကြောင့်ပင်။

ဝူးရီနှင့် စန်းတုံးတို့ လှမ်းကြည့်လိုက်ကြသောအခါ ... လူလင်အချို့က ရေကန်စပ်သို့ ပြေးဆင်းသွားကြသည်ကို ...



...ခဲ့။

"တစ်ခုခုတော့ ဖြစ်နေပြီ... "

ဝူးရီ လွတ်ခနဲ ရေရွတ်လိုက်သည်။

စန်းတုံး ပြုံးလိုက်သည်။

"ဟုတ်တယ်... ရေကန်ထဲမှာ အလောင်းတစ်လောင်း ...ပေါ်လာလို့ ဖြစ်မယ်... "

"ဟင်... "

ဝူးရီက စန်းတုံးအား မျက်လုံးပြူးကာ ကြည့်လိုက်လေ...သည်။

စန်းတုံးက ဘာမှမဖြစ်သလို ပြောသည်။

"မနက်က သည်နေရာမှာပဲ ကျုပ်နဲ့သူဌေးနဲ့စကားတိုင် ...ပြောခဲ့ကြတယ်... နောက်တော့ သူကရေကန်ထဲမှာ လှေအပျော် ...စီးဖို့ ကျုပ်ကို ဖိတ်ခေါ်လာတယ်... ဘာသဘောနဲ့သည်လို ဖိတ် ...ခေါ်တယ်ဆိုတာ... ကျုပ်သိပေမယ့် ကျုပ်ကိုယ်တိုင်လည်း လှေစီး ...ချင်တာနဲ့ လိုက်သွားခဲ့တယ်... "

ဝူးရီက စန်းတုံးအား စိုက်ကြည့်နေဆဲ...

စန်းတုံးက ဆက်ပြောသည်။

"ရေကန်ထဲရောက်တော့ သူဌေးက ကျုပ်ကိုလုပ်ကြံဖို့ ...ကြိုးစားတယ်... ဒါပေမယ့် သူဟာ ရေအောက်ကိုရောက်သွားခဲ့ ...တယ်... "

"ခင်ဗျားက လက်ဦးသွားတာပေါ့ ဟုတ်လား... "

စန်းတုံး ခေါင်းခါယမ်းလိုက်လေသည်။

"မဟုတ်ဘူး... သူက ကျုပ်ကိုမှ မယှဉ်နိုင်တာ... "

www.burmeseclassic.com

www.burmeseclassic.com



"ဩော်... "

ဝူးရိက စာဒကမတက်ဘဲ နေလိုက်သည်။

စန်းတုံး၏ပညာ ကြောက်မက်ဖွယ်ကောင်းကြောင်း သူ နားလည်ထားသည် မဟုတ်ပါလား။

ကမ်းစပ်သို့ လှမ်းကြည့်လိုက်ရာ ရေဝင်ထားသဖြင့် ဖောင်းကားနေသော အလောင်းတစ်လောင်းကို တွေ့မြင်လိုက်ရ လေသည်။

ရေထဲမျောပါလာသော အလောင်းကို ဆိုင်လုလင်များ က ကယ်လိုက်ကြခြင်း ဖြစ်လေသည်။

"သူက ခင်ဗျားကို လုပ်ကြံဖို့ ကြိုးစားတယ် ဟုတ်လား"

ဝူးရိက မေးလိုက်လေသည်။

စန်းတုံး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်လေ... သူဟာ နဂါးစိမ်းဂိုဏ်းက ငှားရမ်း ထားတဲ့ ကြေးစားလူသတ်သမားတစ်ယောက်ပဲ... အရှေ့ပိုင်းနဂါး သုံးဖော်... ဆံဖြူအဘိုးအိုနဲ့ ခိုင်ဖုံးပြိုင်ပွဲမှာ ဆုရခဲ့တဲ့ လူငယ်သုံး ယောက်ဟာ နဂါးစိမ်းဂိုဏ်းနဲ့ပတ်သက်နေတဲ့လူတွေဆိုရင်ကော ခင်ဗျား ဘာပြောမလဲ... "

ဝူးရိမှာ မယုံနိုင်အောင် ဖြစ်သွားလေသည်။

"ဒါ... ဖြစ်နိုင်ပါ့မလား... "

"ဘာကြောင့်မဖြစ်နိုင်ရမှာလဲ... နဂါးစိမ်းဂိုဏ်းဟာ သိုင်း လောကထဲမှာ ပျံ့နှံ့စိမ့်ဝင်နေပြီ... သည်နေရာမှာတောင် နဂါးစိမ်း ဂိုဏ်းသားတွေ မရှိဘူးလို့ မပြောနိုင်ဘူး... ဆိုင်ရှင် ဒါမှမဟုတ် ဆိုင်လုလင်တစ်ယောက်ယောက်တောင်မှ နဂါးစိမ်းဂိုဏ်းသားဖြစ် နေနိုင်တာပဲ... "



ထိုစဉ် ဆိုင်လုလင်တစ်ယောက်သည် အရက်အိုးတစ်အိုး ကို ပိုက်ကာ လှမ်းလာနေသည်ကို တွေ့ရ၏။

ဆိုင်လုလင်ယူလာသော အရက်မှာ ရေမှော်ဖြင့်ချက် သော အရက်ဖြစ်လေသည်။

"ဆေးဘက်ဝင်တဲ့ ရေမှော်အရက်ရပါပြီ ခင်ဗျာ... "

ဆိုင်လုလင်က အရက်အိုးကို စားပွဲပေါ်သို့ချလိုက်လေ သည်။

စန်းတုံးက ရယ်မောလိုက်သည်။

"တကယ့်ကို ရှားပါးတဲ့အရက်ပဲ... ငါတို့က မမှာဘဲ မင်း က အလိုက်တသိ ယူလာပေးလို့ မင်းကိုဂုဏ်ပြုတဲ့အနေနဲ့ အရက် တစ်ခွက်တိုက်ပါ့မယ်... "

ပြောပြောဆိုဆို အရက်တစ်ခွက် ငှဲ့လိုက်လေသည်။

ဆိုင်လုလင် မျက်စိမျက်နှာ ပျက်သွား၏။

"ကျွန်..., ကျွန်တော် မသောက်ပါရစေနဲ့ဗျာ... "

"အို... ကျုပ်က ဂုဏ်ပြုတာ မသောက်လို့ ဘယ်ဖြစ်မလဲ"

"ကျွန်တော် မသောက်ပါရစေနဲ့ဗျာ... "

ဆိုင်လုလင်သည် ချက်ချင်းပင် ထွက်ပြေးရန် ဟန်ပြင် လိုက်လေသည်။

"နေဦး... "

စန်းတုံးက ဆိုင်လုလင်၏လက်ကို ဖမ်းဆွဲထားလိုက်၏။

ဆိုင်လုလင်သည် ထွက်သွား၍မရတော့သည်နှင့် ဖွက် ထားသော ဓားမြှောင်တစ်လက်ကို ဆွဲထုတ်ကာ စန်းတုံး၏ ရင်ဝ

www.burmeseclassic.com

www.burmeseclassic.com



ကို ထိုးစိုက်ချလိုက်၏။

စန်းတုံးကလည်း ကျားသစ်တစ်ကောင်ထက်ပင် လျှင်မြန်သွက်လက်လှသေး၏။

စားပွဲပေါ်မှ ငှဲ့ထားသော အရက်ခွက်ကိုယူကာ ဆိုင်လုလင်အား ပက်လိုက်လေသည်။

အရက်များသည် ဆိုင်လုလင်၏တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားလေသည်။

အရက်စိုရွှဲသွားသည်နှင့် ငရဲမီးနှင့်အပက်ခံလိုက်ရသည့်အလား ဆိုင်လုလင်၏အဝတ်အစားများ၌ အခိုးအငွေ့များ ထွက်လာလေသည်။

ဆိုင်လုလင်၏မျက်နှာနှင့်လက်များ၌ အရေပြားများ နီရဲဖောင်းပွလာလေသည်။

"အား... "

ဆိုင်လုလင်သည် ငယ်သံပါအောင် အော်ဟစ်လိုက်ပြီး ဒရောသောပါး ထွက်ပြေးသွားပြီး ရေထဲခုန်ချလိုက်၏။

"ဝုန်း... "

ဆိုင်လုလင် ရေကန်ထဲရောက်သွားကာ စုန်းစုန်းနစ်မြုပ်သွားပြီး ပြန်ပေါ်မလာတော့ချေ။

ဂူးရို သက်ပြင်းချလိုက်၏။

"သူကကော နဂါးစိမ်းဂိုဏ်းကပဲလား... "

"အရက်ထဲမှာ အဆိပ်ခတ်ပြီး ကျုပ်တို့ကို လုပ်ကြံဖို့ကြိုးစားတဲ့လူတစ်ယောက်ဟာ မိတ်ဆွေဖြစ်နိုင်ပါ့မလား... "

စန်းတုံးက ပြောရင်း ထိုင်ရာမှထလိုက်၏။



ဂူးရိုလည်း ထလိုက်သည်။

ထိုနေရာ၌ ဆက်မနေသင့်တော့ကြောင်း နှစ်ယောက်စလုံး နားလည်ထားကြပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



တော့လို့ပါ... ”

“နေပါဦး... ခင်ဗျားရဲ့မိတ်ဆွေ အသတ်ခံခဲ့ရတာကြောင့် နဂါးစိမ်းဂိုဏ်းကို ရင်ဆိုင်မယ်လို့... ခင်ဗျား ဆုံးဖြတ်ထားတယ် ဆို... ”

“နဂါးစိမ်းဂိုဏ်းက အမိန့်ပေးလိုက်တာမှန်ပေမယ့်... တကယ်တမ်း ကျုပ်မိတ်ဆွေကို သတ်ပစ်လိုက်တာ ဆိစိမ်ထီးပါ... သူနဲ့သူ့လူတွေကို ကျုပ်က ဆုံးမပြီးပါပြီ... ဒါကြောင့် ကျုပ်သူငယ်ချင်း ကျင်းရှောင်ရဲ့ကိစ္စဟာ ပြီးပြတ်သွားပါပြီဗျာ... ”

စန်းတုံးက မကျေမနပ်ဖြစ်သွားသည်။

“ဒါဖြင့်... ခင်ဗျား တောင်ပေါ်ဒေသကို ပြန်တော့မှာပေါ့”

“ဟုတ်တယ်... ”

“ခင်ဗျား... ”

ဝူးရီအား စိုက်ကြည့်လိုက်သော စန်းတုံး၏မျက်လုံးများတွင် ထူးခြားသော အရိပ်အရောင်များ ဖြစ်ပေါ်နေပေတော့သည်။

“နှုတ်ဆက်ခဲ့ပါတယ်ဗျာ... ကျုပ် သွားတော့မယ်... ”

ဝူးရီသည် စန်းတုံးအား နှုတ်ဆက်ကာ ထွက်သွားလေသည်။

စန်းတုံးက ဟန့်တားရန် ကြိုးစားလိုက်ပြီးမှ ဘာမှမပြောတော့ဘဲ ငူငူကြီးရပ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

# လမ်းခွဲ

စိမ်းလဲ့ကန်သာသည် အဝေး၌ကျန်ရစ်ခဲ့ပြီဖြစ်လေသည်။

ဝူးရီနှင့် စန်းတုံးတို့သည် စကားမပြောဘဲ တိတ်ဆိတ်စွာဖြင့် လျှောက်လာခဲ့ကြရာ လမ်းဆုံလမ်းခွတစ်ခုသို့ ရောက်လာကြလေသည်။

ဝူးရီကော စန်းတုံးပါ ခြေလှမ်းရပ်လိုက်ကြ၏။

“နဂါးစိမ်းဂိုဏ်းဟာ သိုင်းလောကကို ဒုက္ခပေးတော့မယ်ဆိုတာ ခင်ဗျား လက်တွေ့သိရပြီပဲ... ကျုပ်တို့နှစ်ယောက် လက်တွဲဆောင်ရွက်လို့ရပြီ ထင်တယ်... ”

စန်းတုံးက ပြောလာလေသည်။

ဝူးရီ ခေါင်းခါယမ်းလိုက်၏။

“မဖြစ်သေးပါဘူးဗျာ... ”

“ဟင်... ဘာဖြစ်လို့လဲ... ”

ဝူးရီက ငြင်းလိုက်သဖြင့် စန်းတုံး အံ့သြသွားလေသည်။

ဝူးရီက တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်၏။

“ကျုပ်က နဂါးစိမ်းဂိုဏ်းကို ရင်ဆိုင်စရာအကြောင်း မရှိ

www.burmeseclassic.com

www.burmeseclassic.com

## သတင်းဆိုး

တောလမ်းမှဖြတ်သန်းလာပြီးနောက် နေ့မွန်းတည့်အ
တွင် ဂူးရိသည် စည်ကားသောလမ်းဆုံလမ်းခွတစ်ခုသို့ ရောက်
လာလေသည်။

ထိုလမ်းဆုံတွင် ခရီးသွားများ ခရီးတစ်ထောက်နားနေ
ရှိကြပြီး ဖွင့်လှစ်ရောင်းချနေသော စားသောက်ဆိုင်များတွင် အ
ယူစားသောက်လေ့ရှိကြသည်။

ဂူးရိသည် ဝင်ထွက်သွားလာနေကြသူများဖြင့် စည်က
နေသော လမ်းဆုံလမ်းခွဆီသို့ တစ်ချက်လှမ်းကြည့်ပြီး ရှေ့
ဆက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုအချိန်မှာပင်...

ထူးခြားမှုတစ်ခု ဖြစ်ပေါ်လာသည်ကို တွေ့လိုက်ရ
သည်။

"ကယ်တော်မူကြပါရှင်... "

မိန်းကလေးတစ်ယောက်သည် အော်ဟစ်အကူအ
တောင်းရင်း ဒရောသောပါး ပြေးလာလေသည်။



မိန်းကလေး၏နောက်က လူသန်ကြီးသုံးယောက် ပြေး
လိုက်လာကြသည်ကို တွေ့ရ၏။

ဂူးရိက ထိုမြင်ကွင်းကိုတစ်ချက်ကြည့်ပြီး ရှေ့ဆက်လှမ်း
သွားရန် ဟန်ပြင်လိုက်လေသည်။

"ရပ်လိုက်... "

ကျယ်လောင်သော ဟန့်တားသံထွက်ပေါ်လာလေသည်။

လူတစ်ယောက်သည် မိန်းကလေး၏ရှေ့၌ အကာ
အကွယ်ပြုပြီး လူသန်ကြီးသုံးယောက်အား ရင်ဆိုင်လိုက်သည်။

"ညီမ... ဘာမှမစိုးရိမ်ပါနဲ့... ဟေ့လူတွေ... ခင်ဗျားတို့
ဘာကြောင့် မတရားလုပ်ချင်ရတာလဲ... "

မိန်းကလေးသည် အကူအညီပေးမည့်သူကို တွေ့လိုက်
ရသဖြင့် ဝမ်းသာအားရဖြစ်သွားလေသည်။

"ကယ်ပါဦး အစ်ကိုကြီးရယ်... ကျွန်မကို လိုက်ပြီးနှောင့်
ယှက်နေကြတယ်... "

လူသန်ကြီးသုံးယောက်သည် ဝင်ရောက်ကူညီမည့်သူကို
တွေ့လိုက်ရသဖြင့် မကျေမနပ်ဖြစ်သွားကြ၏။

"ဟေ့ကောင်... မင်းနဲ့ဘာဆိုင်လို့လဲ... နောက်ဆုတ်
လိုက်စမ်း... "

"သေချင်လို့လား... ထွက်သွားစမ်း... "

ခက်ထန်ကြမ်းတမ်းသူများပီပီ ကြားဝင်သူအား အော်
ဟောက်ရင်း တိုက်ခိုက်လိုက်ကြလေသည်။

မိန်းကလေးအား ကူညီမည့်သူမှာ သာမန်ခရီးသွားတစ်
ယောက်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမြင်မတော်သဖြင့် ဝင်ရောက်တားမြစ်လိုက်ခြင်း ဖြစ်သော်လည်း လူသန်ကြီးသုံးယောက်က တိုက်ခိုက်လိုက်သောအခါ ခုခံနိုင်စွမ်းမရှိဘဲ ဖြစ်သွားလေတော့သည်။

"ဝုန်း... "

"အမယ်လေးဗျ... "

ထိုလူမှာ မြေပေါ်သို့ လဲကျသွားပြီး ဆန့်ဆန့်ကြီး သတိလစ်သွားလေတော့သည်။

"လူစွမ်းကောင်းလုပ်ချင်တဲ့ကောင်... ခုတော့ ဘာတတ်နိုင်သေးလဲ... "

"ဟား... ဟား... ဟား... "

လူသန်ကြီးသုံးယောက် ဟားတိုက်ရယ်မောလိုက်ကြလေသည်။

ပြီးနောက်...

"ချေးမလေး... နင်ကော ဘယ်ပြေးမလဲ... "

"အမယ်လေး... "

မိန်းကလေးသည် ကြောက်လန့်တကြား အော်ဟစ်ကာ ထွက်သွားရန် ဟန်ပြင်နေသည့် ဂူးရီထံသို့ ပြေးလာလေတော့သည်။

"အစ်ကို... ကျွန်မကို ကယ်ပါဦး... "

မိန်းကလေးသည် အနီးသို့ရောက်ရှိလာပြီး ဂူးရီ၏လက်မောင်းကို ဆုပ်ကိုင်လှုပ်ယမ်းကာ အားကိုးတကြီး အကူအညီတောင်းလေသည်။

"တောက်... ဝင်ရှုပ်ပြန်ပြီလား... "



"သေချင်ပြီထင်တယ်... "

လူသန်ကြီးသုံးယောက်က အနီးသို့ရောက်လာပြီး ဂူးရီအား အော်ငေါက်လိုက်သည်။

ဂူးရီ အခက်ကြုံသွားသည်။

ကြမ်းတမ်းသော လူသန်ကြီးသုံးယောက်သည် မိန်းကလေးအား ဒုက္ခပေးကြတော့မည်ဖြစ်၍ လျစ်လျူရှုထား၍ မဖြစ်ဟု သဘောပေါက်မိသည်။

ထို့ကြောင့် လူသန်ကြီးသုံးယောက်နှင့် ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေသည်။

"မိတ်ဆွေတို့ အနှောင့်အယှက်မပေးကြပါနဲ့ဗျာ... "

လူသန်ကြီးသုံးယောက်က ဘာမျှမပြောကြချေ။

ပထမတစ်ယောက်အား ဆုံးမလိုက်ကြသကဲ့သို့ ဂူးရီကိုလည်း တိုက်ခိုက်ပစ်လိုက်ကြလေသည်။

"ဝုန်း... "

"အား... "

"အမယ်လေး... "

တိုက်ပွဲလျှပ်တစ်ပြက် ဖြစ်သွားလေသည်။

လူသန်ကြီးသုံးယောက်သည် ဂူးရီအား တိုက်ခိုက်လိုက်ကြသော်လည်း ဂူးရီက သူတို့ထက် လျင်မြန်စွာ တုံ့ပြန်လိုက်သောအခါ အဝေးသို့လွင့်စဉ်သွားကြလေတော့သည်။

မိန်းကလေး ဝမ်းသာအားရဖြစ်သွားသည်။

"ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်... "

ဂူးရီ၏လက်မောင်းကို ဆုပ်ကိုင်လှုပ်ယမ်းကာ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



ဝူးရီက မိန်းကလေးအား အကဲခတ်လိုက်သည်။

ထိုမိန်းကလေး၏ ရုပ်သွင်မှာ သာမန်ရွက်ကြမ်းရည်ကျို မျှသာ ရှိလေသည်။

ခန္ဓာကိုယ်ကျစ်လစ်သန်မာပြီး ကျန်းမာသန်စွမ်းသူဖြစ် ကြောင်း ပေါ်လွင်နေ၏။

မိန်းကလေးမှာ ကြောက်ရွံ့နေသည့်တိုင် အပြစ်ကင်းစင် သူကလေး ဖြစ်ကြောင်း ပေါ်လွင်နေပေသည်။

သို့သော်...

မျက်လုံးချင်းဆုံမိသည့် တဒင်္ဂအချိန်လေးတွင် ဝူးရီ၏ ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ခံစားလိုက်ရလေသည်။

ထို့မျှမကသေး...

မိန်းကလေး၏လက်ချောင်းကလေးများ သွယ်သွယ်လျ လျရှိပြီး လက်သည်းရှည်များ ထားသည်ကိုတွေ့ရ၏။

မိန်းကလေး၏လက်သည်းများသည်...

ဝူးရီ၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

ဝူးရီ၏လက်မောင်းအား ဆုပ်ကိုင်ထားသော မိန်းကလေး ၏ လက်ချောင်းကလေးများမှ လက်သည်းများသည် အကျိတ်တို့ ထိုးဖောက်လာသည်။

ထိုလက်သည်းများကား ဆေးမဆိုးဘဲ မည်းနက်နေ လေသည်။

"သွားစမ်း... "

ဝူးရီသည် လက်ကိုဖြုတ်ခနဲ ရုန်းကာ မိန်းကလေးအား ဆောင့်တွန်းလိုက်လေသည်။



"ဝုန်း... "

မိန်းကလေးမှာ နောက်ဘက်သို့ လွင့်စဉ်သွားတော့၏။

သူမသည် နှုတ်ခမ်းထောင့်မှ စီးကျလာသော သွေးများ ကို သုတ်လိုက်သည်။

"သေပေတော့... "

အံတင်းတင်းကြိတ်ရင်း ဝူးရီ ထံသို့ပြေးဝင်တိုက်ခိုက် လိုက်၏။

ဝူးရီက ရှောင်တိမ်းခြင်းမပြုဘဲ လက်ဝါးတစ်ဖက်ဆန့် ထုတ်ကာ ရိုက်ချပစ်လိုက်လေသည်။

"ဝုန်း... "

မိန်းကလေးမှာ လွင့်စဉ်သွားပြန်တော့သည်။

ဝူးရီက မိန်းကလေးထံသို့ လှမ်းသွားသည်။

မိန်းကလေး လူးလိမ့်ထလာသည်။

"ရှင်... ရှင်... "

သူမသည် ဝူးရီက ယခုကဲ့သို့တိုက်ခိုက်နိုင်မည်ဟု မယုံ နိုင်အောင် ဖြစ်နေ၏။

ဝူးရီက ခပ်ထန်ထန်မေးလိုက်၏။

"မင်း ဘယ်သူလဲ... ဘာကြောင့် ကျုပ်ကို လုပ်ကြံချင်ရ တာလဲ... "

မိန်းကလေးက အံကြိတ်လိုက်သည်။

"ရှင် သည်ကနေ့ သေရမှာပဲ... "

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဓားမြှောင်နှစ်လက်ထုတ်ယူကာ ပြေး
တိုက်ခိုက်လာသည်။

မည်သို့ပင် ကြိုးစားတိုက်ခိုက်သော်လည်း ပူးရီ၏အဝ
ကိုပင် ထိအောင်တိုက်ခိုက်နိုင်ခြင်း မရှိချေ။

ပူးရီက အသာအယာ ရှောင်တိမ်းပြီး မိန်းကလေး
လက်ကို ဖျတ်ခနဲဆွဲကာ ဖမ်းချုပ်လိုက်၏။

"အား... "

မိန်းကလေးမှာ လက်နှစ်ဖက်စလုံး နာကျင်သွား
ကြောင့် လက်ထဲမှဓားမြှောင်နှစ်ချောင်းကို လွှတ်ချလိုက်ရလေ
သည်။

ပူးရီက မိန်းကလေးအား ချုပ်ကိုင်ရင်း မေးလိုက်

"ပြောစမ်း... ကျုပ်ကို ဘာကြောင့် လုပ်ကြံချင်ရတာ

မိန်းကလေးက အဖြေမပေးဘဲ ရုန်းကန်နေ၏။

ထိုစဉ်...

"သူ့ကို ခိုင်းတဲ့လူရှိလို့ပေါ့... "

စကားသံတစ်သံ ထွက်ပေါ်လာသည်ကိုကြားလိုက်ရ

ပူးရီ ကြည့်လိုက်သောအခါ အဘိုးအိုတစ်ယောက်ရော
ရှိလာသည်ကို တွေ့လိုက်ရသည်။

ထိုအဘိုးအိုမှာ မီးခိုးရောင်အဝတ်အစားများ ဝတ်
ထားကာ လျှို့ဝှက်သည့် အမူအရာများ ရှိလေသည်။

ပူးရီ မျက်မှောင်ကြုတ်သွား၏။

"သူ့ကို ဘယ်သူကခိုင်းတာလဲ... "

အဘိုးအိုက ပြုံးလိုက်သည်။



"နဂါးစိမ်းဂိုဏ်းကလွဲပြီး ဘယ်သူရှိဦးမှာလဲ... "

"နဂါးစိမ်းဂိုဏ်း... နေပါဦး... ကျုပ်ကို နဂါးစိမ်းဂိုဏ်းက
ကြောင့်များ သည်လောက်တောင် အငြိုးတကြီးဖြစ်နေရတာ
... "

"မင်းဟာ နဂါးစိမ်းဂိုဏ်းထဲ ဝင်မယ့်လူမဟုတ်လို့ပေါ့... "

ပူးရီ တွေဝေသွားလေသည်။

အဘိုးအိုက ဆက်ပြောသည်။

"နဂါးစိမ်းဂိုဏ်းဟာ သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုး
ိုးစားနေတယ်... အရည်အချင်းရှိတဲ့ လူတွေကို စည်းရုံးသိမ်း
င်းနေတယ်... သူတို့ရဲ့သြဇာကို မခံယူဘူးဆိုရင် သုတ်သင်ရှင်း
ပစ်လေ့ရှိတယ်လေ... မင်းဟာ နဂါးစိမ်းဂိုဏ်းရဲ့ သြဇာကို
မယ့်လူမဟုတ်တဲ့အတွက် မင်းကို စည်းရုံးမနေတော့ဘဲ...
်သင်ပစ်ဖို့ ကြိုးစားတာပေါ့... "

ပူးရီ ပခုံးတွန့်လိုက်သည်။

"ကျုပ်ဟာ သိုင်းလောကထဲမှာ ကျင်လည်ကျက်စားဖို့
်တုန်းကမှ စိတ်မကူးခဲ့ဘူး... နဂါးစိမ်းဂိုဏ်းအတွက် အနှောင့်
ှက်ဖြစ်မယ့်လူတစ်ယောက် မဟုတ်ဘူးဆိုတာကို နားလည်
သင့်တာပေါ့... "

"နဂါးစိမ်းဂိုဏ်းက နားမလည်ဘဲ မနေပါဘူး... ဒါပေ
ရှက်ပုန်းသီးတွေထဲမှာ မင်းနဲ့စန်းတုံးတို့ဟာ ဂရုစိုက်ရမယ့်
တွေဖြစ်နေလို့ ကြိုတင်ရှင်းလင်းထားတဲ့ သဘောပါပဲ... "

"စန်းတုံးကိုလည်း ရှင်းပစ်မှာပဲ ဟုတ်လား... "

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ခုတလောဆိုရင် စန်းတုံး သေသွား လောက်ရောပေါ့..."

"ဗျာ..."

ဝူးရီ လှုပ်လှုပ်ရှားရှားဖြစ်သွားလေတော့သည်။

သူ့အား လုပ်ကြံရန် ကြိုးစားသကဲ့သို့ စန်းတုံးကိုလည်း သုတ်သင်ဖို့ ကြိုးစားလိမ့်မည် ဖြစ်၏။

သူက ယခုအချိန်အထိ အသက်ရှင်နေသေးသော်လည်း စန်းတုံးကား မည်သို့ရှိမည် မသိနိုင်ပါ။

ဝူးရီ ပင့်သက်ရှိုက်လိုက်သည်။

"သူ့ကို လွယ်လွယ်နဲ့တော့ ရှင်းပစ်လို့ရမှာ မဟုတ်ပါဘူး လေ..."

အဘိုးအိုက ဝူးရီအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့် လိုက်သည်။

"မင်းလည်း မကြာတော့ပါဘူး..."

ဝူးရီက အဘိုးအိုအား အကဲခတ်လိုက်သည်။

"ခင်ဗျားကကော နဂါးစိမ်းဂိုဏ်းက လူတစ်ယောက်ပဲ မဟုတ်လား..."

အဘိုးအို ပြုံးလိုက်၏။

"ဘယ်သူမဆို နဂါးစိမ်းဂိုဏ်းကလူ ဖြစ်နိုင်တာပဲ..."

ဝူးရီသည် အဘိုးအိုအား ထပ်မံအကဲခတ်ကြည့်လိုက် သည်။

သေသေချာချာကြည့်မှ အဘိုးအို၏လျှို့ဝှက်သော ထူး



ခြားမှုတစ်ရပ်ကို သတိပြုမိလိုက်သည်။

အဘိုးအိုသည် မလှုပ်မယှက်ရပ်နေသည့်တိုင် သူ၏ အသွင်မှာ လေထဲသို့ ပျံတက်သွားတော့မည့်အသွင်မျိုး ရှိနေသည်။

လူကို အဓိကမထားဘဲ သိုင်းပညာကိုသာ အဓိကထား လေ့ရှိသောကြောင့် အဘိုးအို၏လျှို့ဝှက်သော ထူးခြားဟန်ကို သတိပြုမိလိုက်ခြင်း ဖြစ်ပါတော့သည်။

"ခင်ဗျားဟာ ကိုယ်ဖော့ပညာမှာ ပြိုင်ဘက်ကင်းတယ်ဆို တဲ့ ကြယ်တံခွန်ပဲ ဖြစ်ရမယ်..."

ဝူးရီ လှတ်ခနဲ ပြောလိုက်မိလေသည်။

အဘိုးအို မဲ့ပြုံးပြုံးလိုက်သည်။

"မင်းဟာ ရွက်ပုန်းသီးတစ်ယောက်ဖြစ်တယ်ဆိုတာ တောင်မှ ကျုပ်ကို တစ်ချိန်တစ်ခါမတွေ့ဘူးဘဲနဲ့ ဘယ်သူဘယ်ဝါ ဆိုတာ တပ်အပ်ပြောနိုင်တာ ချီးကျူးစရာပဲ..."

ဝူးရီ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားကသာ ကျွန်တော့်ကို မမြင်ဘူးပေမယ့်... ကျွန် တော်ကတော့ ခင်ဗျားကို မြင်ဖူးပါတယ်... နိုင်ငံ့သိုင်းပြိုင်ပွဲမှာ ပေါ့..."

"သြော်..."

အဘိုးအို (ဝါ) ကြယ်တံခွန်က ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"လက်စသတ်တော့ မင်းဟာ နိုင်ငံ့သိုင်းပြိုင်ပွဲကို ရောက် ခဲ့သေးတာကိုး..."

ဝူးရီ သက်ပြင်းချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာ နဂါးစိမ်းဂိုဏ်းသားတစ်ယောက် ဖြစ်နေမယ်လို့ ဘယ်သူကမှ ထင်မှတ်ကြမှာ မဟုတ်ဘူး... "

"လောကပေါ်မှာ မထင်မှတ်တဲ့ကိစ္စတွေ ဖြစ်တတ်တာ သဘာဝပါပဲကွာ... "

ဝူးရိသည် ကြွယ်တံခွန်နှင့် မျက်နှာချင်းဆိုင်လိုက်၏။

"ခင်ဗျား ကျွန်တော့်ဆီကို လာတာ... ဘယ်လိုသဘောလဲပြောပါ... "

"ခုထိတောင် မင်း သဘောမပေါက်သေးဘူးလား... "

"ဩော်... "

ဝူးရိ ပြုံးလိုက်သည်။

"ကိုယ်ဖော့ပညာမှာ လျှို့ဝှက်ချက်တွေ အများကြီး ရှိပါတယ်...ကျွန်တော်ကတော့ မိမိရဲ့ခန္ဓာကိုယ်ကို စိတ်ထဲရှိတဲ့အတိုင်း အသုံးချနိုင်ရင် ကိုယ်ဖော့ပညာကော တခြားပညာတွေပါ ဘာမှ မထူးခြားဘဲ... ရုပ်နဲ့နာမ်တွဲပြီး သိုင်းပညာနဲ့တသားတည်းကျအောင် ကြိုးစားနိုင်ဖို့ ပဓာနပဲလို့ ယူဆပါတယ်... "

စကားဆုံးသည်နှင့် ခန္ဓာကိုယ်တစ်ချက်လှုပ်ရှားလိုက်၏။

"ဟူး... "

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာကာ ဝူးရိမှာ ဝါးတစ်ရိုက်အကွာသို့ ရောက်ရှိသွားတော့သည်။

သူ၏ ကိုယ်ဖော့ပညာကို မြင်လျှင် ကြွယ်တံခွန် မကျေမနပ်ဖြစ်သွားလေတော့သည်။



"မင်း ဘယ်လောက်အထိပြေးနိုင်မလဲ... "

အော်ငေါက်ကာ တဟုန်ထိုး ပြေးလိုက်သွားတော့သည်။

❀ ❀ ❀

"ဟွူး... ဟူး... "

အဝတ်အစား လေတိုးသံများ ထွက်ပေါ်နေသည်။

ဝူးရိနှင့် ကြွယ်တံခွန်တို့သည် ကိုယ်ဖော့ပညာအသုံးပြု ...ရှေ့ဆင့်နောက်ဆင့် ပြေးလွှားသွားကြလေသည်။

သစ်ပင်ချုံနွယ်များသည် အနောက်ဘက်၌ တရိပ်ရိပ်ဖြင့် ...ရစ်ခဲ့လေသည်။

တောတောင်လျှိုမြောင်များလည်း အဝေး၌ကျန်ရစ်ခဲ့၏။

ဝူးရိနှင့် ကြွယ်တံခွန်တို့သည် ကိုယ်ဖော့ပညာယှဉ်ပြိုင် ...အနေအထားရှိနေပေတော့သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

အလင်းရောင်ပျောက်ကွယ်ကာ အမှောင်ရိပ်များ ဖုံး...လာသည်။

ကောင်းကင်ပေါ်၌ လဝန်းထွက်ပေါ်လာသောအခါ ...မြသော လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ...လာသည်။

ဝူးရိနှင့် ကြွယ်တံခွန်တို့ကား မရပ်မနားပြေးလွှားနေကြ

ပြေးသူက ပြေး... လိုက်သူကလိုက်ဖြင့် တစ်ညသော ...မှာ တဖြည်းဖြည်းကုန်ဆုံးသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အောက်... အီး... အီး... အွတ်..."

ကြက်တွန်သံများ ဟိုမှသည်မှ ထွက်ပေါ်လာလေသည်။

အရှေ့ဘက်တွင် အရုဏ်ဦး၏ရောင်နီများ ထွက်ပေါ်လာ၏။

တစ်နေ့တာအချိန် အစပျိုးလာပြီဖြစ်သည်။

ဝူးရီနှင့် ကြယ်တံခွန်တို့သည် ပြေးသူက ပြေး လိုက်သူကလိုက်နေကြဆဲ... နေဝန်းနီမှာ ကောင်းကင်ပေါ်သို့ တစ်စထက်တစ်စ မြင့်တက်လာသည်။

အလင်းရောင်အားကောင်းလာကာ ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်လာသည်။

ကြယ်တံခွန်က တောင်ကုန်းလေးတစ်ခုကိုကျော်ပတ်ပြီးသောအခါ ဝူးရီအား မတွေ့ရတော့ခြင်းကြောင့် ခြေလှမ်းတုံ့ခနဲရပ်သွားလေသည်။

မျက်လုံးပြူးကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

ဝူးရီ၏အရိပ်အယောင်ကိုပင် မတွေ့ရတော့ချေ။

သိုင်းလောက၌ ကိုယ်ဖော့ပညာအရာတွင် ပြိုင်ဘက်ကင်းသည်ဟု ကျော်ကြားခဲ့သည်မှာ နှစ်ပေါင်းများစွာကြာပြီဖြစ်သော်လည်း ယခု ဝူးရီနှင့်တွေ့လိုက်ရသောအခါ ဝူးရီကိုပင် မီအောင်မလိုက်နိုင်သဖြင့် ခံပြင်းဒေါသထွက်သွားလေတော့သည်။

"တောက်..."

တောက်ခေါက်ကာ မြေပေါ်ခြေဆောင့်လိုက်သည်။

ထိုစဉ်...



"ခင်ဗျား ဘာကြောင့် သည်လောက်တောင် ဒေါသကြီးနေရတာလဲ..."

စကားသံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်..."

ကြယ်တံခွန် အံ့သြသွားပြီး လှည့်ကြည့်လိုက်၏။

ထိုအခါ...

မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်အောက်၌ သက်သောင့်သက်သာ ရပ်နေသော ဝူးရီကို တွေ့လိုက်ရလေသည်။

"မင်း... မင်း..."

ဝူးရီက ရယ်မောလိုက်သည်။

"ကျွန်တော့်ကို လိုက်ရှာနေတာလားဗျာ..."

"မင်း... မင်း..."

"ခင်ဗျားရဲ့ ကိုယ်ဖော့ပညာအပေါ် ခင်ဗျား ကျေနပ်နေမယ်ဆိုရင်... ခင်ဗျားအတွက်ကော သိုင်းလောကအတွက်ပါ ရင်လေးစရာကောင်းတယ်ဆိုတာ ခင်ဗျား နားလည်သင့်ပါတယ်ဗျာ"

ကြယ်တံခွန် မျက်နှာပျက်သွားလေသည်။

"စကားကြီးစကားကျယ်ပြောမနေနဲ့... သေဖို့သာ ပြင်ထား..."

အော်ငေါက်ရင်း ဝူးရီထံသို့ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

"ဟူး..."

ကြယ်တံခွန်၏တိုက်ခိုက်မှုမှာ ပေါ့ပါးလျင်မြန်လှသကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ဖြစ်နိုင်လောက်အောင် ပြင်းထန်နေပါသည်။

လက်ဝါးရိုက်ချက်ထိမှန်သွားပါက ဝူးရီ ချက်ချင်းလဲကျသေဆုံးသွားရမည် ဖြစ်သည်။

ဝူးရီ သက်ပြင်းချလိုက်၏။

"ကျုပ်က ခင်ဗျားကို လေးစားပါတယ်... ဒါပေမယ့်ကျုပ်ရဲ့အကျိုးစကိုတောင်ထိအောင် တိုက်ခိုက်နိုင်မယ် မထင်ဘူး"

သူ၏ခန္ဓာကိုယ် တစ်ချက်လှုပ်ရှားလိုက်ရာ ကြယ်တံခွန်၏တိုက်ကွက်ကို ရှောင်တိမ်းပြီးသား ဖြစ်သွားလေသည်။

"တောက်... "

ကြယ်တံခွန် ဒေါသထွက်ကာ ခြေလက်များအသုံးပြုပြီးပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ပြန်သည်။

လေတိုးသံများ လက်ဝါးရိပ်များသည် ဝူးရီ၏တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွား၏။

ဝူးရီက အသာအယာပင် ရှောင်တိမ်းလိုက်၏။

ကြယ်တံခွန်သည် သိုင်းကွက် ဆယ့်လေးငါးကွက်ခန့်ဆက်တိုက် တိုက်ခိုက်လိုက်ပြီးနောက် ရပ်တန့်ကာ နောက်ဆုတ်လိုက်လေသည်။

ဝူးရီ သက်ပြင်းချလိုက်သည်။

"ခင်ဗျားဟာ ကိုယ်ဖော့ပညာတိုးတက်ဖို့အတွက် ဦးစားပေးပြီး ကြိုးစားသင့်တယ်... သိုင်းလောကအတွက် ဦးဆောင်လမ်းပြလုပ်ပေးသင့်တယ်... နဂါးစိမ်းဂိုဏ်းနဲ့ သွားပေါင်းလိုက်တာခင်ဗျားအမှားပဲ... "

ကြယ်တံခွန် ခေါင်းခါယမ်းလိုက်လေသည်။



"ကျုပ် ဘယ်တော့မှမမှားဘူး... သိုင်းလောကမှာ မင်းလိုလူစားမျိုး နှစ်ယောက်မရှိနိုင်ဘူး... မင်းလည်း သက်ဆိုးရှည်မှာ မဟုတ်ဘူး... "

ဝူးရီ ပြုံးလိုက်သည်။

"ခင်ဗျား မှားနေပြီ... မင်းသားလေးစန်းတုံး ရှိနေပါသေးတယ်ဗျာ... "

"ဟား... ဟား... ဟား... "

ကြယ်တံခွန်က လှောင်ပြောင်ရယ်မောလိုက်၏။

"မင်းက သူ့ကိုအထင်ကြီးနေတာကိုး... ခုချိန်လောက်ဆိုရင် သူဟာ စကားမပြောနိုင်တဲ့လူတစ်ယောက် ဖြစ်နေလောက်ပြီ... "

"သူသေသွားပြီလို့ ခင်ဗျား ဆိုလိုတာလား... "

"ဟုတ်တယ်... နဂါးစိမ်းဂိုဏ်းက သေမိန့်ပေးထားပြီးရင်ဘယ်သူမှကြာကြာအသက်မရှင်နိုင်ဘူး... "

"ခင်ဗျား သေချာရဲ့လား... "

"သိပ်သေချာတာပေါ့... "

"ကောင်းပြီ... "

ဝူးရီသည် ရှေ့သို့လျှပ်တစ်ပြက်တိုးကာ ကြယ်တံခွန်အားတိုက်ခိုက်လိုက်လေသည်။

ကြယ်တံခွန်လည်း လက်ဝါးနှစ်ဖက်၌ အတွင်းအား စုစည်းကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်...

"ဝုန်း... "

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သောအသံထွက်ပေါ်လာကာ ကြယ်တံခွန်မှာ အနောက်သို့ လွင့်စဉ်သွားလေတော့သည်။

ကြယ်တံခွန်သည် ဝူးရီအား မည်သို့မျှ မယှဉ်နိုင်မှန်းသဘောပေါက်သွားပုံ ရ၏။

အနောက်သို့ လွင့်စဉ်သွားသည့်အရှိန်ဖြင့် ခုန်ထွက်သွားကာ ဝါးတစ်ရိုက်ခန့်အကွာသို့ရောက်သည်နှင့် လှည့်မကြည့်ဘဲ တစ်ဟုန်ထိုး ပြေးလွှားသွားလေတော့သည်။

## ရွှေ့တိုး နောက်ဆုတ်

ကြယ်တံခွန်သည် မရှုမလှအရေးနိမ့်ကာ ထွက်ပြေးရှောင်တိမ်းသွားပြီ ဖြစ်လေသည်။

ဝူးရီ သက်ပြင်းချလိုက်၏။

"သိုင်းလောကတစ်ခုလုံးက ကြည်ညိုလေးစားနေရတဲ့ သိုင်းသမားကြီးတစ်ယောက်ဟာ ဘာကြောင့်များ နဂါးစိမ်းဂိုဏ်းနဲ့ ပူးပေါင်းလိုက်ရတာလဲ… "

တီးတိုးညည်းတွားမိလိုက်သည်။

ထို့စဉ်…

"တချို့က ငွေကြေးကြောင့်… တချို့က ဩဇာအရှိန်အဝါကြောင့်… အဲဩစရာကောင်းတဲ့အလုပ်တွေ လုပ်တတ်ကြတယ်… ကြယ်တံခွန်လိုလူစားမျိုးကတော့ သူတစ်ပါးကို ကြောက်နေရလို့ သူတစ်ပါးခိုင်းသမျှ လုပ်နေရတာပေါ့… "

ထွက်ပေါ်လာသော စကားသံကြောင့် ဝူးရီ လှည့်ကြည့်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ...

ရသေ့တစ်ပါးလှမ်းလာနေသည်ကို တွေ့မြင်လိုက်ရ

ထိုရသေ့မှာ ဂူတန်းတောင်မှ ဓားပညာတွင် ပထ

သည့် မုရသေ့ဖြစ်ပေတော့သည်။

ပူးရိသည် မုရသေ့ကိုမြင်လျှင် ချက်ချင်းမှတ်မိလိုက်

သည်။

"ဂူတန်းတောင်က ဆရာကြီးမုရသေ့ကို ဂါရဝပြုပါတ

ချက်ချင်းပင် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်

မုရသေ့ ပြုံးလိုက်သည်။

"မင်းက ငါ့ကိုသိနေတာကိုး... "

"ရသေ့ကြီးကလည်း ကျွန်တော့်ကိုသိနေတာပဲ မဟု

လားဗျာ... "

"မင်း မဆိုးဘူး... ကြယ်တံခွန်တောင် မယှဉ်နိုင်ဘူ

ရင်... မင်းရဲ့ပညာ ဘယ်လောက်နက်ရှိုင်းတယ်ဆိုတာ ထင်

ပါတယ်... သိုင်းလောကမှာ ထွက်ပေါ်လာတဲ့ လူငယ်သိုင်းသ

တွေထဲမှာ ရှက်ပုန်းသီးတွေဖြစ်ကြတဲ့ မင်းနဲ့စန်းတုံးတို့ရဲ့

ဟာ... ထိပ်သီးသိုင်းသမားကြီးတွေကို ကျော်ဖြတ်ပြီး...

လောကကို ခါးစောင်းတင်နိုင်လောက်ပါရဲ့... အင်း... ဝမ်း

စရာကောင်းတာက... "

မုရသေ့က စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်

ပူးရိ မျက်မှောင်ကုတ်သွား၏။

"မင်းသားလေးစန်းတုံး ခုက္ခရောက်သွားပြီလို့ ရသေ့

ဆိုလိုချင်တာလား... "



မုရသေ့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... "

"သူဟာ... "

"မင်းကို ရှင်းပစ်ဖို့ ကြယ်တံခွန်က သူ့ရဲ့တပည့်တပန်း

တွေနဲ့ တာဝန်ယူခဲ့သလို... စန်းတုံးကို သုတ်သင်ရှင်းလင်းပစ်ဖို့

လူတစ်ယောက်က တာဝန်ယူလိုက်တယ်... "

ပူးရိ စိတ်ဝင်စားသွားသည်။

"အဲဒီလူဟာ ဘယ်သူများလဲဗျာ... "

မုရသေ့က တည်ကြည်သောမျက်နှာထားဖြင့် ပြော၏။

"သိုင်းလောကမှာ လက်နက်ပုန်းပညာနဲ့ ပတ်သက်ရင်

ချိုင်ဘက်ကင်းတယ်ဆိုတဲ့ ခရေပွင့်တောင်ကြားပိုင်ရှင်ပေါ့... "

ပူးရိ အံ့သြသွားသည်။

"ထိပ်သီးသိုင်းသမားကြီးတွေဟာ... ဘာကြောင့်များ

ဆိုးကြီးတွေ ဖြစ်နေကြတာလဲ... "

"ငါပြောပြီးပြီလေ... တချို့က ငွေမက်တယ်... ဂုဏ်မက်

ယ်... တချို့ကတော့ အသက်သေမှာကိုကြောက်လို့ပေါ့..."

"အသက်သေမှာကိုကြောက်တယ် ဟုတ်လား... "

"ဟုတ်တယ်... "

"ဒါဖြင့်... ခရေပွင့်တောင်ကြားပိုင်ရှင်နဲ့ ကြယ်တံခွန်ဆို

အသက်သေမှာကို ကြောက်ရွံ့လို့ ခုလိုလုပ်ကြတာပေါ့... "

"ဒါပေါ့ကွာ... "

"ဘယ်သူကများ သူတို့ကို ခြိမ်းခြောက်နိုင်လို့လဲ... ပြော

ဦး... "

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူရှိမလဲ... နဂါးစိမ်းဂိုဏ်းချုပ်ပေါ့... "

"ဩော်... "

နဂါးစိမ်းဂိုဏ်းချုပ်သည် အလွန်ကြောက်စရာကောင်းသူ ဖြစ်ကြောင်း ဝူးရှိ တွေးမိလိုက်လေသည်။

"နဂါးစိမ်းဂိုဏ်းချုပ်ဟာ ထိပ်သီးသိုင်းသမားကြီးတွေကို တောင် စေခိုင်းနိုင်တယ်ဆိုရင်... "

"မင်းက သူ့ကိုဘယ်နည်းနဲ့မှ မယှဉ်နိုင်ဘူးဆိုတာ သဘောပေါက်ပြီလား... "

မုရသေ့က မေးသောအခါ ဝူးရှိ ပခုံးတွန့်လိုက်၏။

"ကျုပ်ဟာ သိုင်းလောကသားတစ်ယောက် မဟုတ်တဲ့ အတွက် နဂါးစိမ်းဂိုဏ်းချုပ်ကို မှုစရာမလိုပါဘူးဗျာ... "

"နဂါးစိမ်းဂိုဏ်းချုပ်ဟာ သိုင်းလောကသားတွေထက် မင်းကို ပိုပြီးအရေးထားနေတယ်ဆိုတာ မင်း သိထားဖို့လို မယ်... "

"သည့်လိုဆိုရင်... သူမှားသွားလိမ့်မယ်... ကျုပ်က သိုင်းလောကထဲမှာ ဘယ်တော့မှ ကျင်လည်ကျက်စားမှာမဟုတ် ဘူး... ကဲ... ကျုပ်ကို ခွင့်ပြုပါဦးဗျာ... "

ဝူးရှိသည် ပြတ်သားစွာပြောပြီး ခြေလှမ်းကျဲကျဲ ထွက်သွားလေသည်။

"မင်း သွားလို့မဖြစ်ဘူး... "

မုရသေ့က ချက်ချင်း လမ်းပိတ်ထားလိုက်လေသည်။

ဝူးရှိ ရပ်တန့်လိုက်၏။

မုရသေ့ကို စေ့စေ့ကြည့်ကာ ပြောလိုက်၏။



"ကျုပ်ဟာ သိုင်းလောကထဲမှာ ဘယ်တော့မှလှုပ်ရှားမှာ မဟုတ်ဘူးလို့ နဂါးစိမ်းဂိုဏ်းချုပ်ကို ပြောလိုက်ပါဗျာ... "

"သူက လက်ခံမှာမဟုတ်ဘူး... မင်းနဲ့ပတ်သက်ပြီး စိတ် ချရအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ကျုပ်ကို မှာလိုက်တယ်..."

ဝူးရှိ ခေါင်းညိတ်လိုက်သည်။

"ဘယ်လိုများလဲဆိုတာ ပြောပါဦးဗျာ... "

မုရသေ့ ပြုံးလိုက်သည်။

"မင်းကို တစ်ခါတည်း ရှင်းပစ်ဖို့မပါပဲ... "

"ဩော်... "

မုရသေ့နှင့် ရင်ဆိုင်ဖို့ ရှောင်လွှဲ၍ရတော့မည် မဟုတ် ကြောင်း ဝူးရှိ သဘောပေါက်လိုက်လေသည်။

မုရသေ့၏မျက်နှာ အေးစက်သွားသည်။

"မင်း သတိထားပါ... "

စကားဆုံးသည်နှင့် လက်ကိုဝှေ့ယမ်းကာ စတင်တိုက် ခိုက်လိုက်သည်။

အေးစိမ့်သော ဓား၏အငွေ့အသက်များသည် ဝန်းကျင် တစ်ခုလုံး လွှမ်းခြုံသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မုရသေ့သည် သိုင်းလောက၌ ဓားပညာနှင့်ပတ်သက်လျှင် ပြိုင်ဘက်ကင်းသည်ဟု ပြောစမှတ်တွင်သူ ဖြစ်လေသည်။

ယခု...

မုရသေ့သည် သုံးပေနှစ်လက်မရှည်လျားသော ပါးလွှာသည့် ဓားတစ်လက်ကို အသုံးပြုကာ ငူးရိအား တိုက်ခိုက်လိုက်လေသည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာသည်။

အေးစိမ့်သော ဓား၏အငွေ့အသက်များ လွှမ်းမိုးသွား၏။

မုရသေ့၏လက်ထဲမှ ဓားသည် မြွေဟောက်တစ်ကော ပမာ တွန့်လိမ်ကာ ငူးရိ၏ရင်ဝသို့ တိုးဝင်သွား၏။

ဓားတစ်ချက်တည်းနှင့် ငူးရိအား သုတ်သင်ရှင်းလင်း ရန် ကြိုးစားလိုက်ခြင်း ဖြစ်လေသည်။

ငူးရိသည် မြေပေါ်၌ ခြေနှစ်ဖက်ခွဲ၍ရပ်ကာ ကျော တိုင်ကြီးတစ်တိုင်ပမာ မလှုပ်မယှက်ရပ်နေလိုက်၏။

ရှောင်တိမ်းရန် လုံးဝစိတ်မကူးပါ။

ရှောင်တိမ်းရန် ကြိုးစားလိုက်သည်နှင့် မုရသေ့ သည် သူ၏ရင်ဝသို့ ထိုးဖောက်စိုက်ဝင်သွားမည်ဖြစ်ကြောင်း လည်ထားလေသည်။

ငူးရိသည် မုရသေ့၏မျက်လုံးအစုံကို မမှိတ်မသုန် ကြည့်နေလိုက်သည်။

မုရသေ့က ဓားဖြင့်ထိုးသွင်းလိုက်သည်နှင့် သူ၏



နှစ်ဖက်ကို လှုပ်ရှားလိုက်လေသည်။

"ဖျပ်... "

ငူးရိ၏လက်ဝါးနှစ်ဖက်သည် မုရသေ့၏ဓားကို ဖျပ်ခနဲ ညှပ်ပြီးသား ဖြစ်သွား၏။

မုရသေ့ မျက်နှာပျက်သွား၏။

သူ၏ဓားကို လက်ဝါးဖြင့်ညှပ်ကာ ဖမ်းထားနိုင်သူတစ် ယောက် လောကပေါ်၌ရှိနေသေးသည်ကို မယုံနိုင်အောင် ဖြစ် နေမိ၏။

အနည်းငယ် ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ သတိဝင် လာကာ...

"လွှတ်လိုက်စမ်း... "

အော်ငေါက်ရင်း ဓားကိုဆွဲယူလိုက်၏။

သူ၏ဓားသည် ကျောက်တုံးကျောက်ခဲများကြား၌ ညှပ် နေသကဲ့သို့ ငူးရိ၏လက်ဖဝါးနှစ်ဖက်ကြား၌ ရှိနေပြီး ဆွဲနှုတ်မရ တော့ချေ။

"သွားစမ်း... "

ငူးရိက တစ်ချက်အော်လိုက်ပြီး လက်နှစ်ဖက်ကို တစ် က်လှည့်လိုက်သည်။

"ချွမ်း... "

ကျယ်လောင်သောအသံထွက်ပေါ်လာကာ မုရသေ့၏ ထက်ပိုင်းကျိုးသွားလေတော့သည်။

"ဟာ... "

မုရသေ့ လွှတ်ခနဲအော်ကာ နောက်ဆုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူးရိသည် သူ၏လက်ထဲ၌ ညှပ်လျက်သားရှိနေသော ဓားကျိုးတစ်ပိုင်းကို အဝေးသို့လွှင့်ပစ်လိုက်၏။

"ကျုပ်ဟာ နဂါးစိမ်းနဲ့ပတ်သက်လို့ စိတ်မကူးပါဘူးဗျာ"

စကားဆုံးသည်နှင့် ချာခနဲ လှည့်ထွက်သွားလေတော့သည်။

မုရသော့ကား ပါးစပ်အဟောင်းသားဖြစ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

တောင်ပေါ်ဒေသသည် ထာဝရအေးချမ်းသာယာလျက်ရှိလေသည်။

ဂူးရိသည် ကျင်းရှောင် အသတ်ခံလိုက်ရသည်ကိုစွဲကြောင့် သိုင်းလောကထဲသို့ တိုးဝင်ရန် ကြိုးစားပြီးမှ စန်းတုံးကြောင့် နောက်ဆုတ်လာခဲ့သည်။

တောင်ပေါ်ဒေသ၌ပင် အေးချမ်းစွာနေထိုင်သွားရန် ဆုံးဖြတ်လိုက်၏။

သို့သော်...

တောင်ပေါ်မှ သစ်လုံးအိမ်ကလေး၌ ဂူးရိ အေးချမ်းစွာနေ၍ မရနိုင်ခဲ့ပါချေ။

တောင်ပေါ်တွင် ကျင်းရှောင်၏လက်ရာများကို ဘယ်နေရာကြည့်ကြည့် တွေ့မြင်နေရသည် မဟုတ်ပါလား။



ကျင်းရှောင် သေဆုံးသွားရသည့်ကိစ္စ၌ သူ၏တာဝန်မကင်းဟု နားလည်ထားလေသည်။

ထို့ကြောင့်လည်း မြူခိုးများဝေနေသော နေ့တစ်နေ့တွင် အဝေးတစ်နေရာသို့ ထွက်သွားရန် ဂူးရိ ဆုံးဖြတ်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## လက်တစ်ဖက်

မြူနှင်းများ ကျဆင်းနေသည်။

တောင်ပေါ်ဒေသတစ်ခုလုံး မြူနှင်းများအောက်ဝယ် မှုန်ဝါးဝါးရှိနေ၏။

အအေးဓာတ်ကလည်း လွှမ်းခြုံထားသေးသည်ဖြစ်၍ အိပ်ရာထက်၌ နွေးထွေးစွာ အိပ်စက်နားယူနေဖို့သာ ကောင်းပေတော့သည်။

သို့သော်...

ဂူးရိုသည် တောင်ပေါ်ဒေသကို ကျောခိုင်းစွန့်ခွာသွားရန် ဆုံးဖြတ်လိုက်ပြီ ဖြစ်လေသည်။

ကျင်းရှောင်နှင့်အတူနေခဲ့သော အိမ်ကလေးကို နောက်ဆုံးအနေနှင့် ကြည့်လိုက်ပြီး ကျောခိုင်းထွက်လာခဲ့၏။

ကျောက်တုံးကျောက်ခဲပေါများသော တောင်ဆင်းလမ်းအတိုင်း ခြေလှမ်းကျဲကျဲဖြင့် ဆင်းလာခဲ့သည်။

သူ၏ခြေလှမ်းများသည် နှေးကွေးလေးလံသည်ထင်ရသော်လည်း တစ်ခါတစ်ရံ၌ သွက်လက်ပေါ့ပါးနေသည် ထင်ရ၏။



နေဝန်းနီမှာ ကောင်းကင်ပေါ်သို့ တစ်စထက်တစ်စ မြင့်တက်လာသည်။

နေရှိန်အားကောင်းလာသည့်အခါ မြူနှင်းများလည်း ပါးလွှာသွား၏။

ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်လာသည်။

တောင်ခြေသို့ရောက်လာသည့်အခါ ဂူးရို၏ခြေလှမ်းများ သွက်လက်လာလေသည်။

တောင်ပေါ်ဒေသကိုပါ စွန့်ခွာထွက်သွားပြီးပါက ခြေရာဖျောက်ကာ ဓာတ်မြုပ်ပြီးသားဖြစ်သွားမည်မို့ သိုင်းလောကသားများနှင့် ဝေးတော့မည်ဖြစ်ရာ ယခုကဲ့သို့ ခြေလှမ်းပိုသွက်လာခြင်း ဖြစ်ပါသည်။

သို့သော်...

တောင်ခြေသို့ ရောက်လာသည့်အခါ ဂူးရို ရှေ့ဆက်မသွားနိုင်တော့ဘဲ ခြေလှမ်းတုံ့ခနဲ ရပ်သွားရလေတော့သည်။

အကြောင်းကား...

"ခွပ်ခွပ်... ခွပ်ခွပ်..."

"ခွပ်ခွပ်... ခွပ်ခွပ်..."

မြင်းခွာသံများ ထွက်ပေါ်လာပြီး မြင်းလှည်းတစ်စီး မောင်းနှင်လာနေသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။

ဂူးရို ခြေလှမ်းရပ်ကာ ကြည့်လိုက်သည်။

ထိုမြင်းလှည်းကား ခိုင်ဖုံးသိုင်းပြိုင်ပွဲမှ အပြန်ခရီး၌ တွေ့ခဲ့ဖူးသော လှပချောမောသည့် မိန်းကလေးမောင်းနှင်သော မြင်းလှည်းဖြစ်ပေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းသည် ငွေးရီနှင့် မလှမ်းမကမ်း၌ ရပ်တန့်သွား၏။

ငွေးရီ မျက်မှောင်ကုတ်ကာ ကြည့်နေစဉ်မှာပင် မိန်းမချော လေးက မြင်းလှည်းပေါ်မှ ခုန်ဆင်းလာသည်။

သူမသည် ခပ်သွက်သွက်လှမ်းလာပြီး ငွေးရီ၏ရှေ့၌ ဒူး ထောက်ချလိုက်လေသည်။

ငွေးရီ သက်ပြင်းချလိုက်သည်။

"မင်းဟာ ကျုပ်ဆီကို မျှော်လင့်ချက်တစ်ခုခုနဲ့ လာခဲ့ တာဆိုရင် မှားသွားလိမ့်မယ်… မင်း ဘာမှရနိုင်မှာ မဟုတ်ဘူး"

မိန်းကလေး ခေါင်းခါယမ်းလိုက်၏။

"ကျွန်မ ဘာမှမလိုချင်ပါဘူးရှင်… "

"ဟင်… "

ငွေးရီ အံ့သြသွားသည်။

"ကျုပ်ဆီက ဘာမှမလိုချင်ဘူး ဟုတ်လား… "

"ဟုတ်ပါတယ်ရှင်… "

"ဒါဖြင့် မင်း ဘာကြောင့်လာခဲ့တာလဲ… "

မိန်းမချောလေးက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

"ကျွန်မဟာ ရှင့်ကို ကူညီနိုင်မယ် ထင်လို့ပါ… "

"ဘာ… "

မိန်းကလေး၏စကားကြောင့် ငွေးရီမှာ မကျေမနပ်ဖြစ် သွား၏။

"ကျုပ်မှာ အကူအညီလိုလိမ့်မယ်လို့ မင်း ထင်နေတယ်



ပေါ့… ဟုတ်လား… "

"ထင်တာ မဟုတ်ဘူး… ကျွန်မ သိထားတာပါ… "

ငွေးရီ မဲ့ပြုံးပြုံးလိုက်သည်။

"ပြောစမ်းပါဦး… ကျုပ်က ဘယ်လိုအကူအညီများ လို အပ်မလဲ… မင်း ဘာတွေများသိထားသလဲ… "

မိန်းမချောလေးက ရှင်းပြ၏။

"ရှင့်ရဲ့မိတ်ဆွေတစ်ယောက် ဒုက္ခရောက်နေပါတယ်… ရှင်ဟာ သူ့ကိုကူညီချင်လိမ့်မယ်… သူ ဘယ်မှာရှိနေတယ်… ဘယ် လိုဒုက္ခရောက်နေတယ်ဆိုတာ ရှင် မသိဘူး… "

ငွေးရီက ရယ်မောလိုက်လေသည်။

မိန်းမချောလေးက ခပ်တည်တည်ပင် ရှိနေသည်။

"ဒါ… ရယ်စရာ မဟုတ်ပါဘူး… ကျွန်မ တကယ်ပြော နေတာပါရှင်… "

ငွေးရီ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ… ကျုပ်မိတ်တွေက ဘယ်သူလဲ… ဘယ်လို ဒုက္ခရောက်နေသလဲ… ဘယ်နေရာမှာရှိနေသလဲ… ပြောစမ်းပါဦး"

မိန်းမချောလေးက ငွေးရီ အမေးကိုချက်ချင်းအဖြေပေး လေသည်။

"ရှင့်ရဲ့မိတ်ဆွေဟာ မင်းသားလေးစန်းတုံးပါ… "

"ဩော်… "

"သူဟာ နဂါးစိမ်းဂိုဏ်းရဲ့လက်ချက်ကြောင့် ဒဏ်ရာ အပြင်းအထန်ရသွားခဲ့ပါတယ်… "

ငွေးရီ မျက်မှောင်ကုတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမချောလေးက ဆက်ပြောသည်။

"သူဟာ အသက်လုထွက်ပြေးတိမ်းရှောင်နိုင်ခဲ့ပါတယ်... နဂါးစိမ်းဂိုဏ်းသားတွေ မတွေ့နိုင်တဲ့တစ်နေရာမှာ ပုန်းအောင်းပြီး ဒဏ်ရာကို ကုသနေပါတယ်... "

ဝူးရိ သက်ပြင်းချလိုက်၏။

"မင်း ပြောစရာ... ဒါ အကုန်ပဲလား... "

"ကျွန်မမှာ ပြောစရာတွေကော... ဆောင်ရွက်စရာကိစ္စတွေပါ အများကြီးရှိပါသေးတယ်ရှင်... "

မိန်းကလေးက အတည်ပြောနေခြင်းကြောင့် ဝူးရိ စိတ်ပျက်သွားတော့သည်။

"ကျုပ်အတွက်တော့ မင်းနဲ့ဘာမှပြောစရာမရှိတော့ပါဘူး... ကဲ... ကျုပ်ကို ခွင့်ပြုပါဦး... "

စကားဆုံးသည်နှင့် ထွက်သွားရန်ခြေလှမ်းပြင်လိုက်၏။

မိန်းကလေးက လမ်းပိတ်ကာ တောင်းပန်လေသည်။

"ခဏနေပါဦးရှင်... မင်းသားလေးကို ကူညီနိုင်တဲ့လူဆိုလို့ လောကပေါ်မှာ ရှင်တစ်ယောက်တည်းပဲ ရှိပါတယ်... ကျေးဇူးပြုပြီး မင်းသားလေးကို ကူညီပါလို့ မေတ္တာရပ်ခံပါတယ်ရှင်..."

"ကျုပ်က... "

"ရှင် မကူညီရင် မင်းသားလေးဟာ နဂါးစိမ်းဂိုဏ်းရဲ့ လက်ချက်နဲ့ သေဆုံးသွားရမှာပါ...မင်းသားလေးလိုလူတစ်ယောက်ဟာ သိုင်းလောကကို ဖျက်ဆီးမယ့် နဂါးစိမ်းဂိုဏ်းရဲ့ လက်ချက်နဲ့ အသက်ပေးရမှာတော့ အင်မတန်နှမြောစရာ ကောင်းပါတယ်— မင်းသားလေးက ပြောဖူးပါတယ်... လောကပေါ်မှာ ရှင်လိုလူစား



မျိုး နောက်တစ်ယောက် ထွက်ပေါ်လာဖို့ မလွယ်ဘူးတဲ့... သည်လိုပါပဲရှင်... မင်းသားလေးလို လူစားမျိုး နောက်တစ်ယောက်ပေါ်ထွက်လာဖို့ဆိုတာလည်း မလွယ်ပါဘူးရှင်... "

ဝူးရိ သက်ပြင်းချလိုက်လေသည်။

စန်းတုံး ကဲ့သို့ လူစားမျိုး သိုင်းလောက၌ ထွက်ပေါ်လာဖို့ မလွယ်မှန်း သူနားလည်ထား၏။

မိန်းမချောလေးက ဆက်ပြောသည်။

"မင်းသားလေး ဒုက္ခရောက်မှာကို... ရှင်က လက်ပိုက်ကြည့်နေတော့မှာလားရှင်... "

ဝူးရိက မိန်းမချောလေးအား စိုက်ကြည့်လိုက်၏။

"သူဟာ မင်းသားလေးတစ်ယောက်ပါ... သူ့မှာ အသိုင်းအဝိုင်းရှိပါတယ်... ကျုပ် ကူညီမှတဲ့လား... "

မိန်းမချောလေး ခေါင်းညိတ်လိုက်၏။

"လောကပေါ်မှာ မင်းသားလေးကို ကူညီနိုင်တာ ရှင်တစ်ယောက်တည်းပဲရှိတယ်လို့ မင်းသားလေးကိုယ်တိုင် ပြောခဲ့တာပါရှင်... "

"မင်းသားလေးက ကျုပ်ကို အတော်အထင်ကြီးနေပါ... "

ဝူးရိက ပြုံးလိုက်လေသည်။

မိန်းမချောလေးက မေးလာလေသည်။

"ရှင်က မင်းသားလေးကို ကူညီမယ် မဟုတ်လားရှင်..."

"ကျုပ်က... "

ဝူးရိ စကားဆုံးအောင် မပြောလိုက်ရပါ။

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာပြီး အနက်ရောင်ဝတ်ထားသူများ ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

❀ ❀ ❀

"ဟူး... ဟူး... ဟူး... "

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်။

အနက်ရောင်ဝတ်ထားကြသူများ ဟိုမှသည်မှ ထွက်ပေါ်လာ၏။

နဂါးစိမ်းဂိုဏ်းသားများဖြစ်ကြပြီး ဦးရှိနှင့် မိန်းမချောလေးတို့အား ဝိုင်းရံထားလိုက်ကြလေသည်။

မိန်းမချောလေး မျက်နှာပျက်သွား၏။

"ဒုက္ခပဲ... နဂါးစိမ်းဂိုဏ်းသားတွေ ရောက်လာကြပြီ..."

သူမသည် ကြောက်လန့်တကြားဖြင့် ထွက်ပြေးသွားရန် ကြိုးစားလိုက်လေသည်။

သို့သော်... ,

နဂါးစိမ်းဂိုဏ်းသားများလက်မှ လွတ်မြောက်နိုင်ခြင်း မရှိခဲ့ပါချေ။

"ဘယ်ပြေးမလဲ... "

နဂါးစိမ်းဂိုဏ်းသားတစ်ယောက်သည် အော်ငေါက်ကာ မိန်းမချောလေးအား ဖမ်းဆွဲထားလိုက်လေသည်။

"အမယ်လေး... "



မိန်းမချောလေး အထိတ်တလန့်အော်ဟစ်ကာ ရုန်းကန်လိုက်သော်လည်း လွတ်မြောက်နိုင်ခြင်း မရှိပါချေ။

အနက်ရောင်ဝတ်ထားသူနှစ်ယောက်သည် မိန်းမချောလေးအား လှုပ်ရှားမရအောင် ချုပ်ကိုင်ထားလိုက်ကြ၏။

"ကျွန်မကို ကယ်ပါဦး... "

မိန်းမချောလေးက ဦးရှိအားလှမ်းပြီး အကူအညီတောင်းလေသည်။

ဦးရှိ သက်ပြင်းချလိုက်၏။

မိန်းမချောလေးအား စိုက်ကြည့်ကာ ပြောလိုက်လေသည်။

"ကျုပ်ပါဝင်ပတ်သက်လာအောင် ကြိုးစားနေတာတော့ ရပ်တန့်ဖို့ မင်းသားလေးကို ပြောလိုက်ပါ... "

စကားဆုံးသည်နှင့် ချာခနဲ လှည့်ထွက်သွားလေသည်။

"ရှင်... ရှင်... ကျွန်မကို ထားခဲ့တော့မလို့လား... "

မိန်းမချောလေး ကြောက်လန့်တကြား အော်လိုက်လေသည်။

ဦးရှိကား လုံးဝအမှုမထားဘဲ ကျော့ခိုင်းထွက်သွား၏။

"ရပ်လိုက်... "

နဂါးစိမ်းဂိုဏ်းသားများသည် ဟန့်တားရင်း ပြေးဝင်တိုက်ခိုက်လာကြလေသည်။

ဦးရှိသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ လက်နှင့်ဆမ်းကာ ပြန်လည်တိုက်ခိုက်လိုက်၏။

"ဝုန်း... "

www.burmeseclassic.com

www.burmeseclassic.com



"အား..."

"အမယ်လေး..."

"သေပါပြီဗျ..."

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

နဂါးစိမ်းဂိုဏ်းသားများ ဖရိုဖရဲလွင့်စဉ်သွားကြလေတော့သည်။

ဝူးရိက ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ ခန္ဓာကိုယ်တစ်ချက်လှုပ်ရှားလိုက်ရာ အဝေးသို့ ရောက်သွား၏။

ဝူးရိသည် နဂါးစိမ်းဂိုဏ်းသားများ၏ ဝန်းရံထားမှုမှ လွတ်မြောက်သွားပြီဖြစ်ရာ ဆက်လက်ထွက်ခွာသွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

"လွှတ်... လွှတ်... ကျွန်မကို လွှတ်..."

မိန်းမချောလေး၏အော်ဟစ်သံ ထွက်ပေါ်လာသည်။

တစ်ဆက်တည်းမှာပင် ဝရုန်းသုန်းကားဖြစ်သွားသော အသံများနှင့် စူးရှသော အော်ဟစ်သံထွက်ပေါ်လာ၏။

"အား..."

ဝူးရို၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

နောက်လှည့်ကြည့်လိုက်သောအခါ မိန်းမချောလေးမှာ မြေပေါ်သို့ ပုံလျက်သား လဲကျသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

သူမ၏တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲနေကာ နဂါးစိမ်းဂိုဏ်းသားများ၏လက်ချက်ဖြင့် ဒဏ်ရာပြင်းစွာ ရနေသည်ကို တွေ့လိုက်ရလေသည်။



"ဟင်..."

ဝူးရိ လွှတ်ခနဲ ရေရွတ်လိုက်၏။

မိန်းမချောလေးကား နဂါးစိမ်းဂိုဏ်းသားများ၏ လက်ချက်ဖြင့် သေဆုံးသွားရတော့မည်တကား။

ဤသို့ဆိုလျှင်...

မင်းသားလေးစန်းတုံးသည် နဂါးစိမ်းဂိုဏ်းအား ရင်ဆိုင်ဖို့ သူ့အား ဆွဲသွင်းနေခြင်းမဖြစ်နိုင်တော့ဘဲ မင်းသားလေးစန်းတုံးကိုယ်တိုင် နဂါးစိမ်းဂိုဏ်း၏လက်ချက်ဖြင့် ဒုက္ခရောက်နေပြီဟု ယုံကြည်ရမလို ဖြစ်နေပေပြီ။

"ရပ်လိုက်..."

နဂါးစိမ်းဂိုဏ်းသားများသည် ဗြာသံပေးကာ ဝူးရိထံသို့ ပြေးလာကြသည်။

ဝူးရိ မဲ့ပြုံးပြုံးလိုက်သည်။

"နဂါးစိမ်းဂိုဏ်းက ဘယ်လောက်များ ကြီးကျယ်နေလို့..."

ကြုံးဝါးရင်း ဆီးကြို၍တိုက်ခိုက်လိုက်လေသည်။

ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာသည်။

"ဝုန်း..."

"အား..."

"အမယ်လေး..."

"အွန့်..."

www.burmeseclassic.com

www.burmeseclassic.com



စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာပြီး နဂါးစိမ်းဂိုဏ်းသားများ ဖရိုဖရဲဖြစ်သွားကြလေတော့သည်။

ကျန်ရှိနေသေးသော နဂါးစိမ်းဂိုဏ်းသားများကား ဆက်လက်တိုက်ခိုက်ခြင်း မပြုဝံ့တော့ချေ။

နောက်သို့ တရွေ့ရွေ့ဆုတ်သွားကြပြီး ခပ်လှမ်းလှမ်းသို့ ရောက်သည်နှင့် ထွက်ပြေးသွားကြလေတော့သည်။

"ဂျိမ်း..."

မိုးခြိမ်းသံ ထွက်ပေါ်လာသည်။

ကောင်းကင်ပေါ်၌ လျှပ်နွယ်လျှပ်ပန်းများ ဝင်းလ
သွားပြီး မိုးသားတိမ်လိပ်များ တက်လာသည်။

လေပြင်းများလည်း တဟူးဟူးမြည်ကာ တိုက်ခတ်လ
၏။

အချိန်အခါမဟုတ်ဘဲ မိုးသက်လေပြင်းကျရောက်လ
တော့မည် ဖြစ်လေသည်။

မိုးစက်မိုးပေါက်များ ကျရောက်မလာမီ အပြေးအလွှ
ရှောင်တိမ်းသွားနေသူများကို လမ်းပေါ်၌ တွေ့ရမည်ဖြစ်ပြီး မ
မီလမ်းပေါ်၌ လူရှင်းသွားလေတော့သည်။

ဝန်းကျင်တစ်ခုလုံး အေးစိမ့်သွား၏။

လေပြင်းများ တဖြည်းဖြည်း အားပျော့သွားပြီးနော



သီးမိုးပေါက်များ ကျဆင်းလာလေသည်။

ထိုအချိန်တွင်...

လမ်းပေါ်၌ မီးခိုးရောင် ဝတ်ဆင်ထားသူတစ်ယောက်
က်ပေါ်လာသည်။

ထိုလူသည် မင်းလမ်းမကြီးအတိုင်း ခြေလှမ်းကျဲကျဲဖြင့်
လျှောက်လာပြီး လမ်းဆုံလမ်းခွသို့ ရောက်လာသည့်အခါ ခြေလှမ်း
လိုက်လေသည်။

စူးရှတောက်ပသော မျက်လုံးများဖြင့် ပတ်ဝန်းကျင်ကို
ခဲခတ်လိုက်ပြီး ဝဲဘက်သို့ ချိုးကွေ့လိုက်၏။

ဝဲဘက်လမ်းအတိုင်း ဝင်သွား၍ မကြာမီ ခေါက်ဆွဲပြုတ်
ှင်းသော ဆိုင်ကလေးတစ်ဆိုင်ကို တွေ့ရလေသည်။

မီးခိုးရောင်ဝတ်ထားသူ၏မျက်နှာတွင် ကျေနပ်နှစ်သိမ့်
ည့်အရိပ်အရောင်များ ဖြစ်ပေါ်လာသည်။

"မိန်းမချောလေးပြောလိုက်တာ သည်ခေါက်ဆွဲပြုတ်
ဲ..."

ထိုလူကား ဝူးရီ ဖြစ်ပါသည်။

ဝူးရီသည် နဂါးစိမ်းဂိုဏ်းသားများအား မောင်းထုတ်ကာ
ချောလေး၏အသက်ကို ကယ်တင်ဖို့ ကြိုးစားသော်လည်း
င်မြင်ခဲ့ပေ။

မိန်းမချောလေးသည် မင်းသားလေးအား တွေ့ရှိနိုင်
နေရာကို ပြောပြပြီး သေဆုံးသွားခဲ့လေသည်။

ဝူးရီသည် မိန်းမချောလေးထံမှ သတင်းရခဲ့သည့်အတိုင်း
းလေးနောက်သို့ လိုက်လာခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝူးရီက ခေါက်ဆွဲပြုတ်ဆိုင်အတွင်းသို့ လှမ်းဝင်လိုက် မှာပင်...

"ဂျိန်း... "

ကျယ်လောင်သော မိုးကြိုးပစ်သံနှင့်အတူ မိုးသည်း စွာ ရွာသွန်းလာလေသည်။

ခေါက်ဆွဲပြုတ်ဆိုင်ထဲ၌ စားသောက်နေသူတစ်ဦးစ စသာ ရှိ၏။

ဆိုင်ရှင်မှာ အဘိုးအိုတစ်ယောက်ဖြစ်ပြီး ဆိုင်လု တစ်ယောက်တည်းသာ ရှိလေသည်။

ဝူးရီ ဝင်လာသည်ကို မြင်သည့်အခါ ဆိုင်လုလ ခရီးဦးကြိုပြုကာ နေရာချထားလေသည်။

"အစ်ကိုလေး... ဘာများသုံးဆောင်မလဲ... အမိန့်

ဝူးရီက ခေါက်ဆွဲပြုတ်တစ်ပန်းကန် မှာလိုက်သည်

ဆိုင်လုလင်လည်း အငွေ့တထောင်းထောင်းထနေ ခေါက်ဆွဲပြုတ်ပန်းကန်ကို ချက်ချင်းယူလာပေးလေသည်။

မိုးသည်းထန်စွာ ရွာသွန်းနေပြီး ဝန်းကျင်တစ်ခုလုံး စိမ့်နေပြီဖြစ်ရာ ခေါက်ဆွဲပြုတ်ပူပူနွေးနွေးကို စားသောက်ရ သဖြင့် ဝူးရီ အတွက် အဆင်ပြေသွား၏။

ခေါက်ဆွဲပြုတ်စားသောက်နေချိန်တွင် ဧည့်သည် ယောက် ဝင်ရောက်လာသည်ကို ဝူးရီ တွေ့လိုက်ရ၏။

ထိုဧည့်သည်မှာ မိုးကာဝတ်ရုံခြုံထားပြီး ဆိုင်ထဲ သည်နှင့် မိုးကာကို ဖယ်ရှားလိုက်ရာ အသက်သုံးဆယ်ကျော် အမျိုးသမီးတစ်ယောက်ဖြစ်နေသည်ကို တွေ့ရ၏။



ထိုအမျိုးသမီးသည် ချောမောလှပသော်လည်း သူမ၏ လှမှာ တွေ့မြင်ရသူများ၏ ရင်ကို ပူလောင်စေသော အလှမျိုး ပါတော့သည်။

သူမသည် နှုတ်ခမ်းဆိုးဆေးများ မျက်နှာချေများကို လွန်အကျွံခြယ်သထားသဖြင့် အကျင့်ပျက်သော အမျိုးသမီး စ်ယောက်ဟုပင် ထင်ရသည်။

ဝူးရီက အမျိုးသမီးကိုတစ်ချက်ကြည့်ပြီး ခေါက်ဆွဲပြုတ် ဆက်၍စားနေလိုက်လေသည်။

"ကြွပါခင်ဗျာ... ကြွပါ... "

အမျိုးသမီးအား ဆိုင်လုလင်က ကြိုဆိုကာနေရာထိုင်ခင်း လေသည်။

အမျိုးသမီးက...

"ငါမောနေလို့ မစားသေးဘူး... ခဏနေမှ မှာမယ်... "

ပြောရင်း ဝူးရီနှင့် မလှမ်းမကမ်း၌ နေရာယူလိုက်လေ ည်။

အမျိုးသမီး ဝင်ရောက်လာပြီး မကြာမီ ဆိုင်ထဲသို့ လူ ဝင်ရောက်လာကြ၏။

ထိုလူများအား တွေ့မြင်လိုက်ရသည်နှင့် ဝူးရီ မျက်နှာ ည်သွား၏။

အကြောင်းကား...

ထိုလူများမှာ နဂါးစိမ်းဂိုဏ်းသားများဖြစ်နေကြခြင်း ကြောင့်တည်း။

နဂါးစိမ်းဂိုဏ်းသားများ ဤနေရာသို့ရောက်ရှိလာကြ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းသည် ကောင်းသောလက္ခဏာတစ်ရပ် မဟုတ်ဟု နားလ
ထား၏။

မိန်းမချောလေးထံမှ ရရှိခဲ့သော သတင်းအရ စန်း
ပုန်းအောင်းနေသောနေရာကို ခေါက်ဆွဲပြုတ်ဆိုင်ရှင်က သိ
သည် မဟုတ်လား။

ထိုသတင်းအား နဂါးစိမ်းဂိုဏ်းကလည်း ရရှိသွားပြီ
ကြောင်း ဝူးရိ ဆင်ခြင်မိသည်။

အခြေအနေကို အကဲခတ်ကြည့်နေစဉ် နဂါးစိမ်းဂိုဏ်
သားများသည် စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့လိုက်ကာ ခေါက်ဆွဲပြု
မှာကြားစားသောက်လိုက်ကြ၏။

ထိုနဂါးစိမ်းဂိုဏ်းသားများ၏အခြေအနေကိုကြည့်ရသ
မှာ တစ်စုံတစ်ယောက်အား စောင့်ဆိုင်းနေပုံမျိုးရှိကြောင်း
အကဲခတ်မိလိုက်ပြန်သည်။

ထိုစဉ်...

"သည်ကိုလာဦးဟေ့... "

အလွန်အကျွံအလှအပပြင်ထားသော အမျိုးသမီ
အသံထွက်ပေါ်လာလေသည်။

ဆိုင်လုလင်က ချက်ချင်းပင် သူမအနီးသို့ ရောက်ရှိ
လေသည်။

"အစ်မကြီး... ခေါက်ဆွဲပြုတ်စားတော့မလား... "

အမျိုးသမီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ဒါပေမယ့် ငါက ရိုးရိုးခေါက်ဆွဲပြုတ်
မစားချင်ဘူး... "



"ဒါဖြင့်... ဘယ်လိုခေါက်ဆွဲပြုတ်ကို စားချင်သလဲဆိုတာ အမိန့်ရှိပါ ခင်ဗျာ... "

အမျိုးသမီးသည် ဝိုင်းဖွဲ့ထိုင်နေသော နဂါးစိမ်းဝိုင်းသားများကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

"နဂါးအသားနဲ့ ပြုတ်ထားတဲ့ ခေါက်ဆွဲပြုတ်ပဲ လိုချင်တယ်... "

"ဗျာ... "

ဆိုင်လုလင် ကြောင်အမ်းအမ်းဖြစ်သွားလေ၏။

"အစ်မကြီး... ဘယ်လိုပြောလိုက်တာလဲဗျ...နဂါးအသားက ဘယ်လိုလုပ်ပြီး ရမှာလဲ... "

"လွယ်ပါတယ်... နဂါးတစ်ကောင်ကိုဖမ်းပြီး ခေါက်ဆွဲပြုတ်ထဲထည့်လိုက်ပေါ့... "

အမျိုးသမီးသည် နဂါးစိမ်းဂိုဏ်းသားများအား တမင်ရန်စနေခြင်းဖြစ်ကြောင်း ဝူးရိ ရိပ်မိလိုက်လေသည်။

နဂါးစိမ်းဂိုဏ်းသားများလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။

ထိုင်ရာမှ ဝုန်းခနဲထရပ်လိုက်ကြပြီး အမျိုးသမီးအနီးသို့ ဝိုင်းအုံရောက်ရှိလာကြလေသည်။

နဂါးစိမ်းဂိုဏ်းသားတစ်ယောက်က အော်ငေါက်လိုက်၏။

"ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ... သေချင်လို့လား"

အမျိုးသမီး ပြုံးလိုက်သည်။

"နေစမ်းပါဦး... ငါ့ကို သေချင်ပြီလားလို့ မေးရအောင်

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့က ဘယ်လောက်များ အစွမ်းအစရှိနေကြလို့လဲ… သိုင်းလောကမှာ ဂြိုဟ်မွှေနေတဲ့ နဂါးစိမ်းဂိုဏ်းမှာ မင်းတို့ပါဝင်ပတ်သက်နေကြတယ်ပေါ့လေ… ”

“ဟုတ်တယ်… ကျုပ်တို့ဟာ နဂါးစိမ်းဂိုဏ်းသားတွေပဲ… နဂါးစိမ်းဂိုဏ်းကို စော်ကားရင် သေရမယ်မှတ်ထား… ”

အမျိုးသမီး ရယ်မောလိုက်သည်။

“ဟင်း… ဟင်း… ကြီးကျယ်လိုက်တာ… မင်းတို့မှာ ဘယ်လောက်များ အစွမ်းအစရှိနေကြလို့လဲ… ”

နဂါးစိမ်းဂိုဏ်းသားများ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး ညာသံပေးကာ စတင်တိုက်ခိုက်လိုက်ကြလေသည်။

“ယား… ”

ဝူးရိမှာ အမျိုးသမီးအတွက် စိုးရိမ်သွားလေသည်။

သို့သော် သူ ထင်မှတ်သလို ဖြစ်မလာဘဲ အမျိုးသမီးက…

“သွားစမ်း… ”

အော်ဟစ်ရင်း လက်ဝှေ့ယမ်းလိုက်သောအခါ နဂါးစိမ်းဂိုဏ်းသားများ ချက်ချင်း ဖရိုဖရဲဖြစ်သွားကြလေတော့သည်။

“ဝုန်း… ”

“အား… ”

“အမယ်လေး… ”

နဂါးစိမ်းဂိုဏ်းသားသည် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်



သွားကြ၏။ ဆက်လက်တိုက်ခိုက်ခြင်း မပြုဝံ့ကြတော့ဘဲ မိုးသည်းထန်စွာ ရွာသွန်းနေသည့် ဆိုင်အပြင်ဘက်သို့ ပြေးထွက်သွားကြလေတော့သည်။

* * *

ဆိုင်ထဲ၌ တိုက်ပွဲဖြစ်ပေါ်လာခြင်းကြောင့် မှုလစားသောက်နေသူ နှစ်ယောက်ပါ ထွက်ပြေးသွားကြရာ နဂါးစိမ်းဂိုဏ်းသားများ ထွက်သွားကြသည်နှင့် ဆိုင်ထဲ လူရှင်းသွားတော့သည်။

အမျိုးသမီးသည် ခါးထောက်၍ ဆိုင်အပေါက်ဝကို စိုက်ကြည့်ရင်း အော်ပြောလိုက်သည်။

“ဟေ့… သတ္တိရှိရင် လာခဲ့ကြဦးလေ… ”

မိုးသံလေသံကိုထိုးဖောက်ကာ သူမ၏အသံကျယ်လောင်စွာ ထွက်ပေါ်လာသော်လည်း နဂါးစိမ်းဂိုဏ်းသားများ ဝင်ရောက်လာခြင်း မရှိတော့ချေ။

အမျိုးသမီးက နှာခေါင်းရှုံ့လိုက်သည်။

“နဂါးစိမ်းဂိုဏ်းသားတွေ သတ္တိနည်းလှချည်လား… ”

သူမသည် ဆိုင်လုလင်ဘက်သို့လှည့်ကာ ပြောလိုက်သည်။

“နဂါးခေါက်ဆွဲပြုတ် မရနိုင်တော့ဘူးပေါ့… ”

ဆိုင်လုလင်က သူမအား ပါးစပ်အဟောင်းသားဖြင့် ကြည့်နေသည်။

အမျိုးသမီးက ဆက်ပြောသည်။

“ကဲ… ကဲ… နဂါးတွေ မရှိတော့ဘူးဆိုရင် စိတ်ပူစရာ

www.burmeseclassic.com

www.burmeseclassic.com



မလိုတော့ဘူး… မင်းသားလေး ဘယ်မှာလဲ ပြောစမ်းပါဦး… ”

ဆိုင်လုလင်က ဆိုင်ရှင်အဘိုးအိုအား လှမ်းကြည့်လိုက်၏။

ဆိုင်ရှင်အဘိုးအိုက ရှေ့သို့ထွက်လာသည်။

“တူမကြီး… ဘာပြောတာလဲကွယ်… ”

“မင်းသားလေးကို တွေ့ချင်လို့ပါ… ”

“မင်းသားလေး… ”

“ဟုတ်တယ်… သူ သည်မှာပုန်းအောင်းနေတယ်လို့ ကျွန်မ သတင်းရထားတယ်… ”

အဘိုးအို မျက်နှာပျက်သွားလေသည်။

အမျိုးသမီးက ဆက်ပြော၏။

“နဂါးစိမ်းဂိုဏ်းသားတွေရောက်လာကြတာကို ရှင်လည်း တွေ့မှာပါ… သူတို့ရဲ့ခေါင်းဆောင်ကို စောင့်နေကြတာ… ကျွန်မ မောင်းထုတ်လိုက်လို့ ထွက်ပြေးသွားပေမယ့် မကြာခင် ပြန်ရောက်လာကြဦးမှာပဲ… သူတို့မလာခင် မင်းသားလေးကို ဘေးအန္တရာယ်ကင်းတဲ့နေရာကို ခေါ်သွားနိုင်မှဖြစ်မယ်… ”

ဆိုင်ရှင် အဘိုးအို ခေါင်းခါယမ်းလိုက်သည်။

“တူမကြီး… မင်း ဘာတွေပြောနေတာလဲ… ကျုပ် ဘာမှ နားမလည်ရပါလား… ”

အမျိုးသမီး ပြုံးလိုက်သည်။

“ကျွန်မက မင်းသားလေးစန်းတုံး အကြောင်းကို ပြောနေတာပါ… မင်းသားလေးဟာ သည်နေရာမှာ ခိုလှုံနေတယ်ဆိုတာ ကျွန်မ သိထားပါတယ်… ”



“တူမကြီး မှားနေပြီ… ဘယ်က မင်းသားလေးမှ သည်နေရာမှာ မရှိပါဘူး… ”

အမျိုးသမီး မကျေမနပ်ဖြစ်သွားသည်။

“ရှင် ဘာကြောင့် လိမ်ပြောနေရတာလဲ… ကျွန်မဟာ မင်းသားလေးကို ကူညီဖို့လာခဲ့တယ်ဆိုတာ ရှင် မယုံဘူးလား… မကြာခင် နဂါးစိမ်းဂိုဏ်းက လူတွေရောက်လာရင်… မင်းသားလေး ဒုက္ခရောက်သွားလိမ့်မယ်… သည်နေရာက မြန်မြန်ထွက်သွားမှဖြစ်မယ်… ”

အဘိုးအို သက်ပြင်းချလိုက်သည်။

“တူမကြီးပြောတာကို ကျုပ် ဘာမှနားမလည်နိုင်ပါဘူး… ဘယ်က မင်းသားလေးလဲ… ကျုပ် မသိပါဘူး… ”

“ရှင်… ”

အမျိုးသမီးက ရှေ့သို့တိုးလိုက်လေသည်။

သူမသည် ဒေါပွသွားကာ အဘိုးအိုအား ရိုက်နှက်တော့မည့်အသွင် ရှိနေမည့်ရှိနေသော်လည်း ချက်ချင်း စိတ်ထိန်းချုပ်ထားလိုက်ပုံ ရှိလေသည်။

အဘိုးအိုက နောက်ဆုတ်လိုက်၏။

“မင်းသားလေး ဘယ်မှာလဲ… ”

အမျိုးသမီး၏အသံသည် အေးစိမ့်နေပြီး အကူအညီပေးမည့်အသွင်ထက် ဒုက္ခပေးမည့်အသွင်ရှိနေသည်ဟု စူးရှ ထင်မိလေသည်။

“ဘယ်က မင်းသားလေးလဲ… ကျုပ် မသိဘူး… ”

အမျိုးသမီး သက်ပြင်းချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ… ရှင် မပြောတော့လည်း… ကျွန်မ မတတ်နိုင်တော့ဘူးပေါ့… ကျွန်မ သည်ကထွက်သွားတော့မယ်… တကယ်လို့များ အကူအညီလိုတယ်ဆိုရင် မြို့ပြင်ထွက်တဲ့လမ်းကို လိုက်လာခဲ့ပါ… "

စကားဆုံးသည်နှင့် ချာခနဲ လှည့်ထွက်သွား၏။

အမျိုးသမီး ထွက်သွားမည်ဟု မထင်မိသဖြင့် ဝူးရိပင်လျှင် အံ့သြသွားရလေတော့သည်။

အမျိုးသမီး ထွက်သွားပြီ ဖြစ်သည်။

ဝူးရိ အံ့သြနေသည်။

ထိုအမျိုးသမီးသည် လူကောင်းတစ်ယောက်မဟုတ်ဟု ထင်မိခဲ့သော်လည်း သူမသည် နဂါးစိမ်းဂိုဏ်းသားများအား မောင်းထုတ်ပြီး မည်သူ့ကိုမျှ ဒုက္ခမပေးဘဲ ထွက်သွားပြီဖြစ်လေသည်။

ဝူးရိ သက်ပြင်းချလိုက်သည်။

ဤနေရာ၌ မင်းသားလေးခိုလှုံနေကြောင်း သတင်းအတိအကျရထားသော်လည်း ဆိုင်ရှင်အဘိုးအိုက ငြင်းနေသဖြင့် အားမလိုအားမရဖြစ်လာလေသည်။

ဆိုင်ရှင်အဘိုးအိုအား မေးမြန်းရန် ဟန်ပြင်လိုက်၏။

ထိုအချိန်မှာပင် ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာကာ နဂါးစိမ်းဂိုဏ်းသားများ ဆိုင်ထဲဝင်ရောက်လာကြသည်ကို တွေ့လိုက်ရလေသည်။



ဝူးရိ့ ကိုယ်ရှိန်သပ်ကာ ဆက်ပြီးထိုင်နေလိုက်၏။

နဂါးစိမ်းဂိုဏ်းသားများအား ဦးဆောင်လာသူမှာ… အသက်ငါးဆယ်ခန့်ရှိသော အဘိုးအိုတစ်ယောက် ဖြစ်လေသည်။

ထိုအဘိုးအိုသည် အသားမည်းကြုတ်ကြုတ်ရှိပြီး နှမ့်မောက်သလို မျက်လုံးပေါက်ကျဉ်းလေသည်။

ကောက်ကျစ်စဉ်းလဲပြီး ရက်စက်ကြမ်းကြုတ်သူတစ်ယောက်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပေသည်။

ဝူးရိသည် ထိုအဘိုးအိုအား သဘောမကျနိုင်အောင် ဖြစ်သွားသည်။

သို့သော်… မသိကျိုးကျွန်ပြုကာ နေလိုက်လေသည်။

နဂါးစိမ်းဂိုဏ်းသားများသည် ဆိုင်လုလင်နှင့် ဆိုင်ရှင်အဘိုးအိုတို့အား ချက်ချင်းဝန်းရံထားလိုက်ကြလေသည်။

"မင်း… မင်းတို့… "

ဆိုင်ရှင်အဘိုးအို ကြောက်ကြောက်လန့်လန့်ဖြင့် နောက်ဆုတ်လိုက်လေသည်။

အသားမည်းမည်း အဘိုးအို မဲ့ပြုံးပြုံးလိုက်သည်။

"မင်းသားလေးကို ဘယ်မှာဝှက်ထားသလဲ ပြောပါ… ဟုတ်ရင် ခင်ဗျားတို့ ဒုက္ခရောက်သွားလိမ့်မယ်… "

ဆိုင်ရှင်အဘိုးအို ခေါင်းငုံ့ထားလိုက်၏။

အသားမည်း အဘိုးအိုက နဂါးစိမ်းဂိုဏ်းသားများအား မျက်ရိပ်ပြလိုက်၏။

နဂါးစိမ်းဂိုဏ်းသားတစ်ယောက်သည် ရှေ့တိုးကာ ဆိုင်လုလင်အား ဓားဖြင့် ခုတ်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လုပ်ရပ်မှာ လျှင်မြန်လွန်းလှသည်ဖြစ်ရာ ဆိုင်လုလင် ရှောင်တိမ်းဖို့ အချိန်မရလိုက်ချေ။

ပြင်းထန်သောဓားခုတ်ချက်သည် သူ၏ခန္ဓာကိုယ်ပေါ်သို့ ကျရောက်သွားကာ...

"အား..."

စူးရှစွာ အော်ဟစ်ကာ လဲကျသွားလေတော့သည်။

"ယား..."

ဆိုင်ရှင်အဘိုးအို ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

ဆိုင်လုလင်၏ခန္ဓာကိုယ်မှာ လွင့်စဉ်လာသောသွေးများက သူ၏အဝတ်အစားပေါ်သို့ စဉ်သွား၏။

ဆိုင်ရှင်ကြောက်လန့်တကြားဖြစ်သွားသည်ကိုကြည့်ကာ အသားမည်းအဘိုးအို ရယ်မောလိုက်၏။

"ခင်ဗျား အလှည့်ပဲကျန်တော့တယ်..."

ဆိုင်ရှင်ခေါင်းငုံ့ထားလိုက်ပြန်သည်။

အသားမည်းအဘိုးအိုသည် ဆိုင်ရှင်အနီးသို့ချဉ်းကပ်ပြီး မေးလိုက်လေသည်။

"မင်းသားလေး ဘယ်မှာလဲ..."

"ကျုပ် မသိဘူး..."

ဆိုင်ရှင်က ငြင်းလိုက်၏။

"ခင်ဗျား သေချင်ပြီထင်တယ်..."

"ကျုပ်မှမသိတာ... ဘယ်လိုပြောရမလဲ..."

ဝူးရိက မသိမသာအကဲခတ်ကြည့်နေရာမှ ဆိုင်ရှင်၏ အသံသည် ထူးခြားမှုရှိနေသည်ဟု ထင်မှတ်လိုက်မိလေသည်။



"ခင်ဗျား တကယ်ပဲမပြောဘူးပေါ့..."

"ကျုပ် မသိဘူး..."

အသားမည်းအဘိုးအို မည်သို့ပင်မေးသည်ဖြစ်စေ ဆိုင်ရှင်က ဘူးကွယ်နေလေသည်။

အသားမည်းအဘိုးအို ဒေါပွသွား၏။

"ကောင်းပြီ... ခင်ဗျားရဲ့ဆန္ဒပြည့်ဝစေရမယ်..."

အနီးရှိ နဂါးစိမ်းဂိုဏ်းသားတစ်ယောက်ထံမှ ဓားကိုဆွဲယူကာ ဆိုင်ရှင်၏ရင်ဝကို ထိုးသွင်းရန် ဟန်ပြင်လိုက်၏။

ထိုအချိန်မှာပင်...

"ရပ်လိုက်..."

အော်ငေါက်သံတစ်ချက် ထွက်ပေါ်လာပြီး လူရိပ်တစ်ခုသည် ဆိုင်ထဲသို့ ခုန်ပျံဝင်ရောက်လာကာ နဂါးစိမ်းဂိုဏ်းသားများအား တိုက်ခိုက်လိုက်လေတော့သည်။

"ဟူး..."

လူရိပ်တစ်ခုသည် ဆိုင်အတွင်းသို့ မိုးခိုးတန်းပမာ ဝင်ရောက်လာပြီး တိုက်ခိုက်လိုက်လေသောကြောင့် စူးရှသောအော်ဟစ်သံများနှင့်အတူ နဂါးစိမ်းဂိုဏ်းသားများ ဖရိုဖရဲ ဖြစ်သွားကြတော့သည်။

"ဝုန်း..."

"အား..."

"အမယ်လေး..."

www.burmeseclassic.com

www.burmeseclassic.com



အသားမည်းအဘိုးအို အံ့ဩသွား၏။

"သွားစမ်း... "

သူ၏ရှေ့၌ ရှိနေသောဆိုင်ရှင်အား တွန်းထုတ်ပစ်ကာ ဝင်ရောက်တိုက်ခိုက်လာသူနှင့် ရင်ဆိုင်လိုက်၏။

တိုက်ခိုက်လာသူမှာ အလွန်အကျွံအလှပြင်ထားသော အမျိုးသမီးဖြစ်နေပါသည်။

အသားမည်းအဘိုးအိုသည် ထိုအမျိုးသမီးကိုမြင်သည့်အခါ အံ့ဩသွားလေသည်။

"မိန်းမလှဂေဟာက ဇိမ်မယ်ကျူးကျူးပါလား... နဂါးစိမ်းဂိုဏ်းကို အာခံရဲတာ နည်းတဲ့သတ္တိမဟုတ်ဘူး... ကဲ... ပြောစမ်းပါဦး... ဘာကိစ္စ သည်ကို ရောက်လာခဲ့ရတာလဲ... "

ဇိမ်မယ်ကျူးကျူးဆိုသည့် အမျိုးသမီး မဲ့ပြုံးပြုံးလိုက်လေသည်။

"ကျွန်မက မင်းသားလေးအတွက် လာခဲ့တာပါရှင်... "

"နေပါဦး... မင်းဟာ မင်းသားလေးနဲ့ ဘယ်လိုပတ်သက်နေလို့လဲ... ပြောစမ်းပါဦး... "

ကျူးကျူးက ရှင်းပြလိုက်၏။

"တစ်ခါတုန်းက ကျွန်မဖွင့်ထားတဲ့ ဇိမ်ခန်းကို လူရမ်းကားတွေလာပြီး နှောင့်ယှက်ခဲ့ကြဖူးတယ်... အဲဒီအချိန်မှာ မင်းသားလေး ရောက်လာပြီး ကူညီခဲ့လို့သာ ကျွန်မ အသက်ရှင်ခဲ့တာ... အသက်ကယ်ခဲ့တဲ့ကျေးဇူးရှိတာကြောင့် မင်းသားလေး ဒုက္ခရောက်နေတဲ့အခါမှာ ဘာပဲဖြစ်ဖြစ် ကူညီဖို့ ကျွန်မ ဆုံးဖြတ်လိုက်တာပါ... "



"ဪ... "

အဘိုးအို ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"ကျေးဇူးသိတတ်တဲ့စိတ်ကိုတော့ ချီးကျူးပါတယ်... ဒါပေမယ့် နဂါးစိမ်းဂိုဏ်းနဲ့ပတ်သက်နေတော့... မင်းအတွက် ကံကောင်းနိုင်တာ ဝမ်းနည်းစရာပဲ... "

ကျူးကျူးက အားကျုံမခံပြန်ပြောသည်။

"ကိစ္စမရှိဘူး... မင်းသားလေးအတွက် အသက်ပေးရမယ်ဆိုရင်လည်း ကျွန်မ နောက်ဆုတ်မှာမဟုတ်ပါဘူး... "

အဘိုးအိုသည် ကျူးကျူးအား စိုက်ကြည့်လိုက်သည်။

"ကောင်းပြီ... မင်း သေဖို့သာပြင်ထားပေတော့... "

စကားဆုံးသည်နှင့် ရှေ့သို့လှမ်းထွက်လာလေသည်။

ကျူးကျူးက ထိပ်တိုက်ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်လေသည်။

အဘိုးအိုက လက်ဝှေ့ယမ်းပြလိုက်၏။

"ကဲ... မင်းအတွက် အခွင့်အရေးပေးလိုက်မယ်... မင်းအရင်စပြီး တိုက်ခိုက်ပေတော့... "

ကျူးကျူးကလည်း ငြင်းဆန်ခြင်းမပြုဘဲ စတင်တိုက်ခိုက်လိုက်လေတော့သည်။

ကျူးကျူးသည် ကံအကြောင်းမလှသဖြင့် ဇိမ်မယ်တစ်ယောက်ဖြစ်ခဲ့သော်လည်း သိုင်းပညာတတ်မြောက်ထားလေသည်။

သူမအား စွဲလမ်းခဲ့ဖူးသော သိုင်းသမားတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



သင်ကြားပေးခဲ့ခြင်း ဖြစ်သည်။

ကျူးကျူးသည် မင်းသားလေးအား ကယ်တင်ရန် သူမ၏ အသက်ကိုပင် စွန့်လွှတ်ဖို့ ဆုံးဖြတ်ထားပုံရသည်။

လက်ဝါးနှစ်ဖက်အသုံးပြုကာ ပြင်းထန်စွာ တိုက်ခိုက်လိုက်၏။

"ဟူး... ဟူး... ဟူး..."

သူမ၏လက်ဝါးရိပ်များသည် အဘိုးအို၏တစ်ကိုယ်လုံး ဖုံးလွှမ်းသွားလေသည်။

ကျူးကျူး၏လက်ချက်ကြောင့် အဘိုးအိုလဲကျသွားတော့မည်ဟုပင် ထင်မှတ်ရ၏။

ဝူးရိက တိုက်ပွဲကို အကဲခတ်ကြည့်နေ၏။

ရုတ်တရက် အဘိုးအိုသည် လက်ဝါးတစ်ဖက်ကိုဆန့်ထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

လက်ဝါးနှစ်ဖက်ဆုံတွေ့မိလိုက်သည်နှင့်...

"ဝုန်း..."

ကျယ်လောင်သောအသံထွက်ပေါ်လာသလို ကျူးကျူးသည် ညည်းတွားကာ နောက်ဘက်လွင့်စဉ်သွားတော့သည်။

သူမသည် ရုပ်ဆိုးအဘိုးအိုအား မယှဉ်နိုင်ဘဲ အရေးနိမ့်သွားခဲ့ပြီတကား။

ဝူးရိ ပင့်သက်ရှိုက်လိုက်မိလေသည်။

"ဟား... ဟား... ဟား..."

အဘိုးအိုက ရယ်မောလိုက်လေသည်။

"ဘယ်လိုလဲ... မင်း ဘာတတ်နိုင်သေးသလဲ..."



ကျူးကျူးက လဲကျနေရာမှ လူးလိမ့်ထလာသည်။

သူမ၏နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျနေ၏။

ကျူးကျူးသည် သွေးများကိုလက်ဖြင့်သုတ်ရင်း ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

အဘိုးအို ခေါင်းခါယမ်းလိုက်သည်။

"မင်း ဘာမှမတတ်နိုင်တော့ပါဘူးကွာ..."

ကျူးကျူး အံကြိတ်လိုက်၏။

"ကျီးကန်းကြီး... ရှင့်ကို ကျွန်မ မယှဉ်နိုင်ဘူးဆိုတာ ကျွန်မ သိပါတယ်... ဒါပေမယ့် မင်းသားလေးကို ကျေးဇူးဆပ်ဖို့ အသေခံပြီး တိုက်ခိုက်ရမှာပဲ..."

"မင်း သေချင်လို့လား..."

"ကြည့်ကြသေးတာပေါ့..."

ကျူးကျူးသည် အဘိုးအိုအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုအချိန်မှာပင်...

"ယား..."

ဆိုင်ရှင်က ညာသံပေးကာ အဘိုးအိုထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

"ရုပ်လိုက်စမ်း..."

"သေချင်ပြီထင်တယ်..."

နဂါးစိမ်းဂိုဏ်းသားများက ဟန့်တားတိုက်ခိုက်လိုက်ကြသည်။

အဘိုးအိုက လက်ဝှေ့ယမ်းလိုက်ရာ...

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း... "

"အား... "

"အမယ်လေး... "

စူးရှသော အော်ဟစ်သံများနှင့်အတူ နဂါးစိမ်းဂိုဏ်းသားများ အဝေးသို့လွင့်စဉ်သွားကြလေသည်။

ဆိုင်ရှင်သည် သိုင်းပညာတတ်မြောက်သူတစ်ယောက် ဖြစ်နေပါသည်။

ဆိုင်ရှင်သည် အဘိုးအိုထံသို့ ဆက်လက်ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပေသည်။

သို့သော်...

"သွားစမ်း... "

အဘိုးအိုက အော်ငေါက်ကာ လက်ဝှေ့ယမ်းလိုက်သည်နှင့်

"ဝုန်း... "

ဆိုင်ရှင်မှာ မယှဉ်နိုင်ဘဲ အဝေးသို့ လွင့်စဉ်သွားတော့သည်။

ဆိုင်ရှင်ကော ကျူးကျူးပါ အဘိုးအိုအား မယှဉ်နိုင်ဘဲ အရေးနိမ့်သွားပြီ ဖြစ်လေသည်။

"ဟား... ဟား... ဟား... "

အဘိုးအိုက ဟားတိုက်ရယ်မောလိုက်၏။



"မင်းသားလေးရဲ့သစ္စာခံတွေ... ခုတော့ ဘာတတ်နိုင်ကြသေးလဲ... ကဲ... မင်းသားလေး ဘယ်မှာလဲ... ပြောစမ်း... မင်းတို့ကို အသက်ချမ်းသာပေးလိုက်မယ်... "

ကျူးကျူးက အံကြိတ်ထားသလို ဆိုင်ရှင်က ဘာမျှမပြောဘဲ နေလေသည်။

အဘိုးအို မကျေမနပ်ဖြစ်သွား၏။

"မင်းတို့ မပြောဘဲနေလို့ကော ကျုပ်က မင်းသားလေးကို တွေ့အောင် မရှာနိုင်ဘူးများ ထင်နေသလား... ဟေ့... တစ်ဆိုင်လုံး မွှေနှောက်ရှာကြစမ်း... "

သူက အမိန့်စကားကြားသည်နှင့် နဂါးစိမ်းဂိုဏ်းသားများသည် ချက်ချင်းပင် တစ်ဆိုင်လုံး မွှေနှောက်ရှာဖွေကြလေတော့သည်။

ဆူဆူညံညံအသံများ ထွက်ပေါ်လာလေသည်။

ပန်းကန်ခွက်ယောက်များ စားပွဲကုလားထိုင်များ ကျိုးပဲ့ကွဲကြေသွားသောအသံများ ထွက်ပေါ်လာလေသည်။

ဝူးရိက မလှုပ်မယှက်ထိုင်နေသည်။

ဆိုင်ထဲမှ အဖြစ်အပျက်များသည် သူနှင့်လားလားမျှ ဆိုင်သည့်အလား။

အဘိုးအိုသည် ဝူးရိအား မျက်မှောင်ကုတ်ကာ ကြည့်လိုက်လေသည်။

ဝူးရိနှင့် မျက်လုံးချင်းဆုံမိလိုက်၏။

အဘိုးအို မျက်မှောင်ကုတ်သွား၏။

နဂါးစိမ်းဂိုဏ်းသားများသည် အဘိုးအိုအနီးသို့ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာလေသည်။

"ကျွန်တော်တို့နေရာအနှံ့ လိုက်ရှာပြီးပါပြီ... အစအနတောင် မတွေ့ရပါဘူး... "

"မင်းသားလေး ထွက်ပြေးသွားပြီ ထင်ပါတယ်... "

တစ်ယောက်တစ်ပေါက် ပြောလိုက်ကြလေသည်။

"ဟား... ဟား... ဟား... "

အဘိုးအိုက ဟားတိုက်ရယ်မောလိုက်ပြန်သည်။

"မင်းသားလေး ထွက်ပြေးတိမ်းရှောင်သွားပြီတဲ့လား— ဟား... ဟား... ဟား... သူက ဒဏ်ရာရသွားပြီပဲ... ဘယ်လိုလုပ်ပြီး ဝေးဝေးပြေးနိုင်မှာတဲ့လဲ... "

သူက ဆိုင်ရှင်နှင့် ကျူးကျူးတို့အား စိုက်ကြည့်လိုက်၏။

"ကဲ... မင်းသားလေး ဘယ်မှာလဲဆိုတာ ပြောပါ... မင်းတို့ကို အသက်ချမ်းသာပေးမယ်... "

"ကျွန်မကို သတ်ပစ်လိုက်... "

ကျူးကျူးက အော်လိုက်လေသည်။

ဆိုင်ရှင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ကျုပ်ကို သတ်ပစ်လိုက်... "

အဘိုးအိုဒေါပွသွားသည်။

"ကောင်းပြီ... မင်းတို့ သေချင်တယ်ဆိုရင် သေရစေမယ်"

ချက်ချင်းပင် ရှေ့တိုးကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ကျူးကျူးနှင့် ဆိုင်ရှင်တို့သည် အဘိုးအို၏လက်ချက်ဖြင့် သေဆုံးသွားရတော့မည် ဖြစ်လေသည်။



ဝူးရီ မနေနိုင်တော့ပါချေ။

ထိုင်ရာမှ ထရန်ဟန်ပြင်လိုက်စဉ်မှာပင် ထူးခြားသော အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာလေသည်။

"ဝုန်း... "

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ ခေါင်မိုးပေါ်၌ အပေါက်ကြီးတစ်ပေါက်ဖြစ်သွားပြီး လူတစ်ယောက် ခုန်ဆင်းလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ရုတ်တရက် ခေါင်မိုးပေါ်မှ လူတစ်ယောက်ခုန်ဆင်းလာခြင်းကြောင့် နဂါးစိမ်းဂိုဏ်းသားများ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေသည်။

အားလုံး လက်နက်ကိုယ်စီဆွဲကာ တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ကြ၏။

အဘိုးအိုလည်း နောက်သို့ခြေတစ်လှမ်း ဆုတ်လိုက်လေသည်။

ဝူးရီက ခေါင်မိုးပေါ်မှ ခုန်ဆင်းလာသူကိုကြည့်လိုက်လျှင် သူတွေ့လိုနေသော မင်းသားလေးစန်းတုံးအား တွေ့မြင်လိုက်ရလေတော့သည်။

မင်းသားလေးစန်းတုံး ရောက်ရှိလာပြီဖြစ်ပါသည်။

စန်းတုံးသည် အဖြူရောင်အဝတ်အစားများ ဝတ်ထား

www.burmeseclassic.com

www.burmeseclassic.com



ပြီး တကယ့်မင်းသားလေးတစ်ယောက်ပမာ ရှိနေ၏။

သို့သော်…

သူ၏မျက်နှာဖြူဖပ်ဖြူလျော်ဖြစ်နေကာ စိမ်းဖန့်ဖန့် အရောင်တချို့ရှိခြင်းကြောင့် အတွင်းဒဏ်ပြင်းထန်စွာ ရထားကြောင်း ထင်ရှားနေပါတော့သည်။

ဗူးရီ ရင်ထိတ်သွား၏။

"မင်းသားလေး ဒဏ်ရာရထားတာ အမှန်ပဲ… "

မင်းသားလေးစန်းတုံး ရောက်ရှိလာသည်ကိုမြင်သည့်အခါ အဘိုးအိုက ဟားတိုက်ရယ်မောလိုက်လေသည်။

"ဟား… ဟား… ဟား… မင်း အခုတော့ ဘာတတ်နိုင်သေးလဲ… ပုန်းမနေနိုင်ဘဲ ထွက်လာရပြီမဟုတ်လား… "

စန်းတုံးက တည်ကြည်သော်မျက်နှာထားဖြင့် ပြောလေသည်။

"ခင်ဗျားဟာ နန်းကင်းက နာမည်ပျက်နဲ့သတင်းကြီးနေတဲ့ ကျိုးကန်းကြီးပုထို မဟုတ်လား… နဂါးစိမ်းဂိုဏ်းနဲ့ပေါင်းမိတာ မဆန်းတော့ပါဘူးလေ… ဒါပေမယ့် ကျုပ်ဆီကိုလိုက်လာရဲတာတော့ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းနေပြီ… "

ပုထို ဆိုသည့် အဘိုးအိုက ပခုံးတွန့်လိုက်သည်။

"မင်းသားလေးက ဒဏ်ရာရမထားဘူးဆိုရင်တော့ တစ်မျိုးပေါ့လေ… ခုချိန်မှာ ကျုပ်တောင် လာစရာမလိုတဲ့အခြေအနေ ရောက်နေပြီ မဟုတ်လား… "

"ခင်ဗျား မှားနေပြီ… "

"ဟား… ဟား… ဟား… "



"ကျုပ်က လက်တစ်ဖက် အသုံးမပြုနိုင်တော့ပေမယ့်… ခင်ဗျားကိုတော့ ဆုံးမနိုင်ပါသေးတယ်… "

မင်းသားလေးစန်းတုံး၏စကားကြားလိုက်ရသောအခါ ဗူးရီ ရင်ထိတ်သွားပြီး သေသေချာချာကြည့်လိုက်လေသည်။

ထိုအခါ…

မင်းသားလေးစန်းတုံး၏လက်နှစ်ဖက်တွင် ယာဘက်လက်သာရှိနေပြီး ဝဲဘက်လက်မရှိဘဲ အင်္ကျီလက်သာလျှင် တွဲလွဲကျနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

မင်းသားလေးစန်းတုံး၏လက်တစ်ဖက် ဆုံးရှုံးသွားခဲ့ပြီတကား။

"ဟာ… "

ဗူးရီ လွှတ်ခနဲ အော်လိုက်မိလေသည်။

သူ၏အသံကြောင့် စန်းတုံးက လှည့်ကြည့်လာ၏။

ဗူးရီကိုမြင်လျှင် မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

ချက်ချင်းပင် မျက်နှာလွှဲလိုက်ပြီး ကျိုးကန်းကြီးပုထိုအား ပြောလိုက်လေသည်။

"ကျုပ်ကိုလိုချင်တယ်ဆိုရင် လိုက်ခဲ့ပေတော့… "

ထို့နောက် ကြမ်းပြင်ပေါ် ခြေဆောင့်ကာ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ခုန်ထွက်သွားလေသည်။

"ဟူး… "

စန်းတုံးသည် ခေါက်ဆွဲပြုတ်ဆိုင်လေးအပြင်ဘက်သို့ ရောက်ရှိသွားသည်နှင့်…

"မပြေးနဲ့… "

www.burmeseclassic.com

www.burmeseclassic.com



ပုထိုက အော်ဟစ်ကာ ပြေးလိုက်သွားလေသည်။

နဂါးစိမ်းဂိုဏ်းသားများလည်း ဩသံပေးကာ လိုက်သွားကြလေသည်။

ကျူးကျူးနှင့် ဆိုင်ရှင်တို့ ငွေငွေကြီးဖြင့် ကျန်ရစ်ခဲ့၏။

သို့သော် သူတို့ချက်ချင်း သတိဝင်လာကြ၏။

"မင်းသားလေး ဒဏ်ရာရထားတယ်... သည်အတိုင်း လွှတ်ထားလို့ မဖြစ်ဘူး..."

"ဟုတ်တယ်... ကျုပ်တို့လိုက်သွားမှဖြစ်မယ်..."

နှစ်ယောက်သား ပြတင်းပေါက်မှ တစ်ဆင့် အပြင်ဘက် ခုန်ထွက်လိုက်သွားကြလေတော့သည်။

မြို့ပြင်တွင် ရောင်စုံပန်းများ ဖူးပွင့်နေသော လှပသည့် တောင်ကုန်းလေးတစ်ခု ရှိလေသည်။

မင်းသားလေးစန်းတုံးသည် တောင်ကုန်းလေးပေါ်သို့ ရောက်သည့်အခါ ခြေလှမ်းရပ်လိုက်သည်။

"ဟူး... ဟူး... ဟူး..."

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာလေသည်။

ပုထို ဦးဆောင်သော နဂါးစိမ်းဂိုဏ်းသားများသည် တောင်ကုန်းလေးပေါ်သို့ ရောက်ရှိလာပြီး စန်းတုံးအား ဝိုင်းရံ လိုက်ကြလေသည်။

စန်းတုံးက မလှုပ်မယှက် ရပ်နေလိုက်၏။

လေဝှေ့ယမ်း တိုက်ခတ်လာသည်။



ပုထိုက မဲပြုံးပြုံးလိုက်သည်။

"မင်းသားလေး ပြေးလို့မလွတ်တော့ပါဘူး..."

သူ၏လူများကို လက်ဝှေ့ယမ်းပြလိုက်ရာ...

"ယား..."

နဂါးစိမ်းဂိုဏ်းသားများသည် ဩသံပေးကာ စန်းတုံးထံ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

စန်းတုံးက မလှုပ်မယှက်ရပ်နေဆဲ...

နဂါးစိမ်းဂိုဏ်းသားများ သူ၏အနီးသို့ ရောက်သွားချိန်တွင်...

"ဟူး... ဟူး..."

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ လူရိပ် နှစ်ခု ရောက်ရှိလာပြီး နဂါးစိမ်းဂိုဏ်းသားများအား တိုက်ခိုက် လိုက်လေသည်။

"ဝုန်း..."

"အား..."

"အမလေး..."

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာကာ နဂါးစိမ်း ဂိုဏ်းသားများ ဖရိုဖရဲဖြစ်သွားလေတော့သည်။

"တောက်..."

ပုထို မကျေမနပ် ဖြစ်သွားသည်။

ဝင်ရောက်တိုက်ခိုက်လာသူ နှစ်ယောက်ကား ကျူးကျူး နှင့် ဆိုင်ရှင်တို့ ဖြစ်နေပေသည်။

"မင်းတို့ တော်တော်သတ္တိကောင်းနေပါလား..."

www.burmeseclassic.com

www.burmeseclassic.com



ပုထိုသည် ကျူးကျူးတို့ထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ကျူးကျူးနှင့် ပုထိုတို့ကလည်း သတိကြီးစွာထား၍ ခုခံရင်ဆိုင်လိုက်ကြလေသည်။

သူတို့နှစ်ယောက် ပူးပေါင်း ရင်ဆိုင်လိုက်ကြသော်လည်း ပုထိုအား မယှဉ်နိုင်ဘဲ ဖြစ်သွားကြ၏။

ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်နှင့်...

"ဝုန်း..."

"အမလေး..."

ဆိုင်ရှင်နှင့် ကျူးကျူးတို့ အဝေးသို့ လွင့်စဉ်သွားကြလေသည်။

"ဟား... ဟား... ဟား..."

ပုထိုက ဟားတိုက်ရယ်မောလိုက်ပြီး ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

"ရပ်လိုက်..."

စန်းတုံးက ဟန့်တားလိုက်လေသည်။

ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သည်နှင့် ပုထို၏ [illegible] သို့ ရောက်ရှိသွားပြီး တစ်ဖက်တည်းသာရှိသော ယာဘက်လ[illegible] ဖြင့် တိုက်ခိုက်လိုက်လေသည်။

ပုထိုက လက်ဝါးနှစ်ဖက်ကို ပူးကပ်ကာ ပြန်လည် [illegible] ဆိုင်လိုက်၏။

"ဝုန်း..."

ပုထိုမှာ နောက်သို့ ခြေသုံးလှမ်းမျှ ဆုတ်သွား၏။



စန်းတုံးမှာ မြေပေါ်ဖုတ်ခနဲ လဲကျသွားလေသည်။

"ဟား... ဟား... ဟား..."

ပုထိုက ဟားတိုက်ရယ်မောပြီး ရှေ့သို့ တိုးသွား၏။

"မင်းသားလေး... နဂါးစိမ်းဂိုဏ်းရဲ့လက်ထဲက မလွတ်နိုင်ဘူးဆိုတာ နားလည်ထားစမ်းပါ... နဂါးစိမ်းဂိုဏ်းကို ထိပ်သီးသိုင်းသမားကြီးတွေကတောင် အာမခံရဲကြဘူး... မင်းသားလေးက အာခံချင်တာ ကိုယ့်သေတွင်း ကိုယ်တူးတာပဲ... ကဲ... မင်းသားလေးကို နှုတ်ဆက်လိုက်ပါတယ်..."

စကားဆုံးလျှင် စန်းတုံး၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

မင်းသားလေးကား ပုထို၏လက်ချက်ဖြင့် သေဆုံးသွားရတော့မည် ဖြစ်လေသည်။

"ရပ်လိုက်..."

ဟန့်တားသံ ထွက်ပေါ်လာလေသည်။

လူရိပ်တစ်ခုသည် ခုန်ဝင်လာပြီး ပုထိုအား တိုက်ခိုက်လိုက်လေတော့သည်။

"ဟွး... ဟွး..."

"ဝုန်း..."

"အား..."

လေပြင်းမုန်တိုင်း တိုက်ခတ်သည့်အလား ပြင်းထန်သော တိုက်ခိုက်မှုကြောင့် ပုထိုသည် ခုခံရန်ကြိုးစားနေရင်း [illegible] နောက်

www.burmeseclassic.com

www.burmeseclassic.com



သို့ တစ်ဆက်တည်း ဆုတ်ပေးလိုက်ရလေသည်။

ထို့အပြင်...

လှိုင်းလုံးကြီးများသဖွယ် အဆက်မပြတ် တိုးဝင်လာသော ပြင်းထန်သည့် တိုက်ခိုက်မှုများကို မည်သို့မျှ ရင်မဆိုင်နိုင်တော့ဘဲ...

"ဝုန်း... "

ခြေကားလျား လက်ကားလျားဖြင့် အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

စန်းကုံးသည် ပုထိုအား ကြားဝင်တိုက်ခိုက်ကာ သူ၏အသက်ကို ကယ်တင်လိုက်သူအား ကြည့်လိုက်လေသည်။

ထိုလူမှာ ဝူးရီ ဖြစ်နေ၏။

"ဟင်... ခင်ဗျား... ခင်ဗျား... "

ဝူးရီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... မင်း သည်လောက် ဒုက္ခရောက်နေလိမ့်မယ်လို့ ကျုပ် မထင်မိဘူး... "

စန်းတုံးက တစ်ဖက်သို့ လှည့်နေလိုက်လေသည်။

ပုထိုက လဲကျနေရာမှ ခုန်ထလာသည်။

ဝူးရီအား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"မင်း... မင်း ဘယ်သူလဲ... "

ဝူးရီ ပြုံးလိုက်သည်။

"ကျုပ်က ဝူးရီပါဗျာ... "

"ဘာ... မင်း... မင်းဟာ သွေးအေးဝူးရီ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ... "



"မင်း... မင်း... "

ပုထိုက နောက်ဆုတ်လိုက်လေသည်။

ဝူးရီက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

"ခင်ဗျား လူတွေခေါ်ပြီး... သည်နေရာက အမြန်ဆုံးထွက်သွားရင် ကောင်းမယ်... "

ပုထို အံကြိတ်လိုက်သည်။

"စန်းတုံးတော့ ခံလိုက်ရပြီ... ဝူးရီမင်းလည်း မလွယ်ပါဘူး... နဂါးစိမ်းဂိုဏ်းက မင်းကို ချမ်းသာပေးမှာ မဟုတ်ဘူး... မင်း ကြပ်ကြပ်သတိထားပါ... "

စကားဆုံးသည်နှင့် နဂါးစိမ်းဂိုဏ်းသားများအား လက်ဆွဲယမ်းပြလိုက်ပြီး တောင်ကုန်းလေးပေါ်မှ ပြေးဆင်းသွား၏။

နဂါးစိမ်းဂိုဏ်းသားများလည်း ပြေးလွှားလိုက်ပါသွားကြလေတော့သည်။

ပုထိုနှင့် နဂါးစိမ်းဂိုဏ်းသားများ ထွက်သွားကြပြီဖြစ်သည်။

ယခုမှ ကျူးကျူးနှင့် ဆိုင်ရှင်တို့ သက်ပြင်းချနိုင်ကြလေသည်။

ဝူးရီ ရောက်လာသဖြင့် သူတို့အသက်ဘေးမှ လွတ်မြောက်လာခဲ့ကြပြီ မဟုတ်ပါလား။

ကျူးကျူးက ဝူးရီအား ဦးညွှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရဲ့အသက်ကို ကယ်တင်တဲ့အတွက်မင်းရဲ့ကျေးဇူးကို မမေ့ပါဘူး... "

"ဟုတ်ပါတယ်ကွယ်... "

ဆိုင်ရှင်ကလည်း ထောက်ခံပြောဆိုလိုက်လေသည်။

ပူးရီ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ကို ကျေးဇူးတင်စရာ မလိုပါဘူး... ခင်ဗျားတို့ဟာ ကျေးဇူးတရားကို သိတတ်တဲ့အတွက် ခုလို ကြုံတွေ့ရတာလို့ပဲ သဘောထားကြပါ... "

ဆိုင်ရှင်သက်ပြင်းချလိုက်လေသည်။

"ကျုပ်ကို မင်းသားလေးက ကူညီခဲ့ဖူးတယ်... အင်း... ကျုပ်က မင်းသားလေးရဲ့ ကျေးဇူးကိုသိတတ်လို့... အသက်ပေးကာကွယ်စောင့်ရှောက်ဖို့ ကြိုးစားခဲ့တာပါ... မင်း ပြောသလိုပါပဲလေ... "

ပူးရီကျ မင်းသားလေးအား လှမ်းကြည့်လိုက်လေသည်။

စန်းတုံး၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

ပူးရီကလည်း စန်းတုံးထံသို့ လှမ်းသွားလိုက်၏။

စန်းတုံးက ချက်ချင်းကျောခိုင်းထားလိုက်လေသည်။

"မင်း... ခုလို ကြုံတွေ့ရလိမ့်မယ်လို့ ကျုပ် မထင်ဘူး"

ပူးရီက ပြောလိုက်သောအခါ စန်းတုံး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

"နဂါးစိမ်းဂိုဏ်းဟာ အတော့်ကို ကြောက်စရာကောင်းပြီး... သိုင်းလောကကို ဖျက်ဆီးပစ်မယ့်အဖွဲ့အစည်းတစ်ခုဆိုတာ ကျုပ် လက်ခံပါပြီ... "



စန်းတုံး ပင့်သက်ရှိုက်လိုက်သည်။

"နဂါးစိမ်းဂိုဏ်းကြောင့် သိုင်းလောကပျက်စီးသွားရင် ကျုပ်တို့က သိုင်းပညာကို ဝါသနာပါနေတာ ဘာများအဓိပ္ပာယ်ရှိနေဦးမှာလဲ... သိုင်းလောကနဲ့ သိုင်းပညာဆိုတာ ခွဲခြားလို့မှ မရနိုင်တာဘဲ... "

ပူးရီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... သိုင်းလောကရှိမှ သိုင်းပညာဆိုတာလည်း အဓိပ္ပာယ်ရှိမယ်ဆိုတာ ကျုပ် သဘောပေါက်ပါပြီ... "

စန်းတုံးက ပူးရီကို လှည့်ကြည့်လိုက်လေသည်။

နှစ်ယောက်သား အကြည့်ချင်းဆုံမိလိုက်ကြသည်။

ပူးရီမျက်ဝန်းအစုံမှ ရွှန်းလွှေးသော အငွေ့အသက်များ ထွက်ပေါ်နေသည်ကို စန်းတုံး သတိပြုမိလိုက်လေသည်။

ပူးရီ ပြုံးလိုက်၏။

စန်းတုံးက ချက်ချင်း ခေါင်းငုံ့ထားလိုက်သည်။

"ကျုပ်က ခင်ဗျားကို ကျေးဇူးတင်ပါတယ်... ဒါပေမယ့်"

သူ့စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ပူးရီ လက်ဝှေ့ယမ်းပြလိုက်၏။

"ကျုပ်တို့အချင်းချင်းတွေပဲ... ကျေးဇူးတင်တယ်ဆိုတဲ့စကားကို ပြောဖို့မလိုပါဘူးဗျာ... "

စန်းတုံးက ခေါင်းမော့ကြည့်လာ၏။

"ခင်ဗျားက ကျုပ်ကို မိတ်ဆွေတစ်ယောက်လို သဘောထားတယ် ဟုတ်လား... "

"ဟုတ်တယ်... မင်းဟာ လောကပေါ်မှာ ကျုပ်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ခင်မင်စရာ အကောင်းဆုံး မိတ်ဆွေတစ်ယောက်ပါပဲ... ”

“ဟား... ဟား... ဟား... ”

ဝူးရီ၏စကားအဆုံးတွင် စန်းတုံးက ကောက်ကာငင်ကာ ရယ်ချလိုက်လေသည်။

ဝူးရီ ကြောင်အမ်းအမ်း ဖြစ်သွား၏။

“ဘာဖြစ်လို့လဲဗျ... ”

“ကျုပ်ကတော့ ခင်ဗျားကို မိတ်ဆွေတစ်ယောက်လို သဘောမထားနိုင်တော့ပါဘူး... ”

“ဟင်... ”

ဝူးရီ ပိုရှုံ့အံ့သြသွား၏။

“မင်းသားလေး ဘယ်လိုပြောလိုက်တာလဲ... ”

“ရှင်းပါတယ်... ကျုပ်က ခင်ဗျားကို မိတ်ဆွေ တစ်ယောက်အဖြစ် သဘောမထားနိုင်ဘူးလို့ ပြောတာလေ... ”

“မင်းသားလေး ဘယ်လိုဖြစ်သွားတာလဲ... ”

“ကျုပ်လား... ”

စန်းတုံး မဲ့ပြုံးပြုံးလိုက်သည်။

“ကျုပ်ဟာ ဒုက္ခိတစ်ယောက် ဖြစ်နေပြီဆိုတော့... ကျုပ်ကို မိတ်ဆွေတစ်ယောက်အဖြစ် လက်ခံတာမျိုး မလိုလားတော့ပါဘူး... ”

ဝူးရီ လက်ကာပြလိုက်သည်။

“သည်လိုမဟုတ်ဘူး... ကျုပ်က... ”

“ဝူးရီ... ခင်ဗျား သွားပါတော့... ”

“ကျုပ်... ”



“ခင်ဗျား သွားပါတော့ဗျာ... ”

“ကျုပ်... ”

ဝူးရီ စိတ်မကောင်း ဖြစ်သွားလေတော့သည်။

“ခင်ဗျား မသွားဘူးဆိုရင်တော့... ကျုပ် သွားရလိမ့်မယ်... ကျုပ်နောက်ကို လိုက်လာဖို့ မကြိုးစားပါနဲ့... ”

စန်းတုံးက ချာခနဲ လှည့်ကာထွက်သွားလေသည်။

“မင်းသားလေး... ”

ဝူးရီက ချက်ချင်းလိုက်သွားရန် ဟန်ပြင်လိုက်၏။

သို့သော်...

ကျူးကျူးနှင့် ဆိုင်ရှင်တို့က ဟန့်တားလိုက်ကြ၏။

“ရပ်လိုက်... ”

ဝူးရီသည် ခပ်သွက်သွက် လှမ်းထွက်သွားနေသော စန်းတုံးကို လှမ်းကြည့်ကာ ပြောလိုက်သည်။

“ကျုပ်က မင်းသားလေး နောက်ကို လိုက်သွားမှဖြစ်မယ်... ”

ကျူးကျူး ခေါင်းခါယမ်းလိုက်သည်။

“ရှင် လိုက်သွားလို့ မဖြစ်ဘူး... ”

“ဟုတ်တယ်... မင်းသားလေး အတော့်ကို စိတ်ထိခိုက်နေတယ်... သူ့ကို နှိပ်စက်သလို ဖြစ်နေလိမ့်မယ်... ”

ဆိုင်ရှင်ကလည်း ဝင်ပြောလေသည်။

“ကျုပ်... ”

ဝူးရီသည် မည်သို့ပြောရမှန်းမသိ ဖြစ်သွား၏။

“ရှင် သွားပါတော့... ”

www.burmeseclassic.com

www.burmeseclassic.com



ကျူးကျူးက တောင်းပန်လေသည်။

ဝူးရီ ငိုင်သွားသည်။

"ခုချိန်မှာ မင်းသားလေးတစ်ယောက်တည်းနေတာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်… မင်းက သူ့ကိုကူညီခဲ့ပြီးပါပြီ သည်လောက်ဆိုရင် လုံလောက်ပါပြီ… မင်းသားလေးတစ်ယောက် တည်း နေပါစေတော့… "

ဆိုင်ရှင်၏စကားကို ဝူးရီ မလွန်ဆန်နိုင်အောင် ဖြစ်သွား၏။

လှမ်းကြည့်လိုက်သောအခါ စန်းတုံးမှာ တောင်ကုန်း လေးအောက်ဘက်သို့ ဆင်းသွားပြီး တရွေ့ရွေ့ဝေးသွားနေသည် ကို တွေ့ရလေသည်။

ဝူးရီ သက်ပြင်းချလိုက်ပြန်သည်။

"ကျုပ်ကို ခွင့်ပြုပါဦး… "

ကျူးကျူးက နှုတ်ဆက်ကာ စန်းတုံးနောက်သို့ လိုက် သွားလေသည်။

ဆိုင်ရှင်လည်း ချက်ချင်းလိုက်သွား၏။

တောင်ကုန်းလေးပေါ်၌ ဝူးရီတစ်ယောက်တည်း ငေး ငိုင်လျက် ကျန်ရစ်ခဲ့လေတော့သည်။

❀ ❀ ❀

## အနှုရာယ်အသွယ်သွယ်

ကောင်းကင်ပေါ်၌ မိုးသားတိမ်လိပ်များ ကင်းစင်သွား ဖြစ်ပါသည်။

ကြယ်ကလေးများ ဝင်းလက်တောက်ပနေသကဲ့သို့ လဝန်းလည်း ထိန်ထိန်သာနေသည်။

ကြယ်ရောင်လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေပေတော့သည်။

ဝူးရီသည် တောလမ်းကလေးအတိုင်း လျှောက်လှမ်းလာ ရင်း ကောင်းကင်ပေါ်မှ လဝန်းကို ငေးမောကြည့်လိုက်မိသည်။

သူ၏ရင်ထဲ ထူးခြားသော ခံစားချက်များ ဖြစ်ပေါ်လာ လေတော့သည်။

ယခင်ကဆိုလျှင်…

လသာသောညများ၌ တောင်ပေါ်တွင် လေ့ညင်းခံရင်း ပညာရပ်များအကြောင်းကိုသာ တွေးတောစဉ်းစားနေခဲ့သည်။

အခြားမည်သည့်ခံစားချက် ပယောဂမှ သူ့၌မရှိခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့...

ရင်ထဲ၌ မွှန်းကျပ်သော ဝေဒနာများ ခံစားနေရလေ
သည်။

လဝန်းတွင် မင်းသားလေးစန်းတုံး၏ပုံရိပ်ကို မြင်ယော
နေမိလေသည်။

စန်းတုံးသည် ရွက်ပုန်းသီးတစ်ယောက် ဖြစ်သည်။

သိုင်းပညာသည်သာ ဘဝတစ်ခုဟု ခံယူထားသည်။

နဂါးစိမ်းဂိုဏ်းကြောင့် စန်းတုံးလက်တစ်ဖက်မဲ့သော
ဒုက္ခိတဖြစ်သွားရသည်ကား ဝမ်းနည်းစရာ ကောင်းလှသည်။

"နဂါးစိမ်းဂိုဏ်းကို ဆက်ပြီးရှင်သန်ခွင့်ပေးထားရင် သိုင်း
ပညာကို တကယ်အရေးထားတဲ့လူတွေ နစ်မွန်းရတော့မှာပါလား"

ဝူးရိ တီးတိုးရေရွတ်လိုက်မိလေသည်။

ထိုစဉ်...

"မင်း မှားနေပြီ..."

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်
ရ၏။

ဝူးရိ လှည့်ကြည့်လိုက်သောအခါ လှမ်းလာနေသူ တ
ယောက်ကိုတွေ့လိုက်ရ၏။

ထိုလူမှာ ပုထို ဖြစ်လေသည်။

"ခင်ဗျားကိုး..."

ပုထို လက်ကာပြသည်။

"ကျုပ်က မင်းကို ရန်ပြုမှာ မဟုတ်ပါဘူး... ပြောစ
ရှိလို့ လာခဲ့တာပါ..."



ဝူးရိ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ... ပြောပါ..."

ပုထိုက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေ
သည်။

"နဂါးစိမ်းဂိုဏ်းက မင်းအပေါ် ဘယ်လိုမှ သဘော
မထားဘူးဆိုရင်ကော..."

"ဗျာ..."

မမျှော်လင့်သော စကားကြားလိုက်ရသဖြင့် ဝူးရိ အံ့အား
သင့်သွားလေသည်။

ပုထိုက ဆက်ပြောသည်။

"နဂါးစိမ်းဂိုဏ်းက မင်းသားလေးကိုပဲ လိုချင်တာ... မင်း
ကို လိုချင်တာ မဟုတ်ဘူး..."

"နေပါဦး... မင်းသားလေးကို လိုချင်ပြီး... ကျုပ်ကိုမလို
ချင်ဘူးဆိုတာက ဘာသဘောလဲ..."

ဝူးရိက မေးလိုက်သောအခါ ပုထိုက ရှင်းပြလိုက်လေ
သည်။

"မင်းသားလေးဟာ သိုင်းလောကကို လှုပ်လှုပ်ရှားရှား
ဖြစ်စေချင်နေတယ်... နဂါးစိမ်းဂိုဏ်းပေါ်ပေါက်လာတော့... သူ့
အတွက် အကြိုက်တွေ့သွားတယ်... ဒါပေမယ့်... နဂါးစိမ်းဂိုဏ်း
ကလည်း ဒုက္ခပေးနိုင်တဲ့သူကို အလွတ်မပေးနိုင်ဘူးပေါ့... သူဟာ
နဂါးစိမ်းဂိုဏ်းကို ဒုက္ခပေးမယ့်ရန်သူပဲ... မင်းကတော့ သိုင်း
လောကနဲ့ မပတ်သက်ဘဲ အေးအေးနေချင်တဲ့လူဆိုတော့... နဂါး
စိမ်းဂိုဏ်းဟာလည်း မင်းကို လျစ်လျူရှုထားလို့ ဖြစ်ပါတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရဲ့အကြောင်းပြချက်က ဒါပဲလား… "

"သည်ထက်ပိုပြီး ဘာများပြောစရာရှိသေးလို့လဲ… "

ဝူးရိက ပုထိုအား စိုက်ကြည့်လိုက်သည်။

"ကျုပ်က နဂါးစိမ်းဂိုဏ်းကို အံတုမယ်ဆိုရင်ကော… "

"မင်း… "

"စံနီးတုံး ဒုက္ခတဘာဝရောက်သွားရပြီးတဲ့နောက်မှာ ကျုပ်က နဂါးစိမ်းဂိုဏ်းကို ဖျက်ဆီးချေမှုန်းပစ်မယ်လို့ ဆုံးဖြတ်လိုက်တယ်… "

ပုထို ခေါင်းခါယမ်းလိုက်သည်။

"မင်း ဒုက္ခရောက်သွားမှာပေါ့… "

"ထိစရာမရှိဘူး… နဂါးစိမ်းဂိုဏ်းချုပ်ကို ပြောလိုက်ပါ… ကျုပ်က သူနဲ့တွေ့ချင်တယ်… "

ပုထို မဲ့ပြုံးပြုံးလိုက်သည်။

"စိတ်ချ… မင်းဟာ နဂါးစိမ်းဂိုဏ်းအတွက် အန္တရာယ်ဖြစ်လာမယ်ဆိုရင်တော့ ဂိုဏ်းချုပ်က လက်ပိုက်ကြည့်နေမှာမဟုတ်ပါဘူး… မင်းသားလေးကို ဆုံးမပြီးတာနဲ့ မင်းကို ချမ်းသာပေးမှာမဟုတ်ဘူး… "

"မဖြစ်သေးဘူးဗျ… "

ပုထို မျက်မှောင်ကုတ်သွားသည်။

"မင်း ဘာကိုဆိုလိုတာလဲ… "

"ကျုပ်က နဂါးစိမ်းဂိုဏ်းချုပ်နဲ့ သွားတွေ့မလို့ပါ… "

ပုထိုက ဝူးရိအား စိုက်ကြည့်လိုက်သည်။

ဝူးရိက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေ



သည်။

"ခင်ဗျား… ကျုပ်ကို နဂါးစိမ်းဂိုဏ်းချုပ်ဆီကိုခေါ်သွားရလိမ့်မယ်… "

"ဘာ… "

ဝူးရိက ရှေ့တိုးလိုက်သည်။

ပုထို ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ဝူးရိ ခေါင်းခါယမ်းလိုက်၏။

"ခင်ဗျား လက်မခံလို့ မရဘူး… "

"မင်း… မင်း… "

"နဂါးစိမ်းဂိုဏ်းချုပ်ဆီကို ခေါ်သွားရလိမ့်မယ်… "

ပုထို သက်ပြင်းချလိုက်လေသည်။

"သူ့ကိုတွေ့ချင်ရင်… မင်းသားလေးနောက်ကို လိုက်သွားပေတော့… "

"ဘာဗျ… "

"မင်းသားလေးကို ကူညီမယ့်လူတွေရှိနေလို့… သူ့ကို ဆုတ်သင်ရှင်းလင်းဖို့ နဂါးစိမ်းဂိုဏ်းချုပ်ဆီကို သူကိုယ်တိုင် သွားပြီ… "

ဝူးရိ ရင်ထိတ်သွားသည်။

"ခင်ဗျား တကယ်ပြောတာလား… "

"ကျုပ် ဘာကြောင့် လိမ်ပြောရမှာလဲ… "

"နဂါးစိမ်းဂိုဏ်းချုပ် ဘယ်မှာရှိသလဲ… "

"ကျုပ် မသိဘူး… "

ပုထိုက ငြင်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝူးရီက လက်မခံပါချေ။

"ခင်ဗျား သိကိုသိရမယ်... "

ပုထို ဘာမှမပြောဘဲနေလေသည်။

ဝူးရီက တိုက်ခိုက်ရန် အသင့်ပြင်လိုက်လေသည်။

"ခင်ဗျား မပြောဘူးဆိုရင်... ခင်ဗျားကို တိုက်ခိုက်ရလိမ့်မယ်... "

ပုထို စိတ်ပျက်သွားလေသည်။

"ကျုပ်က နဂါးစိမ်းဂိုဏ်းနဲ့ မပတ်သက်ဘဲ့ မင်းကိုလာပြောတာ... နဂါးစိမ်းဂိုဏ်းက မင်းကို ဒုက္ခပေးမှာ မဟုတ်ဘူး—မင်းက ဘာကြောင့် နဂါးစိမ်းဂိုဏ်းကို ဒုက္ခပေးချင်ရတာလဲ... "

"နဂါးစိမ်းဂိုဏ်းချုပ် ဘယ်မှာလဲ... "

ဝူးရီက သူသိလိုသောအချက်ကိုသာ တွင်တွင်မေးလေသည်။

ပုထို သက်ပြင်းချလိုက်သည်။

"မင်းသားလေးဟာ ငြိမ်းချမ်းဘုံကျောင်းမှာ ရှိ

တယ်... နဂါးစိမ်းဂိုဏ်းချုပ်က အဲ့သည်ကိုသွားလိမ့်မယ်... မင်း

တွေ့ချင်ရင် လိုက်သွားပေါ့... "

"ကောင်းပြီ... "

ဝူးရီသည် မင်းသားလေးစန်းတုံးနှင့် နဂါးစိမ်းဂိုဏ်းချုပ်

တို့ရှိနေသော နေရာကို သိလိုက်ရသဖြင့် ဝမ်းသာသွားလေသည်။

"ကျုပ် သွားတော့မယ်... "

ပုထိုက ထွက်သွားရန် ဟန်ပြင်လိုက်၏။

"ခင်ဗျား သွားလို့မရဘူး... "



"ဝူးရီက ဟန့်တားလိုက်လေသည်။

ပုထို ခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။

"မင်းက ဘာသဘောလဲ... "

"ကျုပ်က နဂါးစိမ်းဂိုဏ်းကို ချေမှုန်းပစ်မယ်လို့ ဆုံးဖြတ်ထားတယ်... "

"မင်း... "

"ခင်ဗျား သတိထားပါ... "

ဝူးရီက စတင်တိုက်ခိုက်လိုက်လေတော့သည်။

ငြိမ်းချမ်းဘုံကျောင်း...

ငြိမ်းချမ်းဘုံကျောင်းသို့ သွားရာလမ်းခရီး၌ တောင်ကြားလမ်းတစ်ခုရှိသည်။

မည်သူမဆို... ထိုတောင်ကြားလမ်းကို ဖြတ်သန်းပြီးမှသာလျှင် ငြိမ်းချမ်းဘုံကျောင်းသို့ ရောက်ရှိလိမ့်မည် ဖြစ်လေသည်။

ထို့ကြောင့်လည်း... ဝူးရီသည် တောင်ကြားလမ်းကလေးကို ဖြတ်သန်းခဲ့ရလေသည်။

ထိုတောင်ကြားလမ်းလေးသည် ရှည်လျားလှသည်တော့မဟုတ်ပါ။

သို့သော်...

အန္တရာယ်များပြည့်သိပ်နေသော တောင်ကြားလမ်းတစ်ခုဖြစ်နေပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီမှာ ကောင်းကင်ပေါ်သို့ တစ်စထက်တစ်စ မြင့်တက်လာလေသည်။

"အ... အ... "

ကောင်းကင်ပေါ်မှ ကျီးကန်းများက ပျံ့ဝဲကာ တအားအားအော်မြည်နေကြလေသည်။

ဝူးရိသည် တောင်ကြားလမ်းအတိုင်း ဖြတ်သန်းလာရင်း နဖူးပေါ်မှ စီးကျလာသော ချွေးများကို သုတ်ပစ်လိုက်ပြီးကောင်းကင်ပေါ် မော့ကြည့်လိုက်လေသည်။

ကျီးကန်းများ ပျံ့ဝဲနေသည်ကို တွေ့လိုက်ရသဖြင့် မကောင်းသော အတိတ်နိမိတ်များ ခံစားလာရလေသည်။

"မင်းသားလေးကို ကူညီဖို့ အချိန်မီပါ့မလား... "

စန်းတုံးအတွက် စိုးရိမ်စိတ်များ ဖြစ်ပေါ်လာလေသည်။

နဂါးစိမ်းဂိုဏ်းချုပ်က စန်းတုံးအား သုတ်သင်ရှင်းလင်းပစ်လိမ့်မည် ဖြစ်သည်။

မိမိနှင့် စန်းတုံးတို့သည် နဂါးစိမ်းဂိုဏ်းအတွက် ဆူးညှောင့် ခလုတ်ကန်သင်းများ ဖြစ်နေသည်ဟု ဝူးရိ နားလည်ထား၏။

စန်းတုံးထံ အရောက်သွားရန် ခြေလှမ်းအရှိန်ကို မြှင့်တင်လိုက်စဉ်မှာပင် ရှေ့ဆက်သွား၍မဖြစ်အောင် အဟန့်အတားတစ်ခုဖြစ်ပေါ်လာလေသည်။

အရှေ့ဘက်တစ်နေရာမှ လူတစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ထိုလူမှာ ခန္ဓာကိုယ်ပိန်ပိန်ပါးပါး ရှိပြီး လူမမာနှင့်တူသူဖြစ်လေသည်။



ပူအိုက်သော အချိန်ဖြစ်နေသည့်တိုင် သူ၏ခန္ဓာကိုယ်ပေါ်၌ ထူထဲသော ဂွမ်းကပ်အင်္ကျီ ဝတ်ဆင်ထားသည်။

အသက်ငါးဆယ်ကျော်ခန့်ရှိပြီး ချိုင့်ခွက်နေသော နားထင်နှစ်ဖက်နှင့် စူးရှတောက်ပသော မျက်လုံးများလည်း ရှိ၏။

ထိုလူမှာ ထိပ်သီးသိုင်းပညာရှင်တစ်ယောက်ဖြစ်ကြောင်း ဝူးရိ သတိပြုမိလိုက်၏။

ထိုလူသည် ဝူးရိ၏သွားရာလမ်းကို ပိတ်ကာရပ်လိုက်သည်။

"မင်း... ရှေ့ဆက်သွားချင်တယ်ဆိုရင်တော့... ငါ့ကိုကျော်ဖြတ်သွားနိုင်မှဖြစ်မယ်... "

ဝူးရိ ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ... ကျုပ်က ကျော်ဖြတ်သွားပါ့မယ်... ဒါပေမယ့် ဘာကြောင့်များ ကျုပ်ကို ဟန့်တားချင်ရသလဲဆိုတာ သိပါရစေဗျာ... "

"မင်းကို ရှေ့ဆက်မသွားစေချင်လို့ပေါ့... "

"ဩော်... မင်းသားလေးဆီကို ရောက်မသွားစေချင်လို့ပေါ့... ဟုတ်လား... "

ထိုအဘိုးအိုက ဘာမှမပြောဘဲ နေ၏။

ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းပင် မဟုတ်ပါလား။

ဝူးရိ မျက်မှောင်ကုတ်သွား၏။

"သည်လိုဆိုရင်... နဂါးစိမ်းဂိုဏ်းချုပ်ဟာ မင်းသားလေးဆီကို မရောက်သေးဘူးဆိုတာ ထင်ရှားနေတာပေါ့... "

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ကျင်းဖုံး၏လက်နက်ပုန်းလေးများသည် ဝူးရီအား ထိမှန်သွားလေတော့သည်။

"ဝုန်း... "

ဝူးရီမှာ မြေပေါ်သို့ ပြုတ်ကျသွားလေတော့သည်။

❀ ❀ ❀

"ဟား... ဟား... ဟား... "

ကျင်းဖုံး၏ အောင်မြင်သော ရယ်မောသံကြီး ထွက်ပေါ်လာလေသည်။

သူ၏လက်နက်ပုန်းများကို ဝူးရီ မရှောင်နိုင်ဘဲ မြေပေါ်လဲကျသွားပြီ မဟုတ်ပါလား။

"သိုင်းလောကမှာ ကျုပ်ရဲ့လက်နက်ပုန်းကို ရှောင်တိမ်းနိုင်တဲ့လူ မရှိသေးဘူး... "

ကျင်းဖုံးက ကျေနပ်စွာ ကြုံးဝါးလိုက်၏။ ထိုစဉ် ဝူးရီသည် မြေပေါ်မှ ရုတ်တရက် ခုန်ထလာပြီး လေထဲကျွမ်းပစ်ကာ ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

ဝူးရီ၏ လှုပ်ရှားမှုမှာ လျှပ်ပြက်သကဲ့သို့ လျင်မြန်လှပေသည်။

ကျင်းဖုံးကြောင်အမ်းအမ်း ဖြစ်သွား၏။

"မင်း... "

ဝူးရီက ယခုကဲ့သို့ ခုန်ထလာပြီး တိုက်ခိုက်နိုင်လိမ့်မည်ဟု မထင်မှတ်ခဲ့ပါချေ။

ထို့ကြောင့်လည်း ဝူးရီ၏ခြေထောက်ကန်ချက်ကိုမရှောင်



နိုင်အောင် ဖြစ်သွားလေတော့သည်။

"ဝုန်း... "

ကျယ်လောင်သော အသံထွက်ပေါ်လာကာ ကျင်းဖုံးမှာ အဝေးသို့ လွင့်စဉ်သွားတော့သည်။

ဝူးရီက ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ မြေပေါ်၌ မားမားမတ်မတ် ရပ်နေလိုက်လေသည်။

ကျင်းဖုံးလည်း လဲကျသွားရာမှ ခုန်ထလာသည်။

သူ၏နှုတ်ခမ်းထောင့်မှ ယိုစီးကျလာသော သွေးများကို သုတ်ရင်း...

"မင်း... မင်း ဘာမှမဖြစ်ဘူးလား... "

မယုံနိုင်စွာ မေးလေသည်။

ဝူးရီ ခေါင်းခါယမ်းလိုက်၏။

"ခင်ဗျားရဲ့လက်နက်ပုန်းပညာ မဆိုးပါဘူး... ကျုပ်ရဲ့ သိုင်းပညာ ဘယ်လောက်ကောင်းကောင်း ရှောင်နိုင်မှာမဟုတ်ပါဘူး... "

"ဒါဖြင့်... "

"ကျုပ် တောင်ပေါ်မှာနေစဉ်တုန်းက မိတ်ဆွေကောင်းတစ်ယောက်ရှိခဲ့တယ်... သူဟာ မုဆိုးတစ်ယောက်ဖြစ်တဲ့အတိုင်း ချားပါးလှတဲ့ ရေခဲတောင်ဝက်ဝံဖြူကြီးတွေကို ဖမ်းဆီးနိုင်ခဲ့တယ်... ဝက်ဝံဖြူအရေခွံနဲ့ ကျုပ်ကို အကျႌတစ်ထည် ချုပ်ပေးခဲ့တယ်... တောင်ပေါ်ဒေသရဲ့အအေးဒဏ်ကို ခံနိုင်အောင် သူက ရည်ရွယ်ခဲ့ပေမယ့်... သူရဲ့ဝက်ဝံဖြူအရေခွံအကျႌဟာ လက်နက်ပုန်းတွေ တိုးမပေါက်နိုင်တဲ့ အကာအကွယ်တစ်ခုလို ဖြစ်နေခဲ့

www.burmeseclassic.com

တော့… ကျုပ်အတွက် အသုံးဝင်သွားတာပေါ့… ”

“မင်းက… ”

ကျင်းဖုံးက မျက်နှာပျက်သွားလေသည်။

ဝူးရိက ဆက်ပြောလိုက်သည်။

“ကျုပ်က ခင်ဗျားကို ဖြတ်ကျော်သွားနိုင်မှာ သေချာပါတယ်ဗျာ… ”

ကျင်းဖုံးက ဘာမှမပြောတော့ဘဲ လက်နက်ပုန်းများ ပစ်လွှင့်တိုက်ခိုက်လိုက်လေသည်။

“ဝှစ်… ဝှစ်… ဝှစ်… ”

လက်နက်ပုန်းကလေးများသည် ဝူးရိထံသို့ တိုးဝင်သွား၏။

ဝူးရိက ရှောင်တိမ်းခြင်းမပြုဘဲ ရှေ့တိုးကာ ကျင်းဖုံးအား လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ကျင်းဖုံးမှာ ကပျာကယာ ခုခံလိုက်သော်လည်း နောက်ကျသွားလေသည်။

“ဝုန်း… ”

“အား… ”

စူးရှသော အသံတစ်ချက် ထွက်ပေါ်လာပြီး ကျင်းဖုံးမှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

အန္တရာယ်များလှသော တောင်ကြားလမ်းကလေးမှ ဝူးရိ ကျော်ဖြတ်နိုင်လာခဲ့ပြီ ဖြစ်လေသည်။



သိုင်းလောကထိပ်သီးသိုင်းသမားကြီးများအနက် သိုင်းဝညာအတော်ဆုံးဖြစ်သော ခရေပွင့်တောင်ကြားပိုင်ရှင်အား လျှပ်တစ်ပြက် တိုက်ခိုက်အနိုင်ယူနိုင်ခဲ့ပြီ ဖြစ်လေသည်။

အကယ်၍…

သူ၏ခန္ဓာကိုယ်ပေါ်၌ ရေခဲတောင်ဝက်ဝံဖြူအရေခွံဖြင့် ချုပ်ထားသော အင်္ကျီကိုသာ ဝတ်ဆင်ထားခြင်း မရှိခဲ့ပါလျှင် ခရေပွင့်တောင်ကြားပိုင်ရှင်အား မည်သည့်နည်းနှင့်မျှ ရင်ဆိုင်နိုင်မည် မဟုတ်ပါချေ။

ကံတရားက ဝူးရိဘက်မှ ဖေးမခဲ့သည်ဟု ဆိုရမည်ဖြစ်လေသည်။

ဝူးရိသည် တောင်ကြားထဲမှ ထွက်လာပြီး အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လိုက်၏။

မလှမ်းမကမ်း၌ သာယာလှပသော တောင်တန်းလေးတစ်ခုရှိနေပြီး ထိုတောင်တန်းလေးပေါ်၌ ကျောက်ဖြူများဖြင့် ဆောက်လုပ်ထားသော ဘုံကျောင်းလေးတစ်ခု ရှိနေသည်ကို တွေ့၏။

“ငြိမ်းချမ်းဘုံကျောင်း… ”

ဝူးရိက တီးတိုးရေရွတ်လိုက်သည်။

ထို့နောက် ဘုံကျောင်းဆီသို့ လှမ်းသွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်…

“ဟူး… ”

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာကာ လူရိပ်

www.burmeseclassic.com



တစ်ခုသည် လေ၏လျှင်မြန်ခြင်းမျိုးဖြင့် အနီးသို့ ရောက်ရှိလာပြီး ဝူးရီအား တိုက်ခိုက်လိုက်လေသည်။

ဝူးရီ ရင်ထိတ်ကာ ကမူးကယူး ရှောင်တိမ်းလိုက်သည့် တိုင် အနည်းငယ် နောက်ကျသွားသဖြင့်…

"ဝုန်း…"

ဒယီးဒယိုင်ဖြင့် ဝါးတစ်ရိုက်ခန့်အကွာသို့ လွင့်စဉ်သွား တော့သည်။

"ဟူး…"

ထိုလူရိပ်သည် ဝူးရီနောက်သို့ ထက်ကြပ်မကွာလိုက်လာ ပြီး တိုက်ခိုက်လိုက်ပြန်သည်။

ဝူးရီသည် လွင့်စဉ်သွားသည့်အရှိန်ဖြင့် မြေပေါ်ခြေ ဆောင့်ကာ အပေါ်သို့ခုန်တက် ရှောင်တိမ်းလိုက်လေသည်။

သူ၏ခန္ဓာကိုယ်သည် မီးခိုးတန်းပမာ အပေါ်သို့ တ တက်သွားကာ ရန်သူ၏တိုက်ခိုက်မှုမှ ပွတ်ကာသီကာ လွ ပြောက်သွားလေ၏။

"ဖျောင်း…"

"ဝုန်း…"

ရန်သူ၏ခြေထောက်ကန်ချက်သည် ဝူးရီကိုမထိဘဲ သ ကိုင်းတစ်ကိုင်းကို ထိမှန်သွားရာ သစ်ကိုင်းကျိုးကျသွားတေ သည်။

ဝူးရီသည် လေထဲ၌ တစ်ပတ်ကျွမ်းပစ်ကာ မြေပေါ် ဆင်းလိုက်သည်။

သူ့အား တိုက်ခိုက်ခဲ့သူက နောက်ကြောင်းပြန်လှည့်



ပြီး ဝူးရီထံ တစ်ရှူးထိုး ဝင်ရောက်တိုက်ခိုက်လိုက်၏။

ဝူးရီ မဲပြုံးပြုံးလိုက်သည်။

"သည်လို လွယ်လွယ်နဲ့မရတော့ပါဘူးဗျာ…"

ခန္ဓာကိုယ်ကို ဘေးတိုက်အနေအထားသို့ ဖျတ်ခနဲလှည့် ကာ ရန်သူ၏တိုက်ခိုက်မှုကို ပွတ်ကာသီကာ ရှောင်တိမ်းလိုက်ပြီး ခြေလက်များ အသုံးပြုကာ လျှင်မြန်သော အဟုန်ဖြင့် ပြန်လည် တိုက်ခိုက်လိုက်လေသည်။

ရန်သူမှာ သူ၏တိုက်ခိုက်မှု အရာမဝင်ဘဲ ဝူးရီ၏တိုက် ခိုက်မှုခံရတော့မည်ဖြစ်ကြောင်း ရိပ်မိသဖြင့် ဝဲဘက်သို့ခုန်ထွက် ကာရှောင်တိမ်းလိုက်၏။

ဤတွင်…

ရန်သူ၏လက်ဦးမှုယူကာ တိုက်ခိုက်မှုမှာ ပြီးဆုံးသွား လေတော့သည်။

ရန်သူသည် မလှမ်းမကမ်းသို့တိုင်အောင် ဆုတ်သွားပြီး မလှုပ်မယှက် ရပ်နေလိုက်၏။

ဝူးရီက အကဲခတ်ကြည့်လိုက်သည်။

ရန်သူမှာ အစိမ်းရောင်အဝတ်အစားများ ဝတ်ဆင်ထား ပြီး နဂါးတစ်ကောင်၏ ရုပ်ပုံပါသော မျက်နှာဖုံးစွပ်တစ်ခု စွပ်ထား လေသည်။

ဒေါသမာန်ဟုန် ပြင်းထန်သော နဂါးတစ်ကောင်နှင့်ပင် တူနေပေတော့သည်။

ဝူးရီ မျက်မှောင်ကုတ်သွားပြီးမှ…

"နဂါးစိမ်းဂိုဏ်းချုပ်…"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ လှတ်ခနဲရေရွတ်လိုက်လေသည်။

"ဟား... ဟား... ဟား... "

အစိမ်းရောင်ဝတ်ထားသူက ဟားတိုက်ရယ်မောလိုက်လေသည်။

"ဝူးရို... မင်း မဆိုးဘူး... ဒါပေမယ့်... မင်းသားလေးဆီကို ရောက်မယ်လို့တော့ မထင်နဲ့... "

"စိတ်ချ... ကျုပ်က စန်းတုံးဆီကို ရောက်သွားမှာပါ"

ဝူးရိုက အံကြိတ်ကာ ပြောလိုက်သည်။

ထို့နောက်...

"ခင်ဗျားက ဘာကြောင့်များ စန်းတုံးကို သည်လောက်တောင် သဲကြီးမဲကြီး ဖြစ်နေရတာလဲ... "

ဟူ၍ မေးလိုက်၏။

နဂါးစိမ်းဂိုဏ်းချုပ် ခေါင်းခါယမ်းလိုက်သည်။

"မင်း မှားနေပြီ... ကျုပ်က စန်းတုံးကို သဲကြီးမဲကြီးဖြစ်နေတာ မဟုတ်ဘူး... "

"ဘာဗျ... "

"စန်းတုံး ဒုက္ခရောက်သွားမှာကို မင်း မလိုလားဘူး မဟုတ်လား... "

ဝူးရို၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

"စန်းတုံး တစ်စုံတစ်ခုဖြစ်သွားမှ မင်းဟာ သိုင်းလောကနဲ့ ပတ်သက်လာမယ်... သိုင်းပညာအသုံးပြုလာမယ် မဟုတ်လား"

နဂါးစိမ်းဂိုဏ်းချုပ်က ဆက်ပြောလာသောအခါ ဝူးရို မျက်နှာပျက်သွားပြီး ပြန်မေးလိုက်လေသည်။



"ကျုပ်က သိုင်းပညာအသုံးပြုတာကို ခင်ဗျား မြင်ချင်တယ်ပေါ့... ဟုတ်လား... "

"ဟုတ်တယ်... "

"ခင်ဗျားနဲ့ကျုပ် ဘယ်လိုမှ ပတ်သက်စရာအကြောင်း မရှိဘူးထင်တယ်... "

နဂါးစိမ်းဂိုဏ်းချုပ် လက်ကာပြလိုက်သည်။

"သိုင်းလောကမှာ ထိပ်သီးသိုင်းသမားတွေအများအပြား ရှိကြပါတယ်... ဒါပေမယ့် ရှက်ပုန်းသီးတွေဖြစ်တဲ့ မင်းနဲ့စန်းတုံးတို့ရဲ့ ပညာက ပိုပြီးအစွမ်းထက်နေကြတယ်... သိုင်းလောကကို လွှမ်းမိုးချင်ရင် မင်းတို့နှစ်ယောက်ကို အရင်ဆုံး ရှင်းပစ်မှဖြစ်မယ်လို့ ကျုပ် နားလည်ထားတယ်လေ... "

ဝူးရို ပင့်သက်ရှိုက်လိုက်လေသည်။

နဂါးစိမ်းဂိုဏ်းချုပ်က ဆက်ပြောသည်။

"စန်းတုံးက သိုင်းလောကကို အားမလိုအားမရဖြစ်နေတယ်... သူ့ကို ဆုံးမဖို့လွယ်တာပေါ့... မင်းကတော့ သိုင်းလောကထဲ မဝင်ချင်ဘူးဆိုတော့... မင်းကို ဆုံးမဖို့ ကျုပ်အတွက် အခက်ကြုံနေရတာပေါ့... "

ဝူးရို ပခုံးတွန့်လိုက်သည်။

"ကျုပ်က သိုင်းပညာ အသုံးမပြုဘူးဆိုရင်... ကျုပ်ကို သုတ်သင်ရှင်းလင်းပစ်ဖို့... ခင်ဗျားအတွက် ပိုပြီးမလွယ်ကူဘူးလားဗျာ... "

နဂါးစိမ်းဂိုဏ်းချုပ်က လက်မခံပါချေ။

"ကျုပ်က သိုင်းပညာအသုံးမပြုတဲ့လူကို အနိုင်မယူချင်

www.burmeseclassic.com

www.burmeseclassic.com



ဘူး... "

"ခင်ဗျားဟာ... အတော်ထူးဆန်းတဲ့လူတစ်ယောက်ပဲ"

"မင်းမှားနေပြီ... ကျုပ်ဟာ သိုင်းလောကသားတစ်ယောက်ဖြစ်တယ်ဆိုတာကို မေ့ထားလို့ဘယ်ဖြစ်မလဲ... "

ဝူးရိ မျက်မှောင်ကြုတ်သွား၏။

"ခင်ဗျားရဲ့သဘောက ကျုပ်ရဲ့ပညာနဲ့ ခင်ဗျားရဲ့ပညာ ဘယ်သူကသာတယ်ဆိုတာကို သိချင်နေတယ် ဟုတ်လား... "

"ဒါ အမှန်ပဲဗျ... "

ဝူးရိ မယုံနိုင်အောင် ဖြစ်သွားလေသည်။

"ခင်ဗျားမှာ သည်လိုသဘောထားရှိမယ်လို့ ကျုပ် မမျှော်လင့်ခဲ့ဘူး... "

"ကျုပ်ဟာ သိုင်းလောကသားတစ်ယောက် ဖြစ်တယ်လို့ ပြောပြီးပြီလေ... "

"ကျုပ်နဲ့ယှဉ်ပြိုင်ချင်လို့ စန်းတုံးကို ဒုက္ခပေးလိုက်တာ ဟုတ်လား... "

"ဟုတ်တယ်... "

ဝူးရိ လက်ဝှေ့ယမ်းလိုက်သည်။

"ဒါတော့ မဖြစ်နိုင်ဘူး... "

"ဘာဖြစ်လို့လဲ... "

"စန်းတုံးကို အထင်သေးရင် မှားသွားမှာပေါ့... "

"ဟား... ဟား... ဟား... "

နဂါးစိမ်းဂိုဏ်းချုပ်က ရယ်မောလိုက်လေသည်။

"မင်းက စန်းတုံးကို အထင်ကြီးနေတာကိုး... သူဟာ



ကိုယ့်ကိုယ်ကို အထင်ကြီးနေတဲ့ စိတ်ဝင်နေတာတွေ... သိုင်းလောကမှာ လှုပ်ရှားမှုတွေ ဖြစ်လာအောင် လုပ်ချင်တဲ့စိတ်ရှိနေတယ်... ဒါဟာ သူ့ရဲ့အားနည်းချက်ပဲ... အားနည်းချက်ရှိတဲ့လူတစ်ယောက်ကို အနိုင်ယူဖို့လွယ်ပါတယ်... မင်းကတော့ အင်မတန် သွေးအေးတယ်ဆိုတော့... ကျုပ်က စန်းတုံးကို ငါးစာလုပ်ပြီး... မင်းကို ရှင်းပစ်ဖို့ ကြိုးစားရတော့တာပေါ့... "

နဂါးစိမ်းဂိုဏ်းချုပ်သည် အလွန်ကြောက်စရာကောင်းသူဖြစ်ကြောင်း ဝူးရိ သဘောပေါက်လိုက်လေသည်။

"ကျုပ်ကလည်း နဂါးစိမ်းဂိုဏ်းကို ချေမှုန်းပစ်မယ်လို့ ဆုံးဖြတ်ထားပါတယ်ဗျာ... "

"ဟား... ဟား... ဟား... ကျုပ်နဲ့ ရင်ဆိုင်မယ်ဆိုရင်... မင်းရဲ့ပညာအကုန်မှုဖြစ်မယ်နော်... "

"စိတ်ချ... ကျုပ် လေ့လာထားတဲ့ပညာတွေကို ခင်ဗျားတွေ့ရမှာပေါ့... "

"ကောင်းပြီ... သွေးအေးဝူးရိမှာ ဘယ်လိုလျှို့ဝှက်ပညာတွေရှိတယ်ဆိုတာ ကျုပ်သိချင်သေးတယ်... သတိသာ ထားပေတော့... "

စကားဆုံးသည်နှင့် နဂါးစိမ်းဂိုဏ်းချုပ်က စတင်တိုက်ခိုက်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## မင်းနဲ့ငါ

"ဒေါင်... ဒေါင်... ဒေါင်... "

တောင်ကုန်းလေးပေါ်ရှိ ငြိမ်းချမ်းဘုံကျောင်းမှ ချိုလွင်သာယာသော ခေါင်းလောင်းသံများသည် လေပြည်လေညင်းနှင့်အတူ လွင့်ပျံ့လာလေသည်။

တောက်ပသော နေရောင်ခြည်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

တောင်ကြားလမ်းလေးအပြင်ဘက် တောင်ကုန်းပေါ်သို့ သွားရာလမ်းပေါ်၌ ဝူးရီနှင့်နဂါးစိမ်းဂိုဏ်းချုပ်တို့ ရှိနေကြ၏။

နှစ်ယောက်သား ပတ်ဝန်းကျင် သာယာလှပမှုများကို အမှုမထားနိုင်အားဘဲ သူသေကိုယ်သေ ရင်ဆိုင်ရန် တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ် စိုက်ကြည့်နေကြ၏။

အဝေးမှ ငှက်ကလေးတစ်ကောင်၏ ချိုလွင်သော တေးသီသံများ ထွက်ပေါ်လာလေသည်။

"



ရုတ်တရက်...

"ဟေး... "

နဂါးစိမ်းဂိုဏ်းချုပ်က ဩသံပေးကာ စတင်တိုက်ခိုက်လာလေတော့သည်။

ဝူးရီက အသက်ပြင်းပြင်းရှူရှိုက်ကာ လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းထားလိုက်ပြီး ရှေ့သို့ တွန်းထုတ်လိုက်လေသည်။

နဂါးစိမ်းဂိုဏ်းချုပ်၏ တိုက်ခိုက်မှုမှာ အလွန်ပေါ့ပါး လျင်မြန်နေပြီး ဝူးရီ၏ ခုခံကာကွယ်မှုကား နှေးကွေးလေးလံနေသယောင်ရှိနေလေသည်။

သို့သော်...

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်...

"ဝုန်း... "

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ ဝူးရီက နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ရလေသည်။

ဝူးရီ မျက်မှောင်ကြုတ်သွား၏။

နဂါးစိမ်းဂိုဏ်းချုပ်သည် ထိပ်သီးသိုင်းသမားကြီးများအား အနိုင်ယူကာ ဩဇာညောင်းနိုင်ခဲ့သူ ဖြစ်သော်လည်း တစ်ကြိမ်ရင်ဆိုင်လိုက်သည်နှင့် သူက နဂါးစိမ်းဂိုဏ်းချုပ်အား ကောင်းစွာ ရင်ဆိုင်နိုင်မည်ဟု ယုံကြည်မိသဖြင့် အံ့ဩသွားရလေသည်။

နဂါးစိမ်းဂိုဏ်းချုပ်၏စကားသံ ထွက်ပေါ်လာလေသည်။

"ဝူးရီ... မင်း မဆိုးဘူး... သည်တစ်ခါ ကြိုးစားကြည့်ပါဦး... "

www.burmeseclassic.com

ချက်ချင်းပင် မြေပေါ်ခြေဆောင့်ကာ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

"ဟူး..."

နဂါးစိမ်းဝိုဏ်းချုပ်က အနီးသို့ရောက်လာပြီးလက်ဝါးနှစ်ဖက်ဖြင့် တရစပ်တိုက်ခိုက်လိုက်လေသည်။

သူတို့၏တိုက်ခိုက်မှုမှာ ကြောက်ခမန်းလိလိ ပြင်းထန်နေပါတော့သည်။

ပတ်ဝန်းကျင်တွင် လေတိုးသံများ တဟူးဟူးမြည်ဟီးကာ ဖုန်များ သဲများ ထသွားလေ့သည်။

ဝူးရှိနှင့် နဂါးစိမ်းဝိုဏ်းချုပ်တို့သည် တခဏအတွင်းမှာပင် သိုင်းကွက်ပေါင်း ငါးဆယ်ကျော် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြလေသည်။

ဝူးရှိသည် ယှဉ်ပြိုင်တိုက်ခိုက်ရင်း နဂါးစိမ်းဝိုဏ်းချုပ်၏တိုက်ကွက်များကို အံ့ဩလာလေသည်။

နဂါးစိမ်းဝိုဏ်းချုပ် အသုံးပြုသော သိုင်းကွက်များသည် သိုင်းလောကသားများ အသုံးပြုလေ့ရှိသော သိုင်းကွက်များနှင့် မတူဘဲ တမူထူးခြားနေ၏။

သိုင်းကွက်အသွင်သဏ္ဌာန်ကို အဓိကမထားဘဲ အနှစ်သာရကို အဓိကထားသော ဆေးစက်ကျရာ အရုပ်ထင်သကဲ့သို့ တိုက်ခိုက်လိုက်တိုင်း ထူးခြားသော တိုက်ကွက်များသည် ရှုထောင့်အသီးသီးမှ ထွက်ပေါ်လာလေတော့သည်။

နဂါးစိမ်းဝိုဏ်းချုပ်သည် သိုင်းပညာ၏သဘောတရားကို ကောင်းစွာနားလည် သဘောပေါက်ထားလေသည်။



နဂါးစိမ်းဝိုဏ်းချုပ်၏ သိုင်းကွက်များကို စတင်တွေ့ရစဉ်က အထင်ကြီးစရာ မရှိသော်လည်း တကယ်တမ်း ယှဉ်ပြိုင်တိုက်သောအခါမှ ကြောက်စရာကောင်းသူဖြစ်ကြောင်း နားလည်သဘောပေါက်လာရခြင်း ဖြစ်လေတော့သည်။

ဝူးရှိ မပေါ့ဆရဲတော့ဘဲ သတိကြီးစွာထားကာ ရင်ဆိုင်လိုက်ရလေတော့သည်။

ဝူးရှိနှင့် နဂါးစိမ်းဝိုဏ်းချုပ်တို့ တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်ကြ၏။

ထို့နောက်...

"ယား..."

ညာသံပေးကာ ပြိုင်တူတိုက်ခိုက်လိုက်ကြလေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်နှင့်

"ဝုန်း..."

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာကာ နှစ်ယောက်စလုံး အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။

ဝူးရှိကော နဂါးစိမ်းဝိုဏ်းချုပ်ပါ အဝေးသို့ လွင့်စဉ်သွားကြကာ မြေပေါ်လဲကျသွားကြလေသည်။

နှစ်ယောက်စလုံး အတန်ကြာ အားယူကြိုးစားပြီးမှ လူးလိမ့်ထလာနိုင်ကြလေသည်။

ဝူးရှိ၏ခန္ဓာကိုယ် ဒယီးဒယိုင် ဖြစ်နေ၏။

နဂါးစိမ်းဝိုဏ်းချုပ်၏ ယာဘက်လက်ကား ခန္ဓာကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်၌ မရှိတော့ပါ။

ဦးရှိသည် သက်ပြင်းချလိုက်၏။

"နဂါးစိမ်းဂိုဏ်းချုပ်ဟာ စန်းတုံးပဲဆိုတာကို ကျုပ် အစောကြီး ရိပ်မိသင့်တယ်... "

သူ၏စကားအဆုံးတွင် နဂါးစိမ်းဂိုဏ်းချုပ်က မျက်နှာပေါ်မှ မျက်နှာဖုံးအတုကို ဖြုတ်ချလိုက်လေသည်။

နဂိုမျက်နှာပေါ်လွင်သောအခါ မင်းသားလေးစန်းတုံး ဖြစ်နေသည်ကို တွေ့ရလေသည်။

စန်းတုံး ခေါင်းညိတ်လိုက်သည်။

"သိုင်းလောကကြီး လှုပ်ရှားလာအောင် လုပ်ရမယ့်လို့ ကျုပ် ပြောခဲ့တာပဲ... "

"နဂါးစိမ်းဂိုဏ်းကို ထူထောင်လိုက်တာဟာ... သိုင်း လောကကြီး လှုပ်ရှားလာအောင် လုပ်လိုက်တာ ဟုတ်လား... "

"ဒါ အမှန်ပဲပေါ့... "

"ဒါဖြင့်... မင်းရဲ့လက်တစ်ဖက်ကကော... "

စန်းတုံး မဲ့ပြုံးပြုံးလိုက်သည်။

"သိုင်းလောကထဲကို ခင်ဗျား ရောက်လာအောင် ကျုပ်က ရင်းနှီးလိုက်တာပေါ့ဗျာ... "

"ဟင်... "

"ကျုပ်ရဲ့လက်တစ်ဖက်ကို ဆုံးရှုံးခံလိုက်ရပေမယ့်... ကျုပ်ဖြစ်စေချင်တဲ့အတိုင်း... ခင်ဗျားဟာ သိုင်းပညာကို လက်တွေ့အသုံးပြုလာခဲ့ရတော့တာပဲ မဟုတ်လား... "

ဦးရှိက စန်းတုံးအား မယုံကြည်နိုင်စွာ ကြည့်နေမိတော့



သည်။

စန်းတုံး၏လုပ်ရပ်သည် စွန့်စားလွန်းရာကျသည် မဟုတ်ပါလား။

"ခုတော့... ကျုပ်ရဲ့ဆန္ဒပြည့်ဝသွားပါပြီ... ခင်ဗျား သိုင်းလောကထဲဆင်းလာရပြီ... သိုင်းပညာကို လက်တွေ့အသုံးပြုနေရပြီ မဟုတ်လား... "

စန်းတုံးက အားရကျေနပ်စွာ ပြောလေသည်။

ဦးရှိ သက်ပြင်းချလိုက်သည်။

"မင်း လက်တစ်ဖက်မဆုံးရှုံးခဲ့ဘူးဆိုရင်... ခုလိုဖြစ်မှာ မဟုတ်ဘူး... "

"ဒါ... အမှန်ပဲ... ကျုပ်က ခင်ဗျားကို အနိုင်ယူနိုင်မှာ သေချာတယ်... ဘာပဲဖြစ်ဖြစ်... ခင်ဗျားရဲ့ပညာဟာ ကျုပ်ထက် မသာဘူးဆိုတာ... လက်တွေ့သိရပြီဆိုတော့... ကျုပ်ကျေနပ်နိုင် ပါတယ်... "

"ဘာပဲဖြစ်ဖြစ်... ခုလို လုပ်ဖို့မသင့်ဘူး... "

"သိုင်းပညာနဲ့ ပတ်သက်လာရင်... လောကပေါ်မှာ ကျုပ်ထက်သာတဲ့လူ မရှိစေရဘူးလို့ ဆုံးဖြတ်ထားတယ်... ခင်ဗျား တစ်ယောက်ပဲ ကျုပ်ကို ယှဉ်နိုင်မယ့်လူရှိတယ်... ခင်ဗျားက သိုင်း ပညာကို လက်တွေ့အသုံးမပြုဘူးဆိုတော့... ခင်ဗျားနဲ့ယှဉ်ပြိုင်ခွင့် ရနိုင်လို့... ခင်ဗျားကို ကျုပ် အမုန်းကြီးမုန်းမိခဲ့တယ်... "

ရုတ်တရက် စန်းတုံး၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွား လေသည်။

"ဝေါ... "

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ထဲမှ သွေးများအန်ထုတ်လိုက်ပြီး မြေပေါ်ဝုန်းခနဲ လဲကျသွားလေသည်။

စန်းတုံးသည် သိုင်းပညာနှင့် ပတ်သက်ပြီး ဝူးရှိအား အမုန်းကြီးမုန်းခဲ့သည်။

အမုန်း၏နိဂုံးကား...

ဒုတိယပိုင်း – စာတ်သိမ်းပြီး၏။

BURMESE CLASSIC

www.burmeseclassic.com